www.burmeseclassic.com

သစ္စာမွန်စာပေ

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

# နိုင်းမဟာ

နာရီ မိနစ် စက္ကန့်တိုင်း




www.burmeseclassic.com

www.burmeseclassic.com

သစ္စာမှန်စာပေတိုက်
ရဲ့
စင်တင်ကလောင်ရှင်

# နှိုင်းစကား

နာရီ မိနစ် စက္ကန့် တိုင်း

(လှုံ့ဆော်စွမ်းအားခွန်းလုံးချင်းဝတ္ထု)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မြန်မာနိုင်ငံ မြောက်ပိုင်း လားရှိုးမြေပေါ်တွင် တရုပ်နိုင်ငံ ကုမ္ပဏီတစ်ခုမှ တူးဖော်တွေ့ရှိသော စိန်တုံးကြီးကို ပြသမည့် ပွဲကို ပြင်ဆင်နေသည်။

ထိုပြင်ဆင်မှုတွင် နယ်မြေလုံခြုံရေးအရာရှိ ဗိုလ်ကြီး ဇင်သော် ဦးစီးပြီး လုံခြုံရေးတာဝန်ကို ယူပေးလေသည်။ စိန်တုံးကြီး ပြသမည့်နေရာမှာ . . . လားရှိုးမြို့၏ အခမ်းနားဆုံး ဟိုတယ်ကြီးတစ်ခုပင် . . .

"ဆရာ ကျော်ဦး . . ."

"အမိန့်ရှိပါ ဗိုလ်ကြီး"

"ဟိုတယ်ရဲ့ ပတ်ဝန်းကျင်ကို လေ့လာပြီးပြီလား . . ."

"ပြီးပါပြီ ဗိုလ်ကြီး . . . မြေပုံအကြမ်းဆွဲပြီး မလစ်လပ် အောင်ပြင်ဆင်ထားပါတယ်"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့အတွက် ဒီပွဲဟာ သိပ်ကိုအရေးကြီးတယ် ဆရာ ကျော်ဦး..စိန်ကြီးကို လိုချင်ကြတဲ့ ဒုစရိုက်အဖွဲ့တွေ ကျွန်တော်တို့နဲ့အနီးဆုံးမှာ ပုံစံမျိုးစုံနဲ့ရောက်နေကြပြီဆိုတာ တော့ သိထားဗျာ..."

"အတင်းအဓမ္မတော့ ဒီကောင်တွေဝင်ပြီး ယူရဲမှာတော့ မဟုတ်ဘူး ဗိုလ်ကြီး..."

"အကြမ်းဖက် လုယက်မှာကို ကျွန်တော်မစိုးရိမ်ပါဘူး တခြားနည်းတွေ အသုံးပြုပြီး အခိုက်ဖမ်းသွားမှာကိုပဲ စိုးရိမ် တာ..."

"ပြပွဲရက်ကို သတ်မှတ်ပြီးပြီလား..."

"မနက်စမယ် ဆရာကျော်ဦး...ရဲဘော်တွေကို ခရီ ကစပြီး သတိအနေအထားပြင်ခိုင်းထား...ညနေကို လား လေဆိပ်ကနေ လုံခြုံရေးတပ်ဖွဲ့ ခြံရံပြီးသယ်လာကြလိမ့်မယ်"

"စိန်ကြီးရဲ့တန်ဖိုးက အရမ်းကြီးလို့လား..."

"ကြီးတယ် ဆရာကျော်ဦး...အနောက်နိုင်ငံကြီးတွေ က အရမ်းကို လိုချင်နေကြတယ်"

"ခု ပိုင်ရှင်က...မရောင်းဘူးလား"

"ဒါတော့ မသိရသေးဘူး...ဒါကလည်း ကိုယ့်ကို မဟုတ်တော့ ပြည့်ပြည့်စုံစုံ မလေ့လာမိပါဘူး၊ ကိုယ့်တာဝန်





ဒီစိန်တုံးကြီးကို ကာကွယ်ပေးဖို့ပဲ...ခုလိုပွဲမျိုးမှာ ဆရာနေရှိန်း တစ်ယောက်မပါတာ အားတအားလျော့နေသလိုပဲ"

"ဟုတ်တယ်ဗိုလ်ကြီး...ဆရာနေရှိန်းဟာ ကျွန်တော် တို့အဖွဲ့မှာ နလုံးရည်ရော လက်ရုံးရည်ပါတော်တဲ့သူဗျာ"

"အင်း...ခက်တာက သူ့ရှေ့မှာ မတရားတာတွေ့ရင် မနေတတ်လို့ စိတ်လိုက်မာန်ပါလုပ်မိတော့ အပြစ်ဒဏ်ခံရတာ ပေါ့..."

"သူ့ကိုအချုပ် ဘယ်လောက်ချထားလဲ ဗိုလ်ကြီး"

"(၃)လတည်းပါ...သူ့ရဲ့စွမ်းဆောင်ချက်တွေက တပ်ဖွဲ့ထဲမှာ အများကြီးဆိုတော့ သက်သက်ညှာညှာ အပြစ် ပေးထားတာ...ဒါမှ တစ်ဖက်အနေနဲ့ ကျေနပ်မှာပေါ့"

"ဒီတုန်းက ဆရာနေရှိန်းဘက်က မလွန်ပါဘူး"

"မလွန်တာတော့ ဟုတ်ပါတယ်...ဒါပေမယ့် ဝန်ထမ်း ဆိုတာ အရပ်သားနဲ့ ဘယ်လိုပုံစံပဲ ပဋိပက္ခဖြစ်ဖြစ် လက်လွန် ခြေလွန်အထိ မလုပ်ရဘူးမဟုတ်လား...ဆရာနေရှိန်းက တစ်ဖက်ရဲ့မတရားမှုကို စိတ်မချုပ်တည်းနိုင်ဘဲ ထိုးကြိတ်လိုက် တော့ ဟိုကောင်မျက်လုံးတစ်ဖက်ကွယ်မလို ဖြစ်သွားတယ်... ဒါကြောင့်တပ်မှူးက တပ်ဖွဲ့ဥပဒေအတိုင်း အပြစ်ဒဏ်ပေး တာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တုန်းက ဆရာနေရှိင်း အပြင်ကနေ တပ်ကို ပြန်လာချိန် လမ်းတွင်မိန်းကလေးတစ်ဦးကို အရက်သမား (၃)ယောက်မှ အတင်းဆွဲလွှဲနေသည်ကို ဖြေရှင်းရင်း . . . ဆရာနေရှိင်း လက်လွန်ခဲ့ရခြင်းဖြစ်သည်။

“ကဲ . . .ဆရာကျော်ဦး . . .ကျွန်တော်ရဲချုပ်ကြီးဆီကို သတင်းသွားပြီးပို့ဦးမယ် . . .”

“ဟုတ်ကဲ့ဗိုလ်ကြီး . . .”

ဗိုလ်ကြီးဇင်သော် . . .တပ်မှ ကားလေးဖြင့် ဟိုတယ် ဝန်းထဲမှ မောင်းထွက်ခဲ့ရင်းစိတ်ထဲမှာ လေးလံနေသည်။

စိန်တုံးကြီးကို အရယူဖို့ ကြိုးစားနေသူတွေက . အတွင်း အပြင်မှာ ရှိနေခြင်းကြောင့် ကိုယ့်ဘက်မှတစ်ချက် လေးပေါ့လျော့သွားသည်နှင့် . . .စိန်တုံးကြီး ဒုစရိုက်သမားတွေ လက်ထဲ ကို ရောက်သွားမှာ သေချာလေပြီ။

နယ်မြေလုံခြုံရေး ရုံးခန်းနေရာနှင့် ပြပွဲလုပ်မည့် ဟိုတယ် မှာ သိပ်ပြီးမဝေးလှပေ . . .ကားနှင့်သွားလျှင် မိနစ်ပိုင်းလောက် မောင်းရုံနှင့် ရောက်နိုင်သောကြောင့် . . .ရဲချုပ်ကြီးကိုယ်တိုင် အနီးကပ်ကွပ်ကဲမှာဖြစ်၏။

ရဲချုပ်ကြီးရုံးခန်းရှေ့တွင် ကားရပ်လိုက်သည်နှင့် . . .

“ဗိုလ်ကြီး အတော်ပဲ . . .ရဲချုပ်က ခုလေးတင် ခေါ်ခိုင်း





နေတာ”

“ရဲချုပ် . . .အခန်းထဲမှာလား”

“ဟုတ်ကဲ့ ဗိုလ်ကြီး . . .ဧည့်သည်တွေပါ ရှိနေတယ်၊ ဝင်သွားလိုက်ပါ”

ဗိုလ်ကြီးဇင်သော် ခေါင်းညိတ်ပြပြီး . . .ရဲချုပ်ကြီး အခန်းထဲသို့ ဝင်လိုက်ကာ အရိုအသေပေးလိုက်သည်။

“ဗိုလ်ကြီး ဇင်သော် . . .ထိုင်ပါ”

“ဟုတ်ကဲ့ . . .”

“သူ့နာမည်က ဦးစိန်ဘွားလို့ခေါ်တယ် . . .ခု ပြသမယ့် စိန်ကြီးကို တစ်ဝက်ပိုင်ဆိုင်တဲ့ ပိုင်ရှင်တစ်ဦး”

“ဟုတ်ကဲ့ . . .ကျွန်တော်ဇင်သော်ပါ”

“တွေ့ရတာ ဝမ်းသာပါတယ်ဗိုလ်ကြီး . . .သူတို့ကတော့ အန်ကယ့်ရဲ့ လူယုံတွေပါ . . .နဂါးညီနောင်လို့ခေါ်ပါတယ်”

ဦးစိန်ဘွား . . .သူ့တပည့်(၂)ယောက်နှင့် မိတ်ဆက်ပေးပြီးနောက် . . .

“ဒီစိန်ကြီးနဲ့ပတ်သက်ပြီး . . .သတင်းတစ်ခု နိုင်နိုင်လုံလုံရလာလို့ ရဲချုပ်ကြီးဆီကို သတင်းလာပို့တာပါ”

“ဘယ်လိုသတင်းမျိုးလဲ အန်ကယ်”

“နဂါးနီ . . .ဗိုလ်ကြီးကို မင်းရခဲ့တဲ့သတင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်. . .”

“ဟုတ်ကဲ့ . . .ဒီလိုပါ ဗိုလ်ကြီး၊ ရခဲ့တဲ့သတင်းက တရုပ်ပြည်ယူနန်နယ်ထဲကပါ . . .ရွှေရောင်ပန်းဆိုတဲ့အဖွဲ့က စိန်ကြီးကို အရယူပေးမယ်ဆိုပြီး၊ လက်နက်မှောင်ခိုအဖွဲ့ကြီး ဆီက ငွေတောင်းယူပြီးပြီ. . .”

“လက်နက်မှောင်ခိုအဖွဲ့ဆိုတာ. . .ကျွန်တော်တို့နိုင်ငံ ထဲကလား. . .”

“မဟုတ်ဘူး ဗိုလ်ကြီး. . .အနောက်နိုင်ငံတစ်ခုကပါ၊ လက်နက်ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးနဲ့ အဆက်အသွယ်ရှိတဲ့ မှောင်ခိုဂိုဏ်းပါ”

“ရွှေရောင်ပန်းအဖွဲ့ကရော. . .ဘယ်နိုင်ငံကလဲ”

“မြန်မာနိုင်ငံသားတွေနဲ့ တရုပ်ပြည်ထဲက ဒုစရိုက်သမား တွေပေါင်းပြီး. . .ဖွဲ့စည်းထားတာပါ”

“ခင်ဗျားရတဲ့သတင်းက ခိုင်လုံရဲ့လား. . .”

“လုံးဝ ခိုင်လုံပါတယ်. . .ယူနန်နယ်မှာရှိတဲ့ ကျွန်တော့် မိတ်ဆွေတစ်ဦးဆီက ရခဲ့တဲ့သတင်းပါ. . .”

“ကျေးဇူးတင်ပါတယ် နဂါးနီ. .ကိုယ့်ဘက်က စိန်ကြီး မပါသွားအောင်တော့ ကာကွယ်ရမှာပေါ့”

“ဗိုလ်ကြီးဇင်သော်. . .”





“ဟုတ်ကဲ့. . .အမိန့်ရှိပါ ရဲချုပ်ကြီး”

“ငါ အရေးပေါ်ကိစ္စတစ်ခုနဲ့ အစည်းအဝေးသွားရ မယ် . . .ခုပြပွဲနဲ့ပတ်သက်ပြီး၊ ဗိုလ်ကြီးဇင်သော်ကိုယ်တိုင် ကွပ်ကဲပြီး ဆောင်ရွက်ပါလို့ တာဝန်ပေးခဲ့မယ်. . .”

“စိတ်ချပါ. . .ရဲချုပ်ကြီး”

“ဗိုလ်ကြီးဇင်သော်တို့နဲ့တွဲပြီး. . .သက်ဆိုင်ရာလုံခြုံရေး တပ်ဖွဲ့ဝင်တွေက အနီးကပ်ပူးပေါင်းဆောင်ရွက်ပါလိမ့်မယ်၊ သူတို့နဲ့ ဆက်သွယ်ဆောင်ရွက်ပါ. . .”

“ဟုတ်ကဲ့. . .”

ရဲချုပ်ကြီးနှင့် ဦးစိန်ဘွားနှင့် တပည့်နှစ်ယောက်ကို အပြင်သို့လိုက်ပို့ပေးပြီး . . .တပ်တွင်းအချုပ်ခန်းထဲမှ ဆရာ နေရှင်းအတွက် စီးကရက်သွားပေးရန် ထွက်ခဲ့တော့သည်။

“ဟူး. . .”

ဗိုလ်ကြီးဇင်သော် ပခုံးထက်သို့ အကြီးမားဆုံးတာဝန် ကြီးတစ်ခုက ရောက်ရှိလာလေ. . .ဆရာနေရှင်းကို သတိရ လေဖြစ်မိသည်။ ဗိုလ်ကြီးဇင်သော်တာဝန်ယူခဲ့ရသော စွန့်စား မှုများတွင် ဆရာနေရှင်း၏အခန်းကဏ္ဍသည် အဓိကကျဆုံး ပါဝင်ခဲ့သည် မဟုတ်လား. . .။



www.burmeseclassic.com

www.burmeseclassic.com

စိန်ပြပွဲ၏ ဒုတိယနေ့ထိ ထူးခြားသောလှုပ်ရှားမှုတွေ ကို မတွေ့ရသေးပေ. . .ပြပွဲကို လာရောက်ကြည့်ရှုသူများမှာ နိုင်ငံခြားသားများ အများဆုံးဖြစ်ပြီး၊ ပြည်တွင်းကုန်သည်ကြီ တွေထဲမှ တစ်ယောက်စနှစ်ယောက်စလောက်သာ လာကြသည်

စိန်တုံးကြီးကို တစ်ဝက်ပိုင်ဆိုင်သော ဦးစိန်ဘွားက လွဲပြီး. . .ကျန်ပိုင်ရှင်ဖြစ်သော တရုပ်လူမျိုး မော်ဂူလျှံဆိုသ ကို (၃)ရက်မြောက်သည့်နေ့ထိ မတွေ့ရသေးပေ။ ဟိုတယ်ထဲသ ကားနက်တစ်စီး မောင်းဝင်လာသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ကားကိုရပ်နိုင်းပြီး စစ်ဆေးမှုတွေကို ပြုလုပ်နေစဉ်. . .

"ဗိုလ်ကြီးဇင်သော်. . .ခုလာတဲ့သူက စိန်တုံးကြီးကိ ပိုင်ဆိုင်တဲ့ သူဌေးကြီး မော်ဂူလျှံရဲ့အတွင်းရေးမှူးမလေးပ





နန်းစီစီခမ်းလို့ ခေါ်ပါတယ်. . ."

ဦးစိန်ထွားမှ ဗိုလ်ကြီးဇင်သော်ကို အနားမှာရပ်ပြီး ပြောလိုက်၍. . .ရှာဖွေမှုတွေကို ရပ်ဆိုင်းပြီး ဝင်ခွင့်ပြုလိုက် သည်။

"နန်းစီစီခမ်း. . .လျှံက ဘာမှာလိုက်သေးလဲ"

"အန်ကယ်စိန် . . .ဘော့စ်က စိန်တုံးကြီးပြပွဲမှာ တရုပ်ပြည်ရဲ့ အထူးလက်ရာ စိန်ပန်းခိုင်ကို ပြသဖို့လွှတ်လိုက် တာပါ. . ."

"ကောင်းတာပေါ့. . .ဘယ်မှာလဲ"

"ကားထဲမှာပါ. . .ယူခွင့်ပြုမှ ယူရမှာပေါ့အန်ကယ်"

"ဗိုလ်ကြီး. . ."

"ပြဖို့အတွက် ယူလာမှတော့. . .ခွင့်ပြုပါတယ်"

"ကျေးဇူးတင်ပါတယ်"

ကတ္တီပါ ယွန်းသေတ္တာကြီးနှင့် သပ်သပ်ရပ်ရပ်ထည့် ထားသော စိန်ပန်းခိုင်ကြီးကို စိန်တုံးကြီးကိုကာထားသော. . မှန်ရေ့တွင် သီးသန့်စားပွဲလေးဖြင့် တင်ထားပြသထားသည်။

စိန်တုံးကြီးပြပွဲ သိမ်းရန်(၂)နာရီ အလိုလောက်တွင် တခြားသော စိန်တွေကို ဝယ်သူတွေနှင့်လူနည်းနည်း ရှုပ်ထွေး နေသောကြောင့် ဗိုလ်ကြီးဇင်သော်နှင့်တပ်ဖွဲ့ဝင်တွေ အထူးသတိ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး စောင့်ကြည့်နေကြစဉ်...

"ရှူး..."

"ဟင်...အားလုံးသတိ"

စိန်တုံးကြီးပြသထားသော ခန်းမကြီးထဲမှ လျှပ်စစ်မီးတွေ...ရှော့ဖြစ်သွားသောကြောင့် ဗိုလ်ကြီးဇင်သော် သူ့ရဲဘော်တွေကို အသင့်ပြင်ခိုင်းလိုက်သည်။

"ဖြောင်း...ရှဲ..."

ခန်းမထဲတွင် ရှိသည့်လူတွေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတော့သည်။

"ဆရာကျော်ဦး...အပေါက်ဝတွေမှာ တပ်ဖွဲ့တွေချထားလိုက်တော့"

"ဟုတ်ကဲ့..."

အခန်းကြီးထဲတွင် ဝါယာရှော့ဖြစ်ပြီး...မီးလောင်နေသောကြောင့် မီးသတ်တပ်ဖွဲ့ဝင်တွေနှင့် လျှပ်စစ်သမားတွေ မီးငြိမ်းသတ်မှုလုပ်ကိုင်နေစဉ်မှာပင်...

"ဝုန်း..."

"ဟာ..."

ပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာပြီးနောက်... အခန်းတစ်ခုလုံး မီးခိုးမှိုင်းတွေ လွှမ်းခြုံသွားတော့သည်။





"မီးမောင်းတွေ ထွန်း..."

"ဂျောက်..."

အသင့် ရှိထားသော မီးမောင်းတွေကို ထွန်းလိုက်သည့်အခါ..."

"ခွမ်း...ခွမ်း..."

သေနတ်သံတွေ ပေါ်ထွက်လာပြီး ပစ်ခတ်မှုများ စတင်ဖြစ်ပွားလေသည်။

"ဗိုလ်ကြီးသတိထား..."

"ဒိုင်း..."

"အား..."

"ဗိုလ်ကြီး...ဗိုလ်ကြီး"

ဆရာကျော်ဦး သတိပေးနေသည့်ကြားမှ...ဗိုလ်ကြီးဇင်သော်ရင်ဝဆီသို့ သေနတ်ကျည်ဆံထိမှန်သွားပြီး...သေနတ်သံတွေ တိတ်ဆိတ်သွားခဲ့တော့သည်။

အခန်းထဲမှ မီးတွေအားလုံး ပြန်လည်လင်းခဲ့ပြီး...အကြမ်းဖက် သေနတ်သမား အလောင်း(၃)လောင်းကျန်ခဲ့ပြီး မိမိတပ်ဖွဲ့ဝင်(၂)ဦး ဒဏ်ရာရခဲ့သည်။

"ဗိုလ်ကြီး..."

"ဆရာကျော်ဦး...စိန်တုံးကြီးအခြေအနေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် ဗိုလ်ကြီး"

ဗိုလ်ကြီးဇင်သော်ကို ဆေးရုံသို့ပို့ရန် ပြင်ဆင်ကာ.. ရောက်ရှိလာသော ဆေးရုံကားပေါ်သို့ တင်ဆောင်ခဲ့လေသည်။ စိန်တုံးကြီးမပါသွားသည်ကို သိလိုက်ရမှသာ . . .ဗိုလ်ကြီး ဇင်သော် စိတ်လျှော့ချလိုက်သည်နှင့် လောကကြီးတစ်ခုလုံး အမှောင်ဖုံးလွှမ်းသွားလေတော့သည်။

## အခန်း ( ၁ )

ဗိုလ်ကြီးဇင်သော် ဆေးရုံမှပြန်ပြီးဆင်းသည့်နေ့တွင် ရဲချုပ်ကြီး၏အရေးပေါ်အစည်းအဝေးကို တက်ခဲ့ရသည်။

အစည်းအဝေးခန်းမထဲတွင် စိန်တုံးကြီးပြပွဲတုန်းက ပူးပေါင်းတာဝန်ယူခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူတွေပါ တက်ရောက်ကြသည်။

"ဗိုလ်ကြီးဇင်သော် ထိုင်ပါ...ဒဏ်ရာရော သက်သာရဲ့လား..."

"ဟုတ်ကဲ့...သက်သာပါတယ် ရဲချုပ်ကြီး"

"အားလုံးစုံပြီဆိုရင်တော့ ပြောစရာရှိတာကို စပြီးပြောပါမယ်...စိန်တုံးကြီးပြပွဲတုန်းက တာဝန်ကျေစွာ ဆောင်ရွက်ခဲ့ကြတဲ့သူတွေကို လေးစားဂုဏ်ယူပါတယ် . . .ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ခုပြဿနာကတော့ စိန်တုံးကြီးဟာ အစစ်မဟုတ်တော့ဘဲ... အတုကြီးဖြစ်နေတယ်လို့ အကြောင်းပြန်တယ်"

"ဟင်..."

"ဟာ..."

တက်ရောက်လာသူအားလုံး အံ့အားသင့်ကုန်သည်။

"စိန်တုံးကြီးဟာ ဘယ်လိုကြောင့်အစစ်ကနေ အတု ဖြစ်သွားသလဲဆိုတာတော့ စဉ်းစားလို့မရနိုင်ပါဘူး...သယ် ဆောင်လာစဉ်က တာဝန်ရှိတဲ့ဦးစိန်ဘွားကတော့ သူတို့သယ် ယူလာတဲ့ စိန်တုံးကြီးဟာ အစစ်ဆိုတာကို ခိုင်လုံတဲ့သက်သေ တွေနဲ့ ပြောဆိုနေတဲ့အပြင်...စိန်တုံးကြီးပြပွဲမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုမှာ စိန်တုံးကြီးကို အလဲအလှယ်လုပ်သွားတယ် လို့ ယူဆထားကြတယ်..."

ရဲချုပ်ကြီး သူ့စကားကို ခဏရပ်ပြီးမှ...

"ဒီအတွက် တာဝန်ယူထားကြတဲ့ သူတွေအနေနဲ့.. ဘယ်လိုဖြေရှင်းချင်သလဲဆိုတာကို သိချင်ပါတယ်..."

ခန်းမတစ်ခုလုံး စကားသံတိတ်ဆိတ်သွားပြီးနောက် ကွပ်ကဲရေးတာဝန်ယူထားသူ...ဗိုလ်ကြီးဇင်သော်မှ...

"ရဲချုပ်ကြီး တောင်းတဲ့ရှင်းလင်းချက်ကို..ခုချက်ချင်း ကြီး တင်ပြနိုင်ဖို့ မလွယ်လှပါဘူး။ ကျွန်တော့်ကို အချိန်ပေး





စေချင်ပါတယ်..."

"ကောင်းပြီ ဗိုလ်ကြီးဇင်ယော်...ငါ့ကိုလည်း အထက် လူကြီးတွေက အဖြစ်မှန်ဖော်ထုတ်ပေးဖို့ ရက်ပေါင်း(၉၀) အချိန် ပေးလိုက်တယ်...ဒီတော့ ဗိုလ်ကြီးဇင်သော်အနေနဲ့ ရက် ပေါင်း(၉၀)အတွင်းမှာ တိကျတဲ့အဖြေတစ်ခုကို ပေးနိုင်ဖို့ကြိုး စားပါ..."

"ဟုတ်ကဲ့..."

"ကျန်တဲ့သူတွေရော...ဘာများတင်ပြစရာရှိသေးလဲ"

"မရှိပါဘူး..."

"ဒါဖြင့်ရင်...ဗိုလ်ကြီးဇင်သော်နဲ့အတူ အဖြစ်မှန်ကို ပူးပေါင်းဖော်ထုတ်ကြပါလို့ နောက်ဆုံးပြောချင်ပါတယ်"

အစည်းအဝေး ရုပ်သိမ်းပြီး...ရဲချုပ်ကြီးနှင့်တက် ရောက်လာသူအားလုံး အသီးသီးအခန်းထဲမှ ထွက်သွားပေ မယ့်..ဗိုလ်ကြီးဇင်သော်နှင့် နယ်မြေလုံခြုံရေးတပ်မှူးတို့ မထွက်သေးဘဲ ထိုင်နေကြစဉ် တပ်မှူးမှ...

"ဗိုလ်ကြီးဇင်သော် ဘာများပြောစရာရှိလို့လဲ..."

"တပ်မှူးဆီက တောင်းဆိုချင်တာတစ်ခု ရှိပါတယ်"

"ဘာများလဲ...ပြောပါ"

"ခုဖြစ်ပွားခဲ့တဲ့ကိစ္စကို ဖော်ထုတ်နိုင်ဖို့အတွက် အရေး



www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့လူတစ်ယောက်ကို တာဝန်ပေးချင်ပါတယ်"

"ဗိုလ်ကြီးဇင်သော်ပြောတဲ့ အရေးပါတဲ့လူဆိုတာ... ဆရာနေရိုင်း မဟုတ်လား..."

"ဟုတ်ပါတယ် တပ်မှူး"

"ငါလည်း ဒါကိုစဥ်းစားမိတယ်...တိုင်းပြည်ရဲ့ဂုဏ် သိက္ခာနဲ့ သက်ဆိုင်တဲ့ဖြစ်ရပ်ကြီးဖြစ်နေတော့ အပြစ်ဒဏ်ကို လျှော့ပေါ့ပေးရမှာပေါ့...ဗိုလ်ကြီးဇင်သော် ဆရာနေရိုင်း အတွက် အာမခံလက်မှတ်ထိုးပြီး အချုပ်ထဲက ခေါ်ထုတ်နိုင် ပါပြီ..."

"ကျေးဇူးတင်ပါတယ် တပ်မှူး..."

တပ်မှူး၏အပြစ်ဒဏ်ရုပ်သိမ်းကြောင်း အမိန့်စာပေါ် တွင်...ဗိုလ်ကြီးဇင်သော် ဆရာနေရိုင်းအတွက် အာမခံ လက်မှတ်ထိုးပြီး...တပ်အချုပ်မှ တာဝန်မှူးဆီသို့ သွက်လက် သော ခြေလှမ်းတို့နှင့် လာခဲ့လေသည်။

အချုပ် တာဝန်မှူးရုံးခန်းသို့ ရောက်တော့...

"ဗိုလ်ကြီး...ဒဏ်ရာသက်သာပြီလား"

"သက်သာသွားပါပြီ...ကျည်ဆံက သဘောကောင်း[illegible]နှင့် နံကြားမှာ ညပ်သွားတာ..."

"တော်သေးတာပေါ့ ဗိုလ်ကြီးရယ်...ဘာလဲ တပ[illegible]





ကျော်ကို လာပြီးတွေ့တာလား"

"တွေ့ဖို့မဟုတ်ဘူး...တစ်ခါတည်းခေါ်ထုတ်ဖို့လာတာ၊ ဒီမှာ...တပ်မှူးရဲ့လွှတ်မိန့်"

"ဝမ်းသာစရာပေါ့ ဗိုလ်ကြီးရယ်...ကျွန်တော်တို့တပ်မှာ ဆရာနေရိုင်းလိုလူက ခုလိုပွဲမျိုးမှာ အရမ်းလိုအပ်တာ.. ရဲဘော်ဖိုးထွေး မင်းဆရာနေရိုင်းကို အချုပ်ထဲက ထုတ်လိုက် တော့..."

"တကယ်ပြောတာလား...ဆရာကြီး"

"ဟာကွာ...ဒါက နောက်စရာလား...သွားခေါ် ထုတ်တော့"

နေရိုင်းကို တစ်တပ်လုံးက ချစ်ကြခင်ကြသူများသည်။ ခုလိုပွဲ မလွဲသာလို့ ချုပ်ထားရပေမယ့်...ဘယ်သူမှ စိတ် မကောင်းကြပေ။

"ဆရာ...ဆရာ နေရိုင်း"

"ဘာလဲ ဖိုးထွေး..."

နေရိုင်းနှင့်အတူ အချုပ်ကျနေသော...ဆရာကျော်လု ကျားထိုးနေရင်း ဖိုးထွေးခေါ်သံကို ထူးလိုက်သည်။

"ဆရာ့ကို လွှတ်လိုက်ပြီ"

"ဟုတ်လား...ကောင်း အရေးပေါ်တာဝန်ရှိလာပြီနဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပါယ်"

"သေချာသလောက်ပဲ...ဆရာ"

"ဒါဆို ခဏလေးကွာ..."

"ဘာလုပ်မလို့လဲ..."

"ဒီမှာ...နောက်ဆုံးပွဲသိမ်းလေး ရွှေ့လိုက်ဦးမယ်"

"ဆရာကတော့ လုပ်ပြီ..."

"ဆရာကျော်လှ ပွဲကပြီးသွားပြီနော်...သွားဦးမယ်"

"ဟာဗျာ...ကျုပ်တစ်ယောက်တည်း ပျင်းကျန်ရစ်တော့မယ်...တင်မှူးက လွှတ်တဲ့ထဲမှာ ကျုပ်နာမည်မပါဘူးလား ဖိုးထွေး..."

"ဆရာကျော်လှကို လွှတ်မယ်တဲ့...ဆရာကျော်ဇနီးဘက်က ခွင့်လွှတ်ကျေအေးမှတဲ့..."

"ဟာ...ဒါဆိုရင်တော့ သွားပြီဟေ့၊ မိန်းမက ငါ့အချုပ်ထဲမှာ တစ်သက်လုံးနေစေချင်တာကွ...ဟူး..."

တပ်ထဲတွင် အရက်မူးပြီး မိန်းမဖြစ်သူနှင့် ရန်ဖြစ်သောကြောင့် တပ်တွင်းအချုပ်ထဲကို ဆရာကျော်လှ ရောက်ခြင်းပင်ဖြစ်သည်။

"ဆရာနေရှိန်း..."

"ဘာလဲဗျ"





"ဟို...ဟို...အိမ်က မိန်းမကို ပြောပေးပါဗျာ...ဆရာနေရှိန်းပြောရင် သူကနားဝင်တယ်"

"ကျုပ်က ဘာပြောရမှာလဲ..."

"မောင်မှားပါပြီ မေရယ်...နောင်အရက်မသောက်တော့ပါဘူးလို့"

"ဟား...ဟား...ဟား..."

ဆရာကျော်လှစကားကို ဝိုင်းပြီးရယ်ကြကာ ထွက်လာခဲ့ကြတော့သည်။

"ဆရာ နေရှိန်း..."

"ဗိုလ်ကြီးသတင်းကို ကျွန်တော်ကြားပါတယ်..."

"မသေလို့ ဆရာနေရှိန်းနဲ့ ပြန်ပြီးတွေ့ရတာပေါ့ကွာ ခု...အရေးပေါ်ကိစ္စက ပေါ်လာပြန်ပြီ ဆရာနေရှိန်း"

"တပ်မှူးက...ခုလို အပြစ်ကို လျှော့ပေါ့ပေးကတည်းက တစ်ခုခုဆိုတာတော့ သိလိုက်ပါတယ်၊ စည်းကမ်းပိုင်းကျရင်...တပ်မှူးက ဘယ်လောက်ပဲ ပုဂ္ဂိုလ်ရေးခင်တွယ်တွယ် လျှော့ပေါ့တယ်ဆိုတာ မရှိခဲ့ဘူး...ခုကိစ္စ သိပ်ကိုအရေးကြီးလို့ပဲ ဖြစ်မယ်..."

"သေချာတာပေါ့ ဆရာနေရှိန်းရယ်...ဒီနေ့တော့ နားနားနေနေ နေလိုက်ပါဦး...မနက်ကျမှ စကားပြောကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ငါတပည့်ကြီး စိတ်လန်းဆန်းသွားအောင် အရင်
လုပ်လိုက်ဦး...''

''ကောင်းပါပြီ ဗိုလ်ကြီး...''

ဗိုလ်ကြီးဇင်သော် . . .ဆရာနေရှိင်းပခုံးလေးကို
ငယ်ပေါင်းသူငယ်ချင်းတစ်ယောက်သဖွယ် ဖက်ပြီးထွက်လာခဲ့
ကြတော့၏။

အခန်း ◀ ၂ ▶

ဗိုလ်ကြီးဇင်သော် အကြောင်းစုံအခြေအနေကို ပြော
ပြလိုက်သည်ကို...နေရှိင်း သေချာနားထောင်လျက်...

''ဆရာနေရှိင်းရေ...စိန်တုံးကြီး အပြောင်းအလဲကိစ္စ
ဟာ ဘယ်လိုမှစဉ်းစားလို့တော့ မရဘူး...ကျုပ်တို့ဘက်က
လစ်လပ်သွားတဲ့အချက်တွေ ရှိနေမလားဘဲ''

''ရှိတယ်...ဗိုလ်ကြီး''

''ဘာ...ဘယ်နေရာမှာ လစ်လပ်သွားတာလဲ''

''ကျွန်တော့်အမြင်အရဆောာ့ စိန်ပန်းခိုင်ကြီးကို သေသေ
ချာချာမစစ်ဆေးဘဲ ထားခွင့်ပြုလိုက်ခြင်းဟာ...ခန်းမထဲမှာ
ပေါက်ကွဲမှု ဖြစ်စေခဲ့တာပဲ''

''ဟာ...ဟုတ်တယ်၊ ဒါဆို...လာပို့တဲ့မော်ဂူလျှံရဲ့
အတွင်းရေးမှူးမလေးဟာ သံသယပစ်မှတ်ပေါ့...''



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်...နောက်သံသယပစ်မှတ်က ဦးစိန်ဘွား
ပဲ"

"ဟင်...ဘာလို့"

"နန်းစီစီခမ်းကို...ခွင့်ပြုချက်ရအောင် သူကလမ်း
ကြောင်း ဖွင့်ပေးခဲ့တာ မဟုတ်လား"

"ဟုတ်တယ် ဆရာနေရှိုင်း...ပုဂ္ဂိုလ်ရေးဘက်ကနေ
ကျုပ်ရဲ့ သတိလစ်ဟင်းမှုလို့ ဆိုရမှာပေါ့...သူက စိန်တုံးကြီး
ကို ထက်ဝက်ပိုင်ဆိုင်သူဆိုပြီး မထင်မှတ်လိုက်တာပါ"

"ဒါမျိုးက အဖြစ်နိုင်ဆုံးကိစ္စပဲ...နောက်ဆုံး သံသယ
တစ်ခုက ဟိုတယ်ကြီး"

"ဘာ...ဟိုတယ်ကြီး"

"ခန်းမထဲကို လက်နက်ကိုင်အကြမ်းဖက်သမားတွေ
အလွယ်တကူ ဝင်လာနိုင်အောင်...ဟိုတယ်ကြီးရဲ့အကူအည
မပါဘဲ ဘယ်လိုမှဝင်လို့မရဘူး...လွတ်မြောက်သွားတဲ့
သေနတ်သမားတွေက ဒီလောက်ပိတ်ဆို့ထားတဲ့ နေရာထဲမှ
ဒီနေရာက မထွက်ဘဲ...ဘယ်နေရာက ထွက်ခဲ့လဲဆိုတာ
ရှင်းနေတာပဲ..."

"ဆရာနေရှိုင်း ပြောတာတွေဟာ...ကျုပ်သတိမထား
မိတဲ့ အချက်တွေပဲ၊ ဆရာနေရှိုင်း...ဘယ်က စပြီးလှုပ်ရှားမလဲ





ရက်ပေါင်း(၉၀)ပဲ အချိန်ရတယ် ဆရာနေရှိုင်း"

"အစွမ်းကုန် ကြိုးစားကြတာပေါ့ ဗိုလ်ကြီး...ခု
ဟိုတယ်ကို အရင်သွားပြီးလေ့လာကြမယ်"

"ကောင်းပြီ သွားစို့..."

နေရှိုင်း ကားမောင်းပြီး...ဘေးမှဗိုလ်ကြီးဇင်သော်
လိုက်ပါလာခဲ့သည်။

"ဟိုတယ်ပိုင်ရှင်က...ဦးစိုင်းခမ်းနောင် မဟုတ်လား"

"ဟုတ်တယ် နေရှိုင်း...သူက လားရှိုးမှာ မနေဘူး၊
ကျောက်ကပ်ကုဖို့ စင်္ကာပူမှာရောက်နေတာ (၁)နှစ်ကျော်
ရှိပြီ..."

"လက်ရှိ ဟိုတယ်ကိုဦးစီးနေတာ...သျှင်ထန်မဟုတ်
လား..."

"ဟုတ်တယ်..."

"သျှင်ထန် နောက်ကြောင်းကို သိချင်တယ်ဗိုလ်ကြီး"

"ဒါဆိုရင်တော့ ခက်မယ်...သျှင်ထန် ဟိုတယ်ကို
ရောက်တာ မကြာသေးဘူး၊ ပထမမန်နေဂျာ ကားမှောက်ပြီး
ဆုံးသွားမှ ရောက်ခဲ့တာ...သူ့ နောက်ကြောင်းလိုက်ဖို့တော့
ကြိုးစားရမယ်...နေရှိုင်း သျှင်ထန်ကို သံသယဖြစ်နေလို့
လား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတယ် အခြေအနေကို လေ့လာပြီးရင်တော့... သျှင်ထန်ပေါ်မှာ ဆုံးဖြတ်ချက်ချလို့ ရပါပြီဗိုလ်ကြီး..."

"သျှင်ထန်က...အရင်မန်နေဂျာမျိုးနိုင်သက်နဲ့တော့ မတူဘူး။ သျှင်ထန် မန်နေဂျာဖြစ်ပြီးမှ ဟိုတယ်က အရမ်းကို တိုးတက်လာတယ်...အလုပ်သမားတွေပေါ်မှာ ဆက်ဆံရေး ပိုင်းလည်း အရမ်းကောင်းတယ်...လူမှုရေး ဘာသာရေးပိုင်းမှာ လည်း ကောင်းတယ်"

"ဒါကြောင့်လည်း သျှင်ထန်ပေါ်မှာ...ချက်ချင်းအဖြေ မပေးသေးတာပါ"

ဟိုတယ်ဝန်းထဲသို့ ကားလေးမောင်းဝင်လာသည်နှင့် မန်နေဂျာသျှင်ထန်ထွက်ပြီး ကြိုလေသည်။

"လာဗျာ...ဗိုလ်ကြီးဆေးရုံက ဆင်းတဲ့သတင်းကြားလို့ တပ်ထဲလာပြီး သတင်းမေးဖို့တောင် ပြင်နေတာ..."

"ကျေးဇူးတင်ပါတယ်"

"ဆရာနေရိုင်းလည်း ပါလာတာကိုး...ဟောကောင် တွေ စားဖို့တစ်ခုခုပြင်ထားကွာ"

"နေပါစေ...သျှင်ထန်"

"လုပ်ပါဗျာ...မိတ်ဆွေသူငယ်ချင်းလို သဘောနဲ့ပါ မစားချင်လည်း တစ်ခုခုသောက်..."





"အအေးသောက်ပဲ တော်ပါပြီ..."

"ဟိုတယ်ကို သက်သက်လာတာလား..."

"ဟုတ်တယ်...ပြပွဲနေရာကို လာပြီးစစ်ဆေးတာပါ"

ဟိုတယ် စားပွဲဝိုင်းတွင်ထိုင်ပြီး..သျှင်ထန်ညွှန်ခဲ့သော အအေးကိုသောက်နေစဉ်...

"ဆရာ သျှင်ထန်...ဖုန်းလာတယ်"

"အေး...အေး...ခဏလေးနော် ဗိုလ်ကြီး"

"ရပါတယ်"

သျှင်ထန် ဖုန်းစကားပြောပြီး၊ သူတို့ဝိုင်းသို့ ပြန်လာကာ...

"ဗိုလ်ကြီးတို့ကို လူကိုယ်တိုင်ညွှန်မခံနိုင်တာကို ခွင့် လွှတ်ပါ...ကိစ္စလေးပေါ်လာလို့ သွားခွင့်ပြုပါဦး၊ ကျွန်တော့် ကိုယ်စား စိုင်းဝေါကောရှိပါတယ်...လိုအပ်တာ သူ့ကိုပြော ပါ"

"သျှင်ထန် သွားစရာရှိတာသွားပါ...ကျွန်တော်တို့ ပြခန်းဘက်သွားကြည့်ပြီး ပြန်မှာပါ"

သျှင်ထန် ထွက်သွားသည်နှင့် နေရိုင်းကောင်တာဘက် ဆီကို လျှောက်ကာ...စိုင်းဝေါကောနားရောက်တော့...

"စိုင်း...မင်းတို့ဟိုတယ်မှာ ယောကျ်ားလေးဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှစ်ယောက်ထားလဲ...”

“နေ့ဆိုင်း ညဆိုင်းဆိုရင်...(၁၂)ယောက်လောက် ထားတယ်ဆရာ”

“ဪ...ခု လုပ်နေတဲ့ သူတွေက အရင်တည်းက လူဟောင်းတွေလား...”

“ဟင့်အင်း လူသစ်ခြောက်ယောက်တိုးထားတယ်.. သိပ်မကြာသေးဘူး၊ (၁၅)ရက်လောက်ပဲ ရှိသေးတယ်”

“မင်းပြောတဲ့(၁၅)ရက်ဆိုတာ ပြပွဲမတိုင်ခင်(၃)ရက် လောက်ကမှ ခန့်ထားတာပေါ့”

“ဟုတ်တယ်ဆရာ...ပထမလူဟောင်း (၆)ယောက်က အလုပ်ချိန်တွင်းမှာ အရက်သောက်လို့ ထုတ်ပစ်လိုက်တာ”

“ခု လူသစ်တွေက ဒီမြို့ကပဲလား...”

“မဟုတ်ဘူးဆရာ...နမ့်ဆန်ဘက်ကလို့ ပြောတယ်၊ ဘာဖြစ်လို့လဲဆရာ...”

“ဘာမှမဖြစ်ပါဘူး...စကားစပ်မိလို့ပါ၊ ဪ...ဒါနဲ့ စိုင်း...မင်းနဲ့ သျှင်ထန်ရော အဆင်ပြေတယ်မဟုတ်လား”

“ပြေပါတယ် ဆရာ”

“ကောင်းပါတယ်ကွာ...သွားဦးမယ်”

“ဟုတ်ကဲ့...”





ဗိုလ်ကြီးဇင်သော်နှင့်အတူ စိန်တုံးကြီးပြထားသည့် ပြခန်းနေရာကို လှည့်လာစစ်ဆေးရင်း...ဝါယာရှော့ဖြစ်သည့် နေရာဆီသို့ ရောက်ခဲ့သည်။

“ဒီနေရာကစပြီး...ရှော့ထပြီးဖြစ်တာ”

“ဒါပြန်ပြီး လုပ်ထားတာလား...”

“ဟုတ်မယ်...နေရှိုင်း

“ဗိုလ်ကြီးတို့ ပြပွဲကျင်းပတုန်းက ဟိုတယ်ဝန်ထမ်း တွေကို ဝင်ခွင့်ပြုထားလား”

“ပြုထားတယ်...ညှော်သည်တွေစားသောက်တာကို သူတို့ပဲ လုပ်ကိုင်ပြင်ဆင်ပေးခဲ့ကြတာ..ဘာထူးခြားတာတွေ လဲ နေရှိုင်း”

“ကျွန်တော့်စိတ်ထဲမှာတော့ သံသယဖြစ်စရာတွေရဲ့ သဲလွန်စရပါပြီ...”

“ဟင်...”

“ဟိုတယ် လျှပ်စစ်ကိုင်တွယ်တဲ့ နေရာကိုသွားကြရ အောင်...”

ဟိုတယ်လျှပ်စစ်မီးတာဝန်ခံ ရာမ့်ခိုသူဆီကို သွားတော့ မရှိနေ...သူ့လက်ထောက် ရှိန်းကို၊ ကိုသာ တွေ့ရသည်။

“မင်းဆရာ...ဘယ်သွားလဲ”



www.burmeseclassic.com

www.burmeseclassic.com



"သူ ခွင့်တင်ထားတာ(၁၀)ရက်လောက်ရှိပြီ ဆရာ"

"ကျန်းမာရေး မကောင်းလို့လား..."

"မဟုတ်ဘူးဆရာ...ဂျင်နီဝင်တယ်လို့သတင်းကြားတာပဲ...ဒါကြောင့် အလုပ်တောင်ခွင့်ယူပြီး သောက်လိုက်စားလိုက်နဲ့ကဲနေတာ...ကျွန်တော့်ကိုတောင် ငွေ(၁)သိန်းပေးခဲ့သေးတယ်"

"ရှိန်းကို..."

"ပြောပါ...ဆရာ"

"ရာမို့ရဲ့ ...လိပ်စာသိလား"

"သိတယ်ဆရာ (× - × +)အမှတ် (+ × - × ) မှာ နေတာ"

"ကျေးဇူးပဲ...ဩော် ရှိန်းကို မင်းဆီက ရာမို့လိပ်စာယူသွားတာကို ဘယ်သူမှ မသိစေနဲ့နော်...သိခဲ့ရင် မင်းအတွက်မကောင်းဘူး"

"ဟုတ်ကဲ့...ဟုတ်ကဲ့ပါဆရာ"

"ဗိုလ်ကြီး သွားကြရအောင်..."

"ရာမို့ဆီလား..."

"ဟုတ်ပါတယ်"

ဟိုတယ်ထဲမှ ကားလေးမောင်းထွက်ခဲ့သည်။





"ရာမို့ကို တစ်ခါတည်းဖမ်းမှာလား..."

"ဖမ်းလို့မဖြစ်သေးဘူးဆိုပေမယ့်...ပိပိရိရိနဲ့ဖမ်းရမှာပဲ..."

"ဘယ်ပုံစံမျိုးနဲ့ ဖမ်းချင်လဲ..."

"တခြား ပြစ်မှုတစ်ခုနဲ့...ထောင်ပြီး ဖမ်းချင်တယ်၊ ဒီလိုလုပ်ရင် ကောင်းမယ်ဗိုလ်ကြီး၊ ရာမို့နဲ့ ရန်ပွဲလေးတစ်ပွဲဖြစ်အောင် ဖန်တီးပြီး...ရန်ဖြစ်တဲ့အမှုနဲ့ဖမ်းရမယ်၊ ပြီးမှ လျှပ်စစ်ရှော့ဖြစ်တဲ့ကိစ္စကို မေးရမှာပဲ"

"ဒါဆိုရင်လဲ...အရက်သမား ဖိုးပျော့ကို အသုံးပြုရတော့မှာပဲ"

"လောလောဆယ် ရာမို့စတည်းချနေတဲ့နေရာကို စုံစမ်းပြီးမှ စီစဉ်ကြမယ်..."

"ဖိုးပျော့ဆီ အရင်သွားမှာလား...ရာမို့ဆီအရင်သွားမလား"

"ရာမို့ ဘယ်ဆိုင်မှာသောက်သလဲဆိုတာကို...အရင်သွားပြီး စုံစမ်းမယ်"



www.burmeseclassic.com

www.burmeseclassic.com

နယ်မြေရဲစခန်းမှ ဖုန်းလာသဖြင့် ဗိုလ်ကြီးဇင်းသော်
နှင့် နေရိုင်း...ရာမို့ကို ခေါ်ဆောင်ရန်အတွက် ပြင်ဆင်ကာ
ည(၁၀း၀၀)နာရီလောက်တွင် ရဲစခန်းကို အရပ်ဘက်ကား
တစ်စီးဖြင့် လာခဲ့ကြသည်။

စခန်းသို့ ရောက်သည်နှင့်...

"စခန်းမှူး အဆင်သင့်ပဲလား..."

"အသင့်ပဲ ဗိုလ်ကြီး...အပြင်ခန်းမှာ ထုတ်ထားတယ်"

နေရိုင်း...ရာမို့ကို ခေါ်ထုတ်ထားသည့် အခန်းဆီသို့
ဝင်ပြီး စခန်းအနောက်ဘက်သို့ ခေါ်ထုတ်ခဲ့၏။

ဗိုလ်ကြီးဇင်းသော်...ကားကို စခန်းနောက်ဘက်
အပေါက်ထိမောင်းပြီး လာခဲ့သည်။

"ဂျိုင်း..."





"ရပြီ ဗိုလ်ကြီး...မောင်းတော့"

စခန်းဝန်းထဲမှ ကားလေးပြန်ပြီးမောင်းထွက်ခဲ့တော့
သည်။

ရာမို့...နေရိုင်းကို ကြည့်ပြီး...

"ခင်ဗျားတို့ ဘယ်ကိုခေါ်သွားတာလဲ..."

"ရောက်တော့ သိမှာပေါ့ကွာ"

"ကျုပ်ဖြစ်တဲ့အမှုက...မှုးပြီးရန်ဖြစ်တာ ဘာမှအပြစ်
ကြီးတာမဟုတ်ဘူး...ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ငါတို့က စုံထောက်တွေလေ..."

"ဟင်...ကျုပ်အမှုက ဒီလောက်မကြီးကျယ်ဘူး။
ဟိုကောင့်ကို အရက်ပုလင်းနဲ့ရိုက်ရုံလောက်ပဲ ရှိတာ...ဒါ
သက်သက်ရန်စလို့ရိုက်ရတာ"

"ရာမို့...မင်းရန်ဖြစ်တဲ့အမှုလောက်နဲ့ ငါတို့ခေါ်လာ
စရာမရှိဘူး"

"ဒါဖြင့်...ကျုပ်ကိုခေါ်လာတာ"

"ဟိုတယ်...ဝါယာကြိုးတွေ ရှော့ဖြစ်အောင်လုပ်လို့"

"ဘာ..."

"ကဲပါကွာ...ဟိုရောက်မှ အေးအေးဆေးဆေး စကား
ပြောတာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



ရာမို့တစ်ယောက် တစ်စုံတစ်ခုကို တွေးပြီး တွေဝေသွားတော့သည်။ နယ်မြေလုံခြုံရေးစခန်းထဲသို့ ရောက်တော့မှ . . သီးသန့် အခန်းတွင်ထားလိုက်ပြီး

"ဗိုလ်ကြီးအနားယူချင်ယူပါတော့...ကျွန်တော့်တာဝန်ထားလိုက် ရာမို့ပါးစပ်က အကုန်လုံးကိုပြောစေရမယ်"

နေရှိုင်းကော်ဖီနှစ်ခွက်ကို ဖျော်ပြီး...ရာမို့ကို ထည့်ထားသောအခန်းဆီသို့ဝင်ကာ . . .

"ကော်ဖီကြိုက်တတ်ရင်သောက်...ငါကတော့ စီးကရက်ပဲသောက်မယ်၊ သောက်ချင်ရင် ယူပြီးသောက်..."

"ကျေးဇူးပဲဗျာ . . .ဆေးလိပ်အရမ်းကြီးသောက်ချင်နေတာ သောက်မယ်နော်"

"သောက်နိုင်ပါတယ်...ရာမို့"

ရာမို့တစ်ယောက် ဆေးလိပ်ကို အငမ်းမရသောက်ပြီးမှ...

"ဟို..ဟို ဆရာရယ်...ကျွန်တော့်ကို ရေတစ်ခွက်လောက်ပေးပါလား"

"ရစေရမယ်..."

နေရှိုင်းအပြင်သို့ ထွက်လာပြီး သောက်ရေတစ်ခွက်ခပ်ပြီး ယူပေးလိုက်သည်။





"ဂလု..."

"ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိပါဘူး . . . ဆရာ"

"ကျေးဇူးတင်စရာမလိုပါဘူး...ခင်ဗျားဆီက အဖြစ်မှန်တွေပဲ သိချင်တယ်"

"ကျွန်တော်ဘာမျှား လုပ်မိလို့လဲဆရာ..."

"ခင်ဗျား ဘာလုပ်တယ်ဆိုတာ...ခင်ဗျားကိုယ် ခင်ဗျားအသိဆုံးနေမှာပါ...ဟိုတယ်မန်နေဂျာ သျှင်ထန်က ခင်ဗျားကို ငွေဘယ်လောက်ပေးပြီးခိုင်းတာလဲ ရာမို့"

"ဗျာ..."

ရာမို့ မျက်နှာပျက်သွားသည်။

"ကျွန်...ကျွန်တော့်ကို...မ...မပေးပါဘူး"

"ခင်ဗျား ဆက်ပြီးညာလည်း မထူးပါဘူး . . .ရာမို့၊ ကျုပ်တို့က အကုန်သိပြီးသားပါ . . .မကြာခင် သျှင်ထန်ကို သွားပြီးဖမ်းတော့မှာပါ၊ ခင်ဗျားဘက်က အမှန်အတိုင်းပြောရင်တော့ သျှင်ထန်နဲ့ အမှုတစ်ခုတည်းမဖြစ်ဘူးပေါ့ဗျာ . . . ခင်ဗျား စဉ်းစားဦးမလား"

"ဆ . . .ဆရာ . . .ကျွန်တော်အမှန်အတိုင်းပြောပါ့မယ် . . .ကိုသျှင်ထန် ကျွန်တော့်ကိုငွေ(၁၀)သိန်း ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ဟာကြိုးတွေ ရှေးဖြစ်အောင် နိုင်းတာပါ"

"ဘာကြောင့် နိုင်းတယ်ဆိုတာရော ခင်ဗျားသိလား"

"သိပါတယ် ဆရာ...စိန်တုံးကြီးကို ယူချင်လို့ပါ"

"သျှင်ထန်က ခင်ဗျားကို ပြောပြတာလား..."

"မဟုတ်ပါဘူး...သူနဲ့ လူတစ်ယောက်ပြောနေတာ ကို ကြားခဲ့ရတာပါ"

"ဒီလူကို...သိလား"

"မသိဘူးဆရာ...ရှမ်းတရုပ်ကပြားတစ်ဦးပဲ"

"ဒီလောက်ဆို ရပါပြီ...ကဲ ခင်ဗျားလည်း နားလို ပါဦး"

"ဆရာ...ကျွန်တော့်အတွက်..."

"စိတ်ချပါ...အကောင်းဆုံးဖြစ်အောင် ကူညီပေး မယ်..."

နေရှိန်း အပြင်သို့ပြန်ပြီးထွက်လာတော့...ဗိုလ်ကြ ဝင်သော်ကို တွေ့လိုက်ရသည်။

"ဗိုလ်ကြီး...မအိပ်သေးဘူးလား"

"အိပ်ချင်စိတ် မရှိပါဘူးဗျာ...ရာမို့ဆီက ဘာ သိရမလဲဆိုတာကို ကြားချင်လို့ စောင့်နေတာ"

"ကဲ...ဗိုလ်ကြီး ဟိုတယ်ကို သွားမယ်"





"ဘာလုပ်ဖို့..."

"မန်နေဂျာ သျှင်ထန်ကို သွားပြီးဖမ်းရမယ်"

"သေချာသွားပြီလား..."

"မသေချာဘဲ သွားပြီးဖမ်းရင်...ခုတစ်ခါဆို ဗိုလ်ကြီး ပါ အချုပ်ခန်းထဲအတူတူဝင်ရမှာပေါ့"

တပ်ထဲမှ အပြင်ကိုထွက်တော့...ည(၁၂း၀၀)နာရီ ထိုးလုလု...

"ဒီကောင် ဟိုတယ်မှာရှိဖို့ပဲ အရေးကြီးတယ်"

"ဟိုတယ်မရှိလည်း...ရှိတဲ့နေရာကို လိုက်ရမှာပဲ ဗျာ..."

တိတ်ဆိတ်သော ည၏လမ်းမထက်ပေါ်မှာ ကားကလေး မောင်းနှင်နေဆဲ...

ဟိုတယ်သို့ရောက်တော့...သျှင်ထန်ကို မတွေ့ရဘဲ စိုင်းဝေါကောကိုသာ တွေ့လိုက်ရ၏။

"စိုင်း...သျှင်ထန် ပြန်မလာသေးဘူးလား"

"မလာဘူးဆရာ..သူ့ရဲ့ မယားငယ်အိမ်မှာ အိပ်တယ်"

"သူ့မယားငယ်ဆိုတာ ဘယ်သူလဲ..."

"နန်းစောသိပါ ဆရာ"

"သိပြီ...အရင်က ဟိုတယ်မှာသီချင်းဆိုတဲ့မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား..."

"ဟုတ်ပါတယ် ဆရာ..."

"သူ့ အဲဒီမှာရှိတာ...သေချာတယ်နော်"

"လုံးဝ သေချာတယ်ဆရာ..."

နေရိုင်းတို့နှစ်ဦး...နန်းစောသီနေထိုင်သည့် အိမ်သို့ ဆက်ပြီးလာခဲ့ကြသည်။ သျှင်ထန်ကို မိခဲ့လျှင် စိန်တုံးကြီးနှင့် ပတ်သက်ပြီး ခိုင်မာတဲ့သဲလွန်စကြီးကို ရမှာဖြစ်၏။

"ဟိုရှေ့က အိမ်ပဲဗိုလ်ကြီး...ကားကိုထားခဲ့ပြီး ဝင်ကြ မယ်..."

"အင်း..."

ကားကို ခြံနှင့်ခပ်လှမ်းလှမ်းတွင် ရပ်ထားပြီး...ခြံ နားဆီသို့ ကပ်ခဲ့သည်။

ခြံကြီးတစ်ခုလုံး တိတ်ဆိတ်နေပြီး၊ အိမ်ထဲမှာတော့ မီးလင်းနေ၏။

"ခြံတံခါးကို ကျော်ဝင်မှဖြစ်မယ်..."

"ဒါဆို ဝင်ကြစို့"

နေရိုင်းတို့နှစ်ယောက် ခြံတံခါးတစ်ဖက်ဆီမှ အတွင်း သို့ ဝင်လိုက်သည်အထိ ခြံကြီးထဲမှ လှုပ်ရှားမှုတစ်ခုမှ မတွေ့ ရသေးပေ။





အိမ်ကြီးနားသို့ မှောင်ရိပ်ကွယ်ပြီး...ချဉ်းကပ်လိုက် သည်။

မှန်ပြတင်းပေါက်တံခါးမှ အိမ်ထဲသို့ကြည့်တော့လည်း လူအရိပ်အယောင်ကို မတွေ့ရပေ...အိမ်ရှေ့တွင် သျှင်ထန် ကားကတော့ ရပ်ထားလျက်...

"နေရိုင်း ဘယ်လိုလုပ်မလဲ..."

"အိမ်ထဲကို ဝင်ဖို့ပဲရှိတော့တာပေါ့..."

"အိမ်ရှေ့ကလား...အိမ်နောက်ကလား နေရိုင်း"

"အိမ်ရှေ့ကပဲ...ဝင်လို့ရနေပြီ"

"ဘာလို့လဲ..."

"အိမ်ထဲကလှုပ်ရှားမှုကို ကြည့်ရတာ..လူမရှိသလိုဘဲ"

"အိပ်ပျော်နေသလားမှ မသိတာ..."

အိမ်ရှေ့တံခါးဝကို ကြည့်တော့...သော့မခတ်ထား သဖြင့် တွန်းဖွင့်ပြီး ခြေသံလုံ့စွာနဲ့ဝင်ခဲ့ကြသည်။

အိမ်ထဲတွင် အိပ်ခန်း(၂)ခန်းသာရှိသဖြင့်..ပထမခန်း ကို ရာကြည့်တော့ ဘယ်သူမှမရှိ...ဒုတိယခန်းတံခါးကို တွန်းဖွင့်လိုက်သည်နှင့်...

"ဟင်..."

"ဟာ..."



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်တွင် သွေးသံရဲရဲဖြင့် လဲနေသော...သျှင်ထန်ကို တွေ့လိုက်ရပြီး...နေရိုင်း အသက်ရှိမရှိကို စမ်းသပ်ကြည့်တော့...

"ဘယ်လိုလဲ နေရိုင်း"

"အသက်မရှိတော့ဘူး...သွေးတွေတောင် အတော်လေးခြောက်နေပြီဆိုတော့ သေနေတာကြာပြီထင်တယ်"

"ဟာကွာ...တကယ့်အရေးကြီးတဲ့သူမှ သေရတယ်လို့..."

နေရိုင်း စခန်းကိုဖုန်းဆက်ပြီး အကြောင်းကြားကာ အခန်းထဲက အခြေအနေတွေကို လေ့လာလိုက်သည်။

"ဓားနဲ့ထိုးသွားတာလား..."

"ဟုတ်တယ် ဗိုလ်ကြီး...သျှင်ထန်ကို မာယာသုံးပြီး သတ်သွားတဲ့ပုံစံပဲ..."

သေဆုံးနေသော သျှင်ထန်အပေါ်ပိုင်းတွင် အင်္ကျီမရှိဘောင်းဘီတိုနှင့်...

"နန်းစောသီ လက်ချက်လား..."

"သေချာလောက်တယ် ဗိုလ်ကြီး...ဒီမှာညှ[illegible]အင်္ကျီက ဘေးမှာကျနေတယ်...ဘာကြောင့် သတ်တယ်ဆိုတာတော့ စဉ်းစားရကျပ်နေပြီ..သျှင်ထန်ပေါ်မှာ မကျေနပ်ချက်နဲ့





သတ်တာလား...ဒါမှမဟုတ်..."

"နေရိုင်း ဘယ်လိုထင်လဲ..."

"ပြောရတော့ ခက်နေပြီဗိုလ်ကြီး"

နေရိုင်းစားပွဲပေါ်မှ ပစ္စည်းတွေကိုယူကြည့်ရင်း...

"ဟင်..."

တရုပ်ဘာသာနှင့် ရေးထားသောစာလေးတစ်စောင်ကို တွေ့လိုက်သဖြင့်...ဗိုလ်ကြီးဇင်သော့်လက်ထဲသို့ ပေးလိုက်သည်။ ဗိုလ်ကြီးဇင်သော်မှာ တရုပ်ပြည်တွင် စစ်သံမှူးနှင့် လိုက်သွားပြီး(၃)နှစ်လောက် နေထိုင်ခဲ့စဉ်က တရုပ်ဘာသာစကားကို လေ့လာခဲ့သူဖြစ်၏။

"ဘာရေးထားတာလဲ ဗိုလ်ကြီး..."

"ရေးထားတဲ့သဘောက ရှင်းပစ်လိုက်ဆိုတဲ့ သဘောပဲ...အောက်က ရွှေရောင်ပန်းပွင့်လေးကတော့ ဘာသဘောလဲ မသိဘူး"

"သေချာသွားပြီ ဗိုလ်ကြီး...သျှင်ထန်ကို နှုတ်ပိတ်တဲ့သဘောပဲ..."

"ဒို့အတွက် လမ်းစတော့ပြတ်ပြီထင်တယ်"

ဗိုလ်ကြီးဇင်သော်...စိတ်ပျက်သလိုဖြစ်သွားပေမယ့် နေရိုင်းကတော့ ရွှေရောင်ပန်းပွင့်တံဆိပ်လေးကိုသာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



စွာကြည့်နေသည်။

နယ်မြေခံစခန်းမှူးနှင့် တာဝန်ရှိသူတွေ ရောက်လာ
ပြီး...သေဆုံးသွားသည့် သျှင်ထန်ကို မှတ်တမ်းတင်ဓာတ်ပုံ
တွေ ရိုက်ယူကြသည်။

"စခန်းမှူးကြီး..."

"ပြောပါ...ဆရာနေရိုင်း"

"နန်းစောသီဟာ...ဒီနယ်မြေဇာတိလား"

"မဟုတ်ဘူးဆရာနေရိုင်း...နမ့်ဆန်ဘက်မှာနေတော
ဒီမှာက အလုပ်လာပြီး လုပ်တဲ့သဘောပါ"

"သူ့ အဓိက လုပ်ကိုင်တာ...ကျောက်ပွဲစားမဟုတ်
လား..."

"ဟုတ်ပါတယ်"

"ဗိုလ်ကြီးကျွန်တော်တို့...နမ့်ဆန်ဘက်ဆက်ပြီးလိုက်
ရမယ်...နန်းစောသီ ထွက်ပေါက်က နမ့်ဆန်ဘက်က ထွက်
ဖို့များတယ်"

"တစ်ယောက်မရရင် နောက်တစ်ယောက်နောက်ကို
လိုက်ရမှာပေါ့...နယ်စပ်ဂိတ်တွေတော့ အကြောင်းကြားထား
ရမယ်"

"ကောင်းတယ် ဗိုလ်ကြီး...အဓိက ထွက်ပေါက်မှာ





လွယ်ဂျယ်ထွက်ပေါက်နဲ့ မူဆယ်ထွက်ပေါက်ကို အဓိကထား
ပြီး စောင့်ကြည့်ခိုင်းထားပါ ဗိုလ်ကြီး...နန်းစောသီ နမ့်ဆန်
ဘက်ကို မရောက်ဘူးဆိုရင်...သေချာပေါက် ထွက်သွားနိုင်
တာ လွယ်ဂျယ် နယ်စပ်ထွက်ပေါက်ပဲဗိုလ်ကြီး..အဲဒီဘက်
မှာတော့ ဖြတ်လမ်းတွေရှိတယ်နော်"

"ကျုပ်ကတော့ ထွက်ပေါက်အားလုံးကို နန်းစောသီ
ဓာတ်ပုံပို့ပြီး...ရှာဖွေမှုလုပ်ရတော့မှာပဲ"

နန်းစောသီ အိမ်မပြန်ခဲ့ကြသော လမ်းတွင်...

"ဗိုလ်ကြီးရေ...ကျွန်တော်တို့တော့ တရုပ်ပြည်ထိ
လိုက်ပြီးရမယ့် အခြေအနေတော့ ရှိနေပြီဗျို့"

"ဘာလဲ...နန်းစောသီကို တရုပ်ပြည်ထိလိုက်ဖမ်း
ရမှာလား"

"နန်းစောသီကို ဖမ်းဖို့ထက်...ရွှေရောင်ပန်းအဖွဲ့
ကြီးကို ဖမ်းဆီးနိုင်ဖို့အတွက်ပါ ပြင်ဆင်ရမယ့်သဘောရှိတယ်"

"ရွှေရောင်ပန်းအဖွဲ့ဟုတ်လား...အင်း ဟုတ်ပြီ ကျုပ်ကို
နဂါးနီဆိုတဲ့လူ ပြောဘူးတယ်"

"ရွှေရောင်ပန်းအဖွဲ့နဲ့ ပတ်သက်ပြီး၊ အကြောင်းစုံ
သိဖို့အတွက်တော့...လူတစ်ယောက်ဆီကို သွားရမယ်"

"ဘယ်သူလဲ...နေရိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"မကြာသေးခင်နှစ်က လက်နက်မှောင်ခိုမှုနဲ့ အပြစ်ဒဏ်ကျသွားတဲ့...နဂဒူးဆိုတဲ့လူပါ"

"သူ့ကို မန္တလေးထောင်ကို ပို့လိုက်ပြီမဟုတ်လား နေရှိုင်း..."

"ဟုတ်တယ်..."

"နမ့်ဆန်ကို အရင်သွားမှာလား...မန္တလေးကို အရင်သွားမှာလား"

"ကျွန်တော်ကတော့ နန်းစောသီနောက်ကို ဆက်ပြီးလိုက်လို့ မမီလောက်ဘူးထင်တယ် ဗိုလ်ကြီး...ခု လောက်ဆို နယ်စပ်ကနေ ထွက်သွားလောက်ပြီထင်တယ်"

"ဟုတ်တယ်...သူတို့ လှုပ်ရှားမှုတွေက အရမ်းကို မြန်တယ်...ဒါဆိုလည်း မန္တလေးထောင်ကို သွားကြတာပေါ့ နေရှိုင်းရေ..."

## အခန်း ◀ ၃ ▶

မန္တလေးထောင်ပိုင်ကြီးရုံးခန်းတွင်းသို့ နဂဒူးကို...ထောင်ဝန်ထမ်းတစ်ဦးက ခေါ်လာခဲ့သည်။

"ထိုင်ပါ...နဂဒူး"

"ကျုပ်ကို တွေ့ချင်တာ ဘယ်သူများလဲမှတ်တယ်...ဆရာနေရှိုင်းနဲ့ ဗိုလ်ကြီးဇင်သော်တို့ပါလား"

"နဂဒူးက ကျုပ်တို့နှစ်ယောက်ကို မှတ်မိသားပဲ..."

"မှတ်မိရတာပေါ့ဗျာ...အထူးသဖြင့် ဆရာနေရှိုင်းကိုပိုပြီးမှတ်မိတယ်...ကျုပ်ကိုတောထဲထိ လိုက်ပြီးဖမ်းရဲတဲ့အစွမ်းအစကို ချီးကျူးပါတယ်"

"နဂဒူး ဒီမှာနေရတာ အဆင်ပြေရဲ့လား..."

"ပြေပါတယ်ဗျာ...ကျန်းမာရေး သိပ်မကောင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဆေးကုသမှုခံနေရတယ်"

"ခင်ဗျားအတွက် ဆေးဝါးကုသဖို့...ကျုပ်ကူညီပေးခဲ့ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာနေရှိင်း...ကျုပ်ဆီက ခုလိုလာပြီးတွေ့တာ အကြောင်းတစ်ခုခုတော့ပါရမယ်"

"တခြားအကြောင်းတော့ မဟုတ်ပါဘူး...ရွှေရောင်ပန်းအဖွဲ့နဲ့ ပတ်သက်ပြီး သိချင်လို့ပါ..."

"ဆရာတို့မေးတဲ့ ရွှေရောင်ပန်းအဖွဲ့အကြောင်းကို ပြောတာ အသက်အန္တရာယ်နီးတယ်နော်..."

"ခင်ဗျားကို ဒီအထိဘယ်သူမှ လိုက်ပြီးအန္တရာယ်မပြုနိုင်ပါဘူး...စိတ်ချပြီးသာ ပြောပါ"

"ကောင်းပါပြီ ပြောပါ့မယ်...ဒါနဲ့ဆရာနေရှိင်း ကျုပ် ရွှေရောင်ပန်းအဖွဲ့အကြောင်းကို သိတယ်လို့ ဘာကြောင့် တပ်အပ်ပြောနိုင်တယ်ဆိုတာတော့...အရင်ပြောပြပါလား"

"ခင်ဗျားကို တောထဲမှာဝင်ပြီးဖမ်းစဉ်တုန်းက... ခင်ဗျားအိမ်ထဲမှာ ကဒ်လေးတစ်ခုကို ရလိုက်တယ်"

"ဟာ...ဟုတ်ပြီ၊ ရွှေရောင်ပန်းအဖွဲ့သားတွေ အချင်းချင်း ဆက်သွယ်တဲ့ကဒ်လေးပါ"

"ဒီတုန်းက...ခင်ဗျားအမှုနဲ့ သိပ်ပြီးမပတ်သက်သ





ဆိုပြီး...အမှတ်တမဲ့ ထားလိုက်တာပါ၊ ခုမှပြန်ပြီး ဆက်စပ်တွေးမိပြီး လာခဲ့တာ..."

"ဆရာနေရှိင်းက သိပ်ပြီးစေ့စပ်တဲ့သူပဲ...ဟုတ်ပါတယ် ကျုပ်ဟာ ရွှေရောင်ပန်းအဖွဲ့ဝင်တစ်ဦးပါ...မူဆယ်၊ မြစ်ကြီးနား၊ လားရှိုးနယ်တွေကို တာဝန်ယူပြီးလှုပ်ရှားပေးနေတဲ့သူပါ..."

"ခင်ဗျားတစ်ယောက်တည်းလား..."

"(၃)ယောက်ရှိတယ်...သျှင်ထန်၊ နန်းစောသီနဲ့ ကျုပ်ပဲ..."

"ခင်ဗျားတို့တာဝန်က ဘာလဲ..."

"တောတွင်းအဖွဲ့တွေကို လက်နက်ပို့ပေးဖို့ပါ... အဖွဲ့ကြီးရဲ့ အဓိကလုပ်ဆောင်တာကလည်း လက်နက်မှောင်ခိုပို့ပေးတဲ့လုပ်ငန်းပဲ...နောက်တော့ တခြားကိစ္စတွေပါ တာဝန်ယူပြီး လုပ်ပေးလာတယ်"

"တခြား အလုပ်တွေဆိုတာ...ဘာလုပ်ငန်းတွေလဲ"

"မူးယစ်ဆေးဝါးနဲ့ မှောင်ခိုလမ်းကြောင်းက အကောက်ခွန်မဲ့ ပစ္စည်းတွေကို မြန်မာနဲ့တရုပ်ပြည်ဘက်ကို ပို့ပေးတယ် သယ်ပေးတယ်"

"ရွှေရောင်ပန်းအဖွဲ့အင်အားက..ကောင်းတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဖွဲ့အင်အားမကောင်းဘူး ဆရာနေရှိင်း...အများဆုံး(၁၀)လောက်ပဲ ရှိပေမယ့် နယ်စပ်ဘက်ကကြေးစားကောင်တွေကို ငှားပြီး လုပ်ကိုင်နေတာပါ..."

"ရွှေရောင်ပန်းအဖွဲ့ခေါင်းဆောင်က...ဘာလူမျိုးလဲ"

"အကြီးဆုံးခေါင်းဆောင်က တရုပ်လူမျိုးတစ်ဦးပါ...ယူနန်ပြည်နယ်ဘက်မှာနေတယ်၊ တစ်ခါမှ မတွေ့ဖူးဘူး...ဒုခေါင်းဆောင်ကတော့ မြန်မာပြည်ပေါက် ရှမ်းတရုပ်စပ်အိုက်ကောင်းစံလို့ ခေါ်တယ်...သူနဲ့ပဲ မြန်မာပြည်ကိစ္စတွေကို လုပ်ကိုင်ရတယ်"

"သူ နေတာက ဘယ်မှာလဲ..."

"လွယ်ဂျယ်ဘက်မှာ နေတယ်...နယ်စပ်တစ်ဖက်မှာ စားသောက်ဆိုင်ကြီးနဲ့ နိုက်ကလပ်ဖွင့်ထားတယ်..သူ့ကို ဖမ်းဖို့ကတော့ မလွယ်ဘူး"

"ဘာလို့လဲ..."

"တစ်ဖက်နယ်မြေခေါင်းဆောင်တွေနဲ့ သူက ရင်းနှီးတယ်၊ သူ့ရဲ့ လုပ်ဆောင်ချက်တွေက ပိရိသေသပ်တယ်...ဒီအပြင် တစ်ဖက်နိုင်ငံဘက်မှာရော၊ မြန်မာပြည်ဘက်မှာရော...ဒုစရိုက်ကောင်တွေက သူ့ကို ဝိုင်းရံပေးထားတယ်"

"သူ့အနေများတာ...ဘယ်မှာလဲ"





"တစ်ဖက်နိုင်ငံမှာ အနေများတယ်...ဆရာတို့ သူ့ကို ဖမ်းမယ်ဆိုရင် တစ်ဖက်နိုင်ငံထိ ကူးသွားရလိမ့်မယ်နော်..."

"ခုလို ပြောပြတာကျေးဇူးတင်ပါတယ်..ရအောင်တော့ ဖမ်းရမှာပဲ"

"ဆရာနေရှိင်းသတ္တိကို သိပါတယ်...တစ်ခုတော့ ဆရာနေရှိင်းကို သတိပေးလိုက်ချင်တယ်"

"ဘာများလဲ...နဂဒူး"

"ဆရာနေရှိင်းကို အိုက်ကောင်းစံက သိထားတယ်နော်...လွယ်ဂျယ်ဘက်ကို ဆရာနေရှိင်းသွားရင် လုပ်ကြံမယ့်သူတွေက နေရာတိုင်းမှာရှိနေတယ်"

"လူဆိုတာ သေရမယ့်သူတွေပဲဗျာ...သူတို့သတ်နိုင်လို့သေတော့လည်း သေကံပါလာတယ်လို့ ဆိုရမှာပေါ့...ခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျား ကျန်းမာရေးကို ဂရုစိုက်ပါ"

"ဆရာနေရှိင်းပြောသလိုပေါ့ဗျာ...ထောင်ထဲမှာ သေကံပါလာရင် ထောင်ထဲမှာပဲသေရမှာပေါ့"

နဂဒူးကို နှုတ်ဆက်ပြီး ထောင်ထဲမှပြန်ပြီး ထွက်လာကြတော့သည်။

"ဟူး..."



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီး . . . သက်ပြင်းတွေချလှချည်လား"

"သက်ပြင်းချရုံတင် မကဘူး . . . အသက်ရှူတွေတောင် ရပ်ချင်လာပြီ ဆရာနေရိုင်း . . . တဖြည်းဖြည်းနဲ့ အမှုကကြီး ထွားလာနေပြီ"

"ဒါမှ ပျော်ဖို့ကောင်းတာ ဗိုလ်ကြီးရဲ့ . . ."

"နေရိုင်း မင်းကတော့ တကယ့်ကောင်ပဲ . . . ဘာပဲ ဖြစ်ဖြစ်မင်းကိုတော့ ကျေးဇူးတင်တယ်"

"ဘယ်နယ့်ကြောင့် ကျေးဇူးတင်နေရတာလဲ . . ."

"ခု အမှုကိစ္စမှာ . . . မင်းသာ ငါ့ဘေးမှာမရှိရင်၊ ရဲချုပ် ကြီး ဆူပူကြိမ်းမောင်းတာကို အီနေအောင်ခံရမှာပေါ့ . . . ဒါနဲ့ နေပါဦး မင်းဘယ်ကို ခရီးဆက်ဖို့စဉ်းစားထားလဲ . . ."

"ဒီမှာ တွေ့လား . . ."

လိပ်စာကဒ်လေးတစ်ခုကို နေရိုင်းထုတ်ပြလိုက်သည်။

"ဘယ်သူ့လိပ်စာကဒ်လဲ . . ."

"နန်းစောသီ စာအုပ်ထဲက ရခဲ့တာ . . . စောမာလာသွင် တဲ့ မန္တလေးမှာနေတယ်"

"နေရိုင်းနဲ့ သိလို့လား . . ."

"တစ်ခါမှတောင် မမြင်ဖူးဘူး . . . သူ့ဆီကိုသွားပြီး နန်းစောသီနဲ့ပတ်သက်ပြီး ထူးခြားတာလေးတွေများ ရမလား





လို့ . . ."

"ငါတို့ကို လက်ခံပါ့မလား . . ."

"အရင်ဆုံး နယ်မြေခံတစ်ယောက်ဆီက . . . စောမာလာသွင် အခြေအနေကို လေ့လာပြီးဝင်ကြတာပေါ့"

"နေရိုင်းရယ် . . . ခုချိန်မှာ မင်းက ငါ့ဆရာပဲ"

"ဗိုလ်ကြီးကတော့ ပြောတော့မယ်"

"တကယ်ပြောတာ . . . တပ်ထဲမှာသာ မင်းရဲ့အရာရှိဖြစ် ပေမယ့် ခုလိုအမှုနောက်ကို လိုက်တဲ့နေရာမှာတော့ မင်းက ငါ့ဆရာပဲကွ"

"ထားလိုက်ပါတော့ ဗိုလ်ကြီး . . . အရေးကြီးတာတစ်ခု တော့ လုပ်ရဦးမယ်"

"ဘာလဲ . . ဗိုက်ဆာနေပြီမဟုတ်လား"

"သေချာတာပေါ့ ဗိုလ်ကြီး"

စားသောက်ဆိုင်လေးတစ်ဆိုင်ထဲသို့ ကားရပ်ကာ . . ဝင်လာခဲ့ကြသည်။ ဆိုင်ကလေးမှာ အဆင့်မြင့်မြင့်ဖွင့်လှစ် ထားသောဆိုင်ကလေးပင် ဖြစ်သည်။

ဆိုင်ထဲတွင် လူကသိပ်မရှိပေမယ့် . . . သူ့ဝိုင်းနှင့်သူ အေးအေးဆေးဆေး စားသောက်နေကြသည်။

စားသောက်စရာတွေကို မှာယူပြီးစားကြရင်း . . ဆိုင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ လူသန့်သန့်တစ်ယောက်နှင့် အမျိုးသမီးတစ်ဦးဝင်လာသည်ကို တွေ့လိုက်ရသည်။

"ဗိုလ်ကြီး...ဝင်လာတဲ့ကောင်ကို သိလား"

"သိတာပေါ့ နေရှိန်းရယ်...ကျောက်စိမ်းအတုလုပ်ပြီး လိမ်စားတဲ့ ရှိုင်းဆိုတဲ့ကောင်မဟုတ်လား..ဒီကောင်တောင် ထောင်က ပြန်ပြီးလွတ်လာပြီပဲ"

"ဒီကောင် တယ်ပြီးအရောင်ထွက်နေပါလား"

"ဘာတွေခွင်တွေ့ပြီး ရထားသလဲမှမသိတာ..သူ့ဘေးက မိန်းကလေးကတော့ ချပ်သန့်သန့်လေးပဲ"

ရှိုင်း..နေရှိန်းတို့ကို သတိမထားမိဘဲ၊ ဘေးဝိုင်းတွင် ဝင်ပြီးထိုင်လေသည်။

"တီ...တီ...တီ"

ဟန်းဖုန်းခေါ်သံကြောင့် ရှိုင်းဘေးမှအမျိုးသမီး သူ့အိတ်ထဲမှ ဟန်းဖုန်းကိုထုတ်ပြီး နားထောင်လိုက်သည်။

"ဟဲလို.."

"(× - + × +)"

"ဟုတ်ပါတယ်..ကျွန်မ စောမာလာသွင်ပါ"

"ရှိုင်း...ဒီမှာ ခဏစောင့်နေမလား၊ အိမ်မှာစောင့်နေမလား...သွင် အလုပ်ခွင်တစ်ခု ရထားလို့ လစ်လိုက်





ဦးမယ်"

"ကိုယ်အိမ်ကပဲ စောင့်တော့မယ်..."

"ကောင်းပြီ...သွားမယ်နော်၊ သွင်ကားယူသွားမယ် ရှိုင်းအငှားကားနဲ့ပဲလစ်..."

စောမာလာသွင်...ရှိုင်းကိုထားရစ်ခဲ့ပြီး၊ အပြင်သို့ ပြန်ပြီးထွက်သွားသည်။

ရှိုင်းဆိုသည့်ကောင်လည်း...စားစရာရှိသည်ကိုစားပြီး အပြင်ကို ထွက်သည်နှင့် နေရှိန်းတို့အနောက်မှ လိုက်ထွက်ခဲ့သည်။

ရှိုင်း...အငှားကားငှားရန် ရပ်နေသဖြင့် နေရှိန်းတို့ကားက ရှိုင်းရှေ့တွင် ထိုးရပ်လိုက်ပြီး...

"ရှိုင်း..."

"ဟာ...ဆ...ဆရာနေရှိန်း"

"ရှိုင်း...ကားပေါ်ကိုတက်ပါဦး"

"ဆရာ...ကျွန်...ကျွန်တော်...ဘာမှ မလုပ်ခဲ့ပါဘူး..."

"မင်းကို ဖမ်းတာမဟုတ်ပါဘူး...စကားပြောစရာရှိလို့"

"သေချာရဲ့လား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း လိပ်ပြာ...မင်းသန့်ဖို့ပဲ အရေးကြီးတယ်"

"သန့်...သန့်ပါတယ် ဆရာ"

"ဒါဆို တက်ကွာ..."

"ဟုတ်ကဲ့"

ရှိုင်း..ကားနောက်တံခါးဖွင့်ပြီး ကားပေါ်ကိုတက်ခဲ့လေသည်။

"ဆရာ...ဘာပြောချင်လို့လဲ"

"ခု ပြောချင်တာက မင်းအကြောင်းမဟုတ်ဘူး... မင်းနဲ့တွဲနေတဲ့ စောမာလာသွင် အကြောင်း"

"ဗျာ...ဆရာတို့သိနေတယ်"

"သိလို့ မေးတာပေါ့ကွ..."

"သွင့်အကြောင်း ဘာသိချင်တာလဲ..."

"စောမာလာသွင်က...မင်းလိုပဲလား"

"မဟုတ်ပါဘူး ဆရာ...သူက ပွဲစားသက်သက် ဥပဒေနဲ့ မကင်းတာဆို ဘာမှမလုပ်ပါဘူး။ ဒီစကားက ကျွန်တော်လ... ကွယ်ပြောနေတာ မဟုတ်ရပါဘူးဆရာ...ကျွန်တော်လ... ထောင်က ထွက်လာပြီးကတည်းက ဥပဒေနဲ့မကင်းတ... ဘာမှမလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားခဲ့ပါတယ်...ယုံပါ ဆ...

"ငါ ယုံပါတယ်ကွာ...မင်းဆီက အကူအညီ...





တော့တောင်းချင်တယ်...ကူညီပေးနိုင်မလား"

"ပေးနိုင်ပါတယ် ဆရာ"

"ငါတို့ စောမာလာသွင်နဲ့ စကားပြောချင်တယ်... ဖြစ်မလား"

"သူ့ကို ဖမ်းမလို့လား ဆရာ"

"ရှိုင်း...သူက ဘာအမှုကို ကျူးလွန်လို့ ဖမ်းရမှာလဲ...ငါတို့သိချင်တာလေးကို မေးချင်လို့ပါ"

"ရပါတယ် ဆရာ...သူ့အိမ်ကနေ စောင့်ကြမယ်"

ရှိုင်း...လမ်းပြသော အိမ်ကလေးဆီသို့ ကားဆက်...ပြီး မောင်းလာခဲ့တော့၏။

"မင်းနဲ့ သူက...ချစ်သူတွေလား"

"ဟုတ်ပါတယ် ဆရာ...မကြာခင် လက်ထပ်ကြ...တော့မှာပါ"

"ရှိုင်း မင်းလည်း...မင်းဘဝသစ်ကို ကောင်းကောင်း ...န်မွန်လေး ဖြတ်သန်းပါကွာ"

"စိတ်ချပါဆရာ...ခုလည်း ငွေစုပြီးရိုးရိုးသားသား ...ုပ်ကိုင်စားသောက်နေကြတာပါ"

စောမာလာသွင် အိမ်လေးမှာ...နာရီဝက်လောက် ...စောင့်ပြီး၊ စောမာလာသွင် ရောက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညှော်သည်တွေတောင် ရောက်နေတာကိုး . . . ရှိုင်း ကျောက်ကိစ္စလား"

"သွင် . . . ထိုင်ဦး၊ ကိုယ်အရင် မိတ်ဆက်ပေးပါ့မယ် သူတို့က လုံခြုံရေးတပ်ဖွဲ့က ဗိုလ်ကြီးဇင်သော်နဲ့ ဆရာနေရှိုင်း"

"ရှင် . . ကျွန်မ ဘာမှဥပဒေနဲ့မကင်းတာ မလုပ်ပါဘူး"

"ငါတို့လာတဲ့ကိစ္စက မင်းကျောက်ကိစ္စအတွက် မဟုတ် ဘူး . . လူတစ်ယောက်အကြောင်းကို သိချင်လို့"

"ဘယ်သူလဲ ဆရာ . . ."

"နန်းစောသီ . . ."

"ဟင် . . ."

"သူနဲ့မင်းက ဘယ်လိုပတ်သက်သလဲဆိုတာ . . . မ အမှန်အတိုင်း ပြောစေချင်တယ်"

"ကျွန်မနဲ့ နန်းက သူငယ်ချင်းတွေပါ . . . ငယ်င လေးကတည်းက ကျောင်းအတူတူတက်ခဲ့ကြပြီး (၁၀)တန်း မှာ ကွဲသွားခဲ့ကြတယ် . . . (၅)နှစ်လောက်ကြာတော့မှ မန္တ မှာ ပြန်ပြီးဆုံခဲ့ကြတာပါ"

"သူ ဘာလုပ်တယ်ဆိုတာကို မင်းသိလား . ."

"သူ . . . ကျွန်မကို ပြောပြတာတော့ တစ်ခုရှိတ စိန်အရောင်းအဝယ်တစ်ခုကို သူလုပ်နေတယ်"





"မင်း ဒီလောက်ပဲ သိထားသလား စောမာလာသွင်၊ မင်းနဲ့သူတွဲပြီး . . . ဘာမှမလုပ်ခဲ့ဘူးလား"

"ကျွန်မ . . . သူနဲ့တွေ့စဉ်တုန်းက ပွဲစားအလုပ်က သိပ်အဆင်မပြေတာနဲ့ သူမူဆယ်ဘက်ကို ခေါ်သွားပြီး သူ့မိတ်ဆွေတစ်ဦးဆီမှာ အလုပ်လုပ်ခိုင်းပါတယ် . . ဒါပေမယ့် သူခိုင်းတဲ့ အလုပ်က သိပ်ပြီးဘဝင်မကျတာနဲ့ ကျွန်မ မန္တလေးပဲပြန်ပြီး ဆင်းခဲ့တာ . . ."

"သူတို့ခိုင်းတဲ့ အလုပ်ဆိုတာ ဘာလဲ . . ."

"တောတွင်း လက်နက်ကိုင်တွေနဲ့ ဆက်သွယ်ပြီး . . . မြို့ပေါ်မှာ ဟန်မပျက်နေပေးရမယ်၊ ဒီကနေတစ်ဆင့် အချိန်းအဆက်လုပ်ပေးတဲ့ သဘောပါ . . . ကျွန်မက လက်မခံခဲ့လို့ ခြိမ်းခြောက်မှုတွေတောင် လုပ်ခဲ့ကြတယ် . . . နန်းစောသီက ကျွန်မဘက်က အာမခံပေးလို့ ဒီကို ပြန်ပြီးရောက်ခဲ့ရတာပါ"

"ခု ရက်ပိုင်းအတွင်း မင်းကို . . . နန်းစောသီ အဆက်အသွယ်လုပ်သေးလား"

"မနေ့က လုပ်ခဲ့သေးတယ် . . ."

"ဟင် . . . သူ ဘာတွေ ပြောသေးလဲ"

"မူဆယ်မှာ သူရှိနေတယ် . . . ကျွန်မကို အရေးကြီးလို့ ဆင်းခဲ့ပါတဲ့ ကျွန်မလည်း မသွားရဲတာနဲ့ မသွားဘဲနေခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မှုဆယ်...ဘယ်မှာနေတယ်ဆိုတာရော ပြောလား"

"ဒါတော့ မပြောဘူး...မှုဆယ်ကိုရောက်ရင် ဆိုင်ကယ်တစ်စီး နံပါတ်ကိုရှာပြီး ပြောလိုက်တာနဲ့ လိုက်ပို့ပေးမယ်တဲ့"

"မင်းဆီမှာ အဲဒီဆိုင်ကယ်နံပါတ်ရှိလား"

"ရှိပါတယ်...ခဏလေးဆရာ"

စောမာလာသွင် သူကူးမှတ်ထားသော ဆိုင်ကယ်နံပါတ်လေးကို သွားယူပြီးပေးလိုက်လေသည်။

"ကျေးဇူးပဲ၊ စောမာလာသွင်"

"ရပါတယ် ဆရာ..."

"တကယ်လို့ မင်းဆီကို နန်းစောသီဖုန်းဆက်ခဲ့ရင်...မင်း ဆင်းလာခဲ့မယ်လို့ပဲ ပြောပေးပါ"

"စိတ်ချပါ"

"မင်းကို...ငါတို့ယုံကြည်နေမယ်နော်"

"ယုံကြည်ပါဆရာ...ကျွန်မ ကတိပေးပါတယ်"

"ရှိုင်း...သွားပြီကွာ၊ မင်းတို့ လိုအပ်တဲ့အကူအညီရှိရင် ဖုန်းဆက်လိုက်လေ"

"ဟုတ်ကဲ့ဆရာ..."

စောမာလာသွင်တို့ အိမ်အပြင်သို့ရောက်တော့မှ...

"ဗိုလ်ကြီး ချက်ချင်းခရီးဆက်နိုင်မှဖြစ်မယ်..."





"ဆရာ့သဘောပါပဲ...ဆရာရယ်"

ဗိုလ်ကြီးဇင်သော် မိမိလုံခြုံရေး ဌာနချုပ်ဆီသို့ သတင်းပို့ပြီး...မှုဆယ်သို့ ခရီးချက်ချင်း ဆက်ရတော့သည်။

ရဲချုပ်ကြီးပေးထားသော အချိန်သတ်မှတ်ရက်တွေက တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့လေပြီ...စိန်ကြီးနှင့်ပတ်သက်ပြီး အနီးဆုံးသဲလွန်စကို ရရှိနေပေမယ့်...ဖမ်းဆီးနိုင်ရေးထိ ရောက်အောင် ကြိုးစားရဦးမည်ဖြစ်သည်။

မန္တလေးမှ မှုဆယ်သို့အရေးပေါ်လမ်းကြောင်းဖြင့်...အချိန်မီရောက်အောင် သွားနေရသော နေ့ရိုင်းတို့နှစ်ယောက်မှာ ပင်ပန်းခြင်းဆိုတာ ဘာရယ်မသိ...။

✦ ★ ✦

www.burmeseclassic.com

www.burmeseclassic.com

မူဆယ်သို့ နောက်နေ့မနက်မှ ရောက်ခဲ့ကြသည်။ ကားဂိတ်မှ ထွက်လာပြီးနောက် . . .

"နေရှိုင်း . . .ဧဟလာသွင်ပြောတဲ့ ကားဂိတ်က ဒီဂိတ်လား . . ."

"ဟုတ်တယ် ဗိုလ်ကြီး"

"နေရှိုင်း . . .ဗိုလ်ကြီး . . .ဗိုလ်ကြီးမခေါ်နဲ့ကွာ၊ သူငယ်ချင်းတစ်ယောက်လိုပဲခေါ် . . ."

"ဆောရီး ဗိုလ်ကြီးရာ . . .ကျွန်တော်သတိလစ်သွားတယ် . . .ဇော်သော်လို့ပဲ ခေါ်တော့မယ်"

ကားဂိတ်မှ အပြင်သို့ထွက်ပြီး၊ နေရှိုင်းတို့ရှာဖွေ သော ဆိုင်ကယ်ကို မတွေ့သေးသောကြောင့် . . .ကော်ဖီဆိုင်





တစ်ဆိုင်တွင် ဝင်ပြီးထိုင်ကာ စောင့်နေစဉ်၊ ဆိုင်ကယ်သမားတစ်ဦး ဆိုင်ထဲဝင်လာပြီး . . .တိုက်တိုက်ဆိုင်ဆိုင် နေရှိုင်းတို့ဝိုင်းတွင် ဝင်ပြီးထိုင်သည်။

"ဆရာတို့က ခရီးသွားတွေလား . . ."

"ဟုတ်တယ် အလုပ်ကိစ္စတစ်ခုနဲ့ လာကြတာ . . ."

"ဘယ်ကိုသွားမလို့လဲ . . .လိုက်ပို့ပေးမယ်လေ"

"ရပါတယ်ကွာ . . .ကိုယ်တို့က လူတစ်ယောက်ကို စောင့်ရဦးမယ်၊ မင်းလို ဆိုင်ကယ်သမားတစ်ဦးပဲ"

"ဘယ်သူမျှားလဲ ဆရာ"

"နာမည်တော့ မသိဘူးကွ . . ဆိုင်ကယ်နံပါတ်ပဲ ပေးလိုက်တာ"

"ကျွန်တော့်ကို ပြလေ . . ."

နေရှိုင်း ဆိုင်ကယ်နံပါတ်ကို ထုတ်ပြလိုက်သည်နှင့်-

"သြော် . . .ဖိုးရှုပ်ကိုပြောတာကိုး ဒီကောင်ညက ဖဲရှုံးပြီး . . .ဆိုင်ကယ်တောင် ထိုးပေးထားရတယ်၊ ဆရာတို့ ဒီကောင်ကိုစောင့်ရင် ရှာလည်သွားမယ် . . .ဆရာတို့ သွားချင်တဲ့နေရာကိုသာ ပြောပါ"

"ငါတို့ သွားမယ့်နေရာကို ဖိုးရှုပ်ပဲသိတာ . . ."

"ဒါဆိုရင်တော့ အိမ်ကိုလိုက်သွားလေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုက်ပို့ပေးမလား..."

"ရပါတယ် ဆရာ"

"ဒါဆို...သွားကြမယ်"

ဆိုင်ကယ်သမားဆိုသူက ဖိုးရှုပ်နေထိုင်သော အိမ်လေး ဆီသို့ လိုက်ပို့ပေးမယ်ဆိုကာ...ခေါ်လာခဲ့သည်။

ခေါ်လာသည့် လမ်းသည်...မူဆယ်မြို့ထဲမဟုတ်ဘဲ၊ မြို့ပြင်ဘက်လမ်းကို ခေါ်ဆောင်သွားနေခြင်းဖြစ်ပြီး...သိပ် မကြာ ဆိုင်ကယ်(၃)စီးနောက်မှ ကပ်ပြီးလိုက်ပါလာသည်ကို သတိပြုမိလိုက်ပြီး...နေရှိုင်းအခြေအနေကို သဘောပေါက် သွားတော့သည်။

"မင်း...ဘယ်ကို ခေါ်သွားနေတာလဲ"

"ဖိုးရှုပ်အိမ်လေ..."

"ဟော့ကောင်...ဆိုင်ကယ် ရပ်လိုက်တော့"

"ဘာဖြစ်လို့လဲ...ရောက်တော့မှာပါ"

"ရပ်ဆို...ရပ်စမ်းကွာ..."

"ကောင်းပြီ...ရပ်ပြီဗျာ"

ဆိုင်ကယ် ထိုးရပ်သည်နှင့် နောက်မှဆိုင်ကယ်(၃)စီးပါ အနားသို့ ရောက်လာခဲ့တော့သည်။

"မင်းတို့က ဘာသဘောလဲ..."





"ဟဲ...ဟဲ မြင်တဲ့အတိုင်းပဲလေ...ကိုယ့်အသက်ကို သနားတတ်ရင် ပါတာလေးတွေပေးခဲ့"

"လွယ်လှချည်လားကွ...မင်းမဲ့တိုင်းပြည်ကို ရောက် နေတာမှ မဟုတ်တာ...မင်းတို့လိုချင်တိုင်း ပေးရမလား"

"ခေါင်းမာတတ်ရင်တော့ စိတ်မကောင်းစရာပဲ..."

"ချောက်...ချောက်...ချောက်"

ဆိုင်ကယ်သမားတွေအားလုံး ဓားမြှောင်ကိုယ်စီ ထုတ် လိုက်ကြပြီး အနားသို့ကပ်လာသဖြင့် နှစ်ယောက်သား သတိ အနေအထားဖြင့် အသင့်ပြင်ပြီး...

"ဝင်လေကွာ..."

"ကဲကွာ..."

"ဗိုး..ဗိုး..ဖြောင်း..အင့်..ခွပ်..ဒုတ်..အီး"

(၄)ယောက်နှစ်ယောက်ဆိုပေမယ့်...လက်ရည်က သိပ်ပြီးကွာနေသောကြောင့် (၄)ယောက်လုံး မှောက်သွားခဲ့ လေပြီ...တချို့ကောင်တွေက ဆိုင်ကယ်စက်နှိုးပြီးလစ်သလို နေရှိုင်းတို့ခေါ်ဆောင်လာသော ဆိုင်ကယ်သမားလည်း ထပြီး လစ်မည်အပြု...

"ဖြောင်း..."

"အား...ကျိုးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် ခပ်ပေါ့ပေါ့လုပ်ထားတာ . . .ဟော့ကောင် မင်းနာမည်ပြောစမ်း . . ."

"ကျွန်တော် . . .ကောင်းစံပါ ဆရာ"

"ချောက် . . ."

"ဟင် . . .ဆရာတို့ . . .တို့က . . ."

"ငါတို့တယ်သူ ဘယ်ဝါဆိုတာ...ခုလောက်ဆို သဘော ပေါက်မှာပေါ့ကွာ . . ."

နေရိုင်း ကောင်းစံကို လက်ထိတ်ခတ်လိုက်ပြီး ကုတ် ကို ဆွဲမကာ. . .

"မင်း . . .အမှန်အတိုင်းပြောရင် မင်းကျူးလွန်တဲ့ အပြစ်ပေါ်မှာ ခွင့်လွှတ်ပေးမယ် . . .ထပ်ပြီး လိမ်နေရင်တော့ မင်းအတွက် ကံကောင်းနိုင်မှာမဟုတ်ဘူး"

"ဆရာတို့ သိချင်တာမေးပါ . . .ကျွန်တော် ပြောပါ မယ်"

"ဆိုင်မှာ ငါတို့ကိုပြောတဲ့ ဆိုင်ကယ်သမား ဘယ်မှာ နေလဲ . . .မင်းပြောတာ အဟုတ်ပဲလား"

"အဟုတ်ပါ ဆရာ . . .သူ့အိမ်ကို လိုက်ပြီးပို့ပေးပါ မယ် . . ."

"ဒါဆိုသွားမယ် . . .မင်း ရှေ့ကမောင်း ငါနောက်က





လိုက်ခဲ့မယ်၊ ဇင်သော် ဘေးက ဆိုင်ကယ်တစ်စီးနဲ့လိုက်ခဲ့ကွာ"

"ကောင်းပြီ . . .နေရိုင်း"

ဆိုင်ကယ်သမားတွေ ကျန်ခဲ့သော ဆိုင်ကယ်တစ်စီးကို ဇင်သော် မောင်းပြီး၊ ဘေးမှကပ်ပြီးလိုက်လာခဲ့တော့သည်။ မှုဆယ်မြို့ထဲဘက်သို့ ပြန်မောင်းလာခဲ့ပြီး၊ မြို့စွန်တစ်နေရာ ရောက်တော့ . . .

"ဟိုရှေ့က အိမ်ပဲဆရာ . . ."

"ဇင်သော် . . .ဒီကောင်နဲ့နေခဲ့ ငါသွားလိုက်မယ်"

"အေး . . ."

ဇင်သော်နှင့် ကောင်းစံကိုထားခဲ့ပြီး . . .နေရိုင်းမှာ တစ်ယောက်တည်း ဖိုးရှုပ်အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ အိမ်တံခါးမှာ ဖွင့်ထားသောကြောင့် နေရိုင်းအိမ်ရှေ့တွင် ရပ်လိုက်ပြီး...အိမ်ထဲကိုကြည့်လိုက်တော့ အရပ်ပုပုနဲ့ လူတစ် ယောက်ထွက်လာပြီး . . .

"ဘာကိစ္စလဲ . . .ဘယ်သူနဲ့တွေ့ချင်တာလဲ"

"ဖိုးရှုပ်ဆိုတာ ခင်ဗျားလား"

"ဟုတ်တယ် . . .ဘာကိစ္စ"

"မန္တလေးက လာတာပါ . . .နန်းစောသီဆီကို သွား ချင်လို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ဆိုင်ကယ်ကို ကားဂိတ်မှာရှာတော့ မတွေ့လို့စုံစမ်းပြီး လိုက်ခဲ့တာပါ..."

"မန္တလေးက လာမယ့်သူက မိန်းကလေးတစ်ဦးပါ... ခင်ဗျားတို့မဟုတ်ဘူး"

"သူမလာဖြစ်လို့ ကိုယ်စားလာတာ..."

"ကျုပ်မယုံဘူး..."

"ဖိုးရှုပ်...ဒီမှာတွေ့လား"

"ခင်ဗျား..."

နေရှိင်း...ချိုင်းကြားမှ ပစ္စတိုကိုထုတ်ပြီး ချိန်လိုက်သည်။

"ငါနောက်ထပ်စကားတွေမပြောချင်ဘူး...နန်းစောသီ ဆီကို မင်းပို့မပေးချင်ရင်တောင် နေရာကိုညွှန်လိုက်ပါ..."

"သူ့ဆီကို ဝင်ပြီးတွေ့ဖို့ဆိုတာ မလွယ်ဘူး"

"မင်းသာ...နန်းစောသီဘယ်မှာနေတယ်ပဲ ပြောပါ ကျန်တာ ငါတို့ကိစ္စ...မင်းဘက်က ငါတို့နဲ့ပူးပေါင်းမယ်ဆိုရင် မင်းအတွက် အလားအလာကောင်းတွေရှိလာမယ်"

"ခင်ဗျားတို့က စုံထောက်တွေပေါ့..."

"မင်း ခပ်တုံးတုံးကောင်တော့ ဟုတ်မယ်မထင်ဘူး... မင်းတို့ထဲက ကောင်းစံဆိုတဲ့ကောင်တောင် ဟိုမှာဖမ်းထားတယ်"





နေရှိင်း...ဇင်သော်ကို အချက်ပြပြီး လှမ်းခေါ်လိုက်သည်။ အိမ်ထဲတွင် ဖိုးရှုပ်နှင့် ကောင်းစံကို လက်ထိတ်တွဲခတ်လိုက်ပြီး...

"မင်းတို့အနေနဲ့ ပူးပေါင်းဖို့ စဉ်းစားပြီးပြီလား"

"ပြီး..ပြီးပါပြီ၊ ပြောပြပါ့မယ်၊ နန်းစောသီ...ခု ဦးခမ်းသီ နေအိမ်ထဲမှာ နေပါတယ်"

"သေချာတယ်နော်..."

"သေချာပါတယ် ဆရာ...အိမ်ထဲကို ဝင်ဖို့ဆိုတာ တော့ မလွယ်ဘူး၊ သက်ဆိုင်ရာတပ်ဖွဲ့နဲ့ ဝင်ပြီးရှာရင်လည်း တွေ့မှာမဟုတ်ဘူး...ဦးခမ်းသီက အရမ်းကိုလျင်တယ်"

"ဦးခမ်းသီ အိမ်က...သီးသန့်လား"

"ခေါက်ဆွဲစက်နဲ့ တွဲပြီးနေတာပါ..."

"ဒါလောက်ဆိုရပြီ...လောလောဆယ်တော့ မင်းတို့ကို စခန်းမှာခဏထားမယ်..."

"ဆရာ..."

"စိတ်ချ...ငါတို့ ပြန်လာတာနဲ့ မင်းတို့(၂)ယောက် လုံးကို ပြန်ပြီးလွှတ်ပေးမယ်ဆိုတာယုံ"

ဇင်သော်...နယ်မြေရဲစခန်းကို ဖုန်းဆက်ပြီးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်သည်။ ရဲတပ်ဖွဲ့ကားနှင့် မလာနိုင်းဘဲ ကိုယ်ပိုင်ကား
တစ်စီးဖြင့် လာရန်လည်း သတိပေးလိုက်ရသည်။ မိနစ်ပိုင်
အတွင်း နယ်မြေခံစခန်းမှူး ကိုကိုလတ်နှင့် တပ်ဖွဲ့ဝင်နှစ်ဦး
အရပ်ဝတ်ဖြင့်ရောက်လာသည်။

"စခန်းမှူးရေ...ဒီကောင်နှစ်ကောင်ကို ခဏခေါ်ထား
ဗျာ၊ ဘယ်သူမှ မတွေ့စေနဲ့ ကျုပ်တို့ပြန်လာမှစီစဉ်မယ်..."

"ကောင်းပါပြီ...ဗိုလ်ကြီး"

"စခန်းမှူး..."

"ဟုတ်ကဲ့...ပြောပါ"

"ဦးခမ်းသီနဲ့ ပတ်သက်ပြီး ဘာတွေသိထားလဲ..."

"မှူဆယ်မှာ သူနောက်ကြောင်းတော့ရှင်းတယ်...
ခေါက်ဆွဲစက်ရုံထောင်ပြီး ချမ်းသာနေတဲ့သူပါ၊ တခြားလှုပ်ရှား
မှုကတော့ သိပ်ပြီးမတွေ့ရဘူး...ဆရာတို့ဘက်က ဘာသတင်း
တွေရထားလို့လဲ..."

"သတင်းရထားတာတွေကတော့ ရှိတယ်...ဒါကလည်း
သူ့ခြံထဲက လူတစ်ယောက်ကို အမိဖမ်းနိုင်ဖို့က ကြိုးစားရင်
မှာဆိုတော့...စခန်းမှူးတို့အနေနဲ့ ဦးခမ်းသီခြံထဲကို ဝင်နိုင်မယ့်
နည်းလမ်းမျိုးရှိလား..."

စခန်းမှူး ကိုကိုလတ် ခဏမျှစဉ်းစားပြီး...





"ဟုတ်ပြီ ဆရာ...ဦးခမ်းသီ ဂျူဝယ်ကဲ့ကားက
ည(၆း၀၀)နာရီဆိုရင် ပြန်ပြီးဝင်တယ်... မဝင်ခင် ကားသမား
နှစ်ယောက်က (+ × - × +)စားသောက်ဆိုင်မှာ ငမ်းကြော
ဝင်ပြီး ထတတ်တယ်၊ ဒါကိုဆရာတို့ အခွင့်ကောင်းယူပြီး..
အသုံး ချရင်တော့ရမယ်"

"ကောင်းပြီ စခန်းမှူး...ကျုပ်တို့(၂)ယောက် ခြံကြီး
ထဲကို အရင်ဝင်မယ်၊ ခင်ဗျားတပ်ဖွဲ့ဝင်တွေနဲ့ နောက်သုံးနာရီ
လောက်ကြာရင်ဝင်ခဲ့တော့..."

"ကောင်းပြီ..."

ဗိုလ်ကြီးဇင်သော်သည် အစီအစဉ် အသေးစိတ်ကို
ပြုပြောဆိုပြီး ဖိုးရှုပ် အိမ်ထဲမှပြန်ပြီး ထွက်လာခဲ့ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com

နေရှိုင်းတို့အတွက် အဆင်ပြေချင်တော့ ရပ်ထားသေ
ဂျုံကားမှာ မောင်ရိပ်ထဲမှာဖြစ်ပြီး. . .နောက်ဘက်မှ အထဲ
အလွယ်တကူပဲ ဝင်လိုက်ကြရသည်။

ငနဲသားနှစ်ကောင်မှာ တစ်နာရီလောက်ကြာမှ ဆိုင်
ထွက်လာပြီး. . .ကားစက်နှိုးကာ ထွက်ခဲ့တော့သည်။

နေရှိုင်းနှင့် ဇင်သော်တို့ ဂျုံအိတ်တွေကြားမှာ လိုက်
ရင်း. . .အပြင်ဘက်ကို နားစွင့်ခဲ့ကြသည်။

"ဝူး. . .ကျွိ"

ဂျုံကားကြီး ထိုးရပ်သွားပြီးနောက်. . .စကားသံတွေ
ကြားလိုက်ရပြန်သည်။





"ချစ်ကို. . .ကားကို ဂိုဒေါင်ထဲသာ ဖင်ထိုးပြီးထား
လိုက်တော့. . ."

"ပစ္စည်းတွေ မချဘူးလား. . .ဦးသောင်း"

"မချတော့ဘူး. . .ဒီည ဆရာခမ်းသီပါတီပွဲရှိတယ်၊
အလုပ်စောစောသိမ်းမှာကွ. .ညဆိုင်းသမားတွေတောင် ဒီနေ့
အလုပ်နားတယ်"

"ဒါဆို ပြီးရောဗျာ. . ."

ကားပြန်ပြီး မောင်းထွက်ကာ. . .ဂိုဒေါင်ထဲသို့ ဝင်ခဲ့
လေ၏။

"ဂျိုင်း. . ."

ဂိုဒေါင်တံခါးကို ပိတ်တော့မှ နှစ်ယောက်သား ကား
အပြင်သို့ ထွက်ခဲ့ကြသည်။

"မှောင်မဲနေတာပဲ. . .ဘာမှမမြင်ရဘူး"

"ဒီမှာ အသေးစားဓာတ်မီးပါတယ်. . ."

နေရှိုင်း ဘောင်းဘီထဲမှ မီးခြစ်ဓာတ်မီးလေးကို ထုတ်
၏။ ဂိုဒေါင်ထဲမှ ထွက်ပေါက်ကိုရှာပေမယ့်. . .အပြင်ဘက်မှ
သော့ပိတ်လိုက်ပြီ ဖြစ်သောကြောင့် ထွက်ဖို့ခက်ခဲနေလေသည်။

"ဘယ်လိုကြံမလဲ. . ."

မီးခြစ်ဓာတ်မီးလေးနဲ့ နေရာစုံကို ထိုးကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့...

"ဟုတ်ပြီ...ဟိုသွပ်ချပ်ကို ခွာပြီးထွက်ရမယ်"

"အပြင်ဘက်မှာ ဘယ်လို အနေအထားရှိလဲဆိုတ နားစွင့်ဦး နေရိုင်း...ကိုယ်ထွက်တဲ့အပေါက်မှာ လူရောက် ရင်ခက်မယ်..."

နေရိုင်း..သံချပ်ပြုတ်နေသော သွပ်ချပ်လေးကို ပါလ သော ဓားမြှောင်ဖြင့်ကလန့်ပြီး အပြင်သို့ကြည့်လိုက်သည်။

"ဒီနားမှာတော့ လူမတွေ့ဘူး...ခြံထဲမှာတော့ မီးခွေ တွေ ထိန်နေတာပဲ"

"ခမ်းသီဆိုတဲ့ကောင် ပါတီပေးနေတာ ဖြစ်မှာပေါ့"

နေရိုင်း သွပ်ချပ်တွေကို လူတစ်ကိုယ်စာထွက် အောင်လုပ်ပြီး...တစ်ယောက်ချင်းထွက်ခဲ့လေသည်။

အလုပ်သမားတွေအားလုံး ခမ်းသီ၏ ပါတီပွဲတွင်ဝိုင် လုပ်ကိုင်နေရသောကြောင့် စက်ရုံနားတွင်မရှိပေ...တ လုံခြုံရေးသမားတွေက အရက်ဝိုင်းဖွဲ့ပြီး ပတ်ဝန်းကျင် သိပ်ပြီးဂရုမပြုကြသဖြင့် နေရိုင်းတို့ ဟိုလိုလိုဒီလိုလိုနှင့် ရော ပြီး...ပါတီပွဲ၏စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်ကြရင်း နန်းစေ ကို ရှာဖွေလေသည်။

"ဇင်သော်...ဟိုမှာ နန်းစောသီ မဟုတ်လား"





"ဟုတ်တယ်..."

အိမ်ကြီး၏ အပေါ်ထပ်ဝရံတာတွင် အနီရောင်ဝတ်စုံ ဖြင့် ရပ်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

"သေချာမှ ဖြစ်မယ်နော်...ငါတို့က နန်းစောသီကို ဓာတ်ပုံပဲတွေ့ဘူးတာဆိုတော့ လွဲချော်နေဦးမယ်"

"သေချာအောင်တော့ အရင်ဆုံးစမ်းသပ်ပြီးမှ ဖမ်းရ မှာပေါ့...ဇင်သော် မင်းကဒီမှာ အခြေအနေကို စောင့်ပြီး နေခဲ့၊ ငါနောက်ဖေးဘက်ကနေ အိမ်ပေါ်ကိုရောက်အောင်တက် မယ်..."

"ကောင်းပြီ...နေရိုင်း"

နေရိုင်း လူအုပ်ကြားမှ ရောထွေးပြီး အိမ်ကြီးနောက် ဘက်သို့ ထွက်လာခဲ့သည်။

"ဟင်..."

နောက်ဘက်တွင် ခမ်းသီ၏လူများ ဝိုင်းဖွဲ့ပြီးနေကြ သဖြင့်...ဘယ်လိုမှ အိမ်ကြီးပေါ်သို့တက်ရန်မလွယ်...

နေရိုင်းအကြံအိုက်သွားပြီးနောက် သတိပြုမိတာတစ်ခု ကို တွေ့သွားသည်။ စားပွဲဝိုင်းတွေတွင် အစားအသောက်တွေကို ပို့နေသည့် လူတွေကအပြာရောင် ဝတ်စုံတွေနှင့် ဦးထုပ်တွေ ဆောင်းထားခြင်းပင်...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ..."

နေရှိင်းနှင့် ခပ်လှမ်းလှမ်းနေရာတွင် အပေါ့အပါးသွားရန် အပြာရောင်ဝတ်စုံနှင့် လူတစ်ယောက်လာနေသဖြင့် အနားသို့သွားပြီး...

"ဟေ့လူ..."

"ဒုတ်...အီ"

နေရှိင်း ဇက်ကြောကိုတစ်ချက်တည်းနှင့် ရိုက်ချလိုက်ပြီး၊ သစ်ပင်ချုံကြီးထဲသို့ဆွဲခေါ်ကာ...အကျီချွတ်လဲယူပြီး ဝတ်ဆင်လိုက်ရသည်။ အားလုံးပြီးစီးတော့မှ ဟန်မပျက်ထွက်လာပြီး...စားသောက်စရာဗန်းလေးကို ကိုင်ပြီး၊ အိမ်ကြီးဘက်သို့ လျှောက်လာခဲ့သည်။

အိမ်အပေါက်ဝတွင် လူတစ်ယောက်စောင့်နေပြီး...

"ဒါ ဘယ်လဲ..."

"မမလေးက သူ့အတွက် စားစရာပို့ခိုင်းတယ်ဆိုလို့ ဆရာခမ်းသီက လွှတ်လိုက်တာ...ခင်ဗျား ယူသွားပေးပါ"

"ဟာကွာ...ကိုယ့်ကိစ္စ ကိုယ်ပဲရှင်း...ဒီမှာ အရက်သောက်မလို့ သွား...သွား"

နေရှိင်းစားစရာ ဗန်းလေးကို ကိုင်ပြီး...အပေါ်ထပ်သို့ တက်ခဲ့သည်။





အပေါ်ထပ် ဆိုဖာပေါ်တွင် နန်းစောသီထိုင်လျက်..

"မင်း...ဘာလာလုပ်တာလဲ"

"ဆရာဦးခမ်းသီက ပို့ခိုင်းလိုက်လို့..."

"အလုပ်ရှာလို့ကွာ...ငါက ဒါတွေမကြိုက်ဘူး၊ ပြန်ပြီးယူသွား"

"ဩော်...မမလေး နန်းစောသီ"

"ဘာလဲ...နင်က ငါ့နာမည်ကို ဘယ်လိုလုပ်ပြီးသိတာလဲ...ပြောစမ်း"

နေရှိင်းအတွက် နန်းစောသီဆိုတာ လုံးဝသေချာသွားပြီဖြစ်သောကြောင့်...

"ဘယ်သူမှ မပြောပါဘူးဗျာ...တွေ့ချင်လွန်းလို့ လိုက်လာတာ"

"နင်...နင်"

ဒေါ်နန်းစောသီ မလှုပ်မယှက်ဘဲ ထိုင်နေပါ...ခင်ဗျားအတွက် လွတ်လမ်းမရှိတော့ပါဘူး"

"ရှင်..."

"ကျုပ်နာမည် ခင်ဗျားကြားဘူးမှာပါ...နေရှိင်းတဲ့"

"နေရှိင်း..."

"လားရှိုးမြို့မှာ နေခဲ့ဘူးတဲ့သူဆိုရင်တော့ သိမှာပါ..



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး အဖမ်းခံပါ"

"ကောင်းပြီလေ...ကျွန်မ အဖမ်းခံပါ့မယ်"

"ဟင်...မထန့်"

နေရှင်း စကားပင်မဆုံးလိုက်...နန်းစောသီထိုင်ရာမှ ထပြီး၊ လက်ထဲမှ ဓားမြှောင်နှင့် လှမ်းပြီးပစ်လေသည်။

"ဗိုး...ဒုတ်"

နေရှင်း ခေါင်းကို ကပ်သီရှောင်တိမ်းပြီး...သူမကို အပြေးကလေး လက်ပြန်ရိုက်ချလိုက်ရသည်။

"အမေ့..."

"ဟော့ကောင်...မင်း...ဟော့ကောင်တွေ ရန်သူ... ရန်သူ"

"ဒိုင်း..."

နေရှင်း သေနတ်သံပေးလိုက်ရသည်။ ဒါမှ အပြင်တွင် စောင့်နေသော ရဲတပ်ဖွဲ့ဝင်တွေနှင့် ဗိုလ်ကြီးဇင်သော်လှုပ်ရှား နိုင်မည်ဖြစ်သည်။

နေရှင်း သေနတ်သံကြောင့် ဦးခမ်းသီလူတွေ နောက် တွန့်သွားပြီး အပြင်ဘက်မှ ရဲတပ်ဖွဲ့ဝင်တွေပါ ဝင်ရောက်လာ ပြီဖြစ်သဖြင့်...

"ဦးခမ်းသီ မပြေးနဲ့..."





"ဒိုင်း..."

"အား..."

ဦးခမ်းသီ သူ့ဘေးကတပည့်ကို ဓားစာခံလုပ်ပြီး... နေရှင်းသေနတ်ကျည်ဆံကို ကာကွယ်ကာ ပြေးထွက်သွားတော့သည်။

နာရီပိုင်းအတွင်းမှာ ဦးခမ်းသီအိမ်ကြီးကို တပ်ဖွဲ့ဝင်တွေ ထိန်းသိမ်းလိုက်ပြီဖြစ်သည်။

"နေရှင်း ဘယ်လိုလဲ..."

"မလွဲသာတာနဲ့ ခဏသိပ်ထားလိုက်ရတယ်.. ဦးခမ်းသီတော့ လွတ်သွားတယ်ဗိုလ်ကြီး"

"အရေးကြီးတဲ့ တရားခံမိပြီပဲကွာ...သွားကြမယ်၊ တပ်ဖွဲ့ရုံးချုပ်ဌာနနဲ့ပဲ ဌာနချုပ်ကို ခေါ်သွားရမှာပဲ"

နေရှင်း...နန်းစောသီကို ပခုံးပေါ်တင်ပြီး ခေါ်ဆောင်လာခဲ့သည်။

"စခန်းမှူးနဲ့ နယ်မြေခံတာဝန်ရှိသူတွေက ဦးခမ်းသီနဲ့ သက်ဆိုင်တဲ့ကိစ္စတွေကို ဆောက်ရွက်ကြပါ...ကျွန်တော်တို့က အရေးကြီးတဲ့ တရားခံနဲ့ ဌာနချုပ်ကို ညတွင်းချင်းပဲပြန်ကြ ရပါမယ်..."

"ကောင်းပါပြီ...ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"လေဆိပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ လိုက်ပြီးပို့ပေးပါ"

"ဟုတ်ကဲ့..."

စက်ရုံဝင်းကြီးထဲမှ ရဟတ်ယာဉ်ဆင်းသက်မည့် ကွင်းဆီသို့ ကားဖြင့်ထွက်လာခဲ့ကြတော့သည်။

"ဗိုလ်ကြီး...ရဟတ်ယာဉ်က ဘယ်အချိန်ရောက်မှာလဲ..."

"နာရီဝက်အတွင်းလောက်ကို ရောက်မှာပါ...ခဏတော့ စောင့်ရမှာပေါ့"

နေရှိုင်းတို့ကားကို ရဲတပ်ဖွဲ့ဝင်ကား(၂)စီး ခြံရံလျက် မောင်းလာခဲ့စဉ်...

"ရွှီ..."

"ဝုန်း..."

အဝေးမှ လက်နက်ကြီးနှင့် လှမ်းပြီးပစ်လေသည်။ ထိရောက်မှုတော့ မရှိပေ။

နေရှိုင်း ကားမောင်းသူနှင့် နေရာချင်းလဲကာ...မောင်းခဲ့သည်။

သူတို့ မောင်းနေသောနေရာက လမ်းသွယ်ဖြစ်သောကြောင့် သေနတ်သမားတွေ ပစ်ခတ်နိုင်သည်။

"ဒိုင်း..."





"အ..."

"နေရှိုင်း..."

"ရတယ် ဗိုလ်ကြီး...လက်မောင်းကိုထိသွားတာ၊ နန်းစောသီနဲ့ဗိုလ်ကြီးတွဲပြီး လက်ထိတ်ခတ်ထားလိုက်တော့.."

"အေး...ချောက်...ချောက်"

သတိမေ့နေသော နန်းစောသီနှင့် ဗိုလ်ကြီးဇင်သော် လက်ထိတ်တွဲပြီးခတ်လိုက်ပြီး...ပစ်ခတ်နေသော ကျည်ဆံများကြားမှာ သတိနှင့်ကားကို မောင်းနေခဲ့သည်။

"ရွှီ...ဝုန်း..."

"ဒိုင်း...အင့်...အား"

တပ်မတော်စစ်ကြောင်းတစ်ခုက ထိုးစစ်ဆင်ပြီး...ချောင်းမြောင်းပစ်ခတ်နေသူများကို တရကြမ်းဝင်ပြီး တိုက်ခိုက်သောကြောင့် နေရှိုင်းတို့သက်သာရာ ရသွားလေသည်။ ရဟတ်ယာဉ်ဆင်းသက်မည့်နေရာထိ ရဲတပ်ဖွဲ့ဝင်တွေနဲ့ စစ်ဘက်ဆိုင်ရာ တပ်တွေပါစောင့်ရှောက်ပေးထားသည်။

"ဒတ်...ဒတ်...ဒတ်"

"ရဟတ်ယာဉ်လာပြီ..."

"အီ...အား...ကျွတ်...ကျွတ်"

"မင်းသတိရပြီလား...နန်းစောသီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဘယ်ခေါ်သွားမှာလဲ..."

"မင်းရောက်တဲ့အခါတော့ သိရမှာပေါ့ကွာ..."

"သွားကြမယ်ဟေ့..."

နေရိုင်းနှင့် မိုလ်ကြီးဇင်သော် တာဝန်ရှိသောသူများကို နှုတ်ဆက်ပြီး ရဟတ်ယာဉ်ပေါ်သို့ တက်ခဲ့ကြသည်။

"ရှင်သိပ်ပြီးတော်တဲ့သူဆိုတာ...ကျွန်မလက်တွေ့ သိလိုက်ရပါပြီ"

"ကျေးဇူးတင်ပါတယ်...နန်းစောသီ"

"ဒါပေမယ့်...ရှင်တို့သိချင်တာတွေက ကျွန်မဆီက ရမှာမဟုတ်ပါဘူး"

"မင်း ဘယ်လောက်ခေါင်းမာမာ...ကိစ္စမရှိဘူး မင်း နှုတ်ဖျားက ထုတ်ပြောမှငါတို့က သိရမှာမဟုတ်ပါဘူး... မင်းတို့ ရွှေရောင်ပန်းအဖွဲ့ကြီးကို မကြာခင်တစ်ယောက်မကျန် ဖမ်းတော့မှာပါ"

"ရှင့်စကားက သေချာရဲ့လား..."

"မင်းနဲ့အတူ ရောက်လာမယ့်လူတွေကို မင်းမကြာခင် တွေ့ရမှာပါ"

"ရှင်...ဘယ်လောက်ထိစွမ်းတယ်ဆိုတာ စောင့်ကြည့် ရတာပေါ့"





"မင်း ကျူးလွန်ခဲ့တဲ့အပြစ်တွေက နိုင်ငံတော်ရဲ့အကြီး မားဆုံး ပြစ်မှုကြီးဆိုတာတော့ သဘောပေါက်မှာပါနော်"

"ဟင်..."

သူမ...နေရိုင်းစကားကြောင့် သူမ၏အပြစ်တွေပေါ်မှာ ပြန်ပြီးသတိဝင်ကာ မျက်နှာလေးညှိုးကျသွားတော့သည်။

"မင်း အသက်အရွယ်နဲ့ မင်းဘဝကို ထောင်ထဲမှာ အဆုံးမသတ်ချင်ရင်တော့...မင်းခေါင်းမာနေမယ့်ကိစ္စကို စဉ်းစားလိုက်လေ..."

သူမထံမှ ဘာစကားမှ ထွက်မလာတော့ဘဲ၊ တစ်ခုခု ကို လေးလေးနက်နက်စဉ်းစားနေလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၄

"မင်း . . . သျှင်ထန်ကို သတ်လိုက်တာ နှုတ်ပိတ်
သဘောလား နန်းစောသီ"

"မဟုတ်ပါဘူး ဆရာနေရိုင်း . . . သူ့ဘက်က သ
ဖောက်ခဲ့လို့"

"သူက ဘယ်လိုသစ္စာဖောက်လို့လဲ . . ."

"ရွှေရောင်ပန်းအဖွဲ့ကို တစ်ပတ်ရိုက်ပြီး၊ ဦးစိန်ဘွာ
ပေါင်းပြီး . . . စိန်ကြီးကို အတုဖြစ်အောင်လုပ်ခဲ့လို့ပါ"

"မင်းတို့ ရွှေရောင်ပန်းအဖွဲ့က လုပ်တာမဟုတ်ဘူးလ

"မဟုတ်ခဲ့ပါဘူး . . . ရွှေရောင်ပန်းအဖွဲ့က စိန်တုံး
အရယူဖို့ပဲ စီစဉ်ခဲ့ပေမယ့် . . . အဲဒီနေ့က ဗိုလ်ကြီးဇင်သေ
တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ပစ်ခတ်မှုကြောင့် မအောင်





ခဲ့ဘူး . . . ဒါပေမယ့် စိန်တုံးကြီးအစစ်ကနေ အတုဖြစ်သွားတာ
ကို နောက်ဆက်တွဲစစ်ကြည့်လိုက်တော့ သျှင်ထန်နဲ့ဦးစိန်ထွား
ပေါင်းပြီး ကြံစည်ခဲ့တယ်ဆိုတာကိုသိလို့ အပြတ်ရှင်းလိုက်ရ
တာပါ"

"စိန်တုံးကြီးက ဦးစိန်ဘွားဆီမှာပေါ့ . . ."

"သေချာသလောက်တော့ ရှိပါတယ် . . . သျှင်ထန်ကို
မေးခဲ့ပေမယ့်၊ သူက ငြင်းခဲ့တယ်"

"မင်းနဲ့ သျှင်ထန်က ချစ်သူတွေမဟုတ်ဘူးလား . . ."

"ဟုတ်ပါတယ် . . . ဒါပေမယ့် ရွှေရောင်ပန်းအဖွဲ့နဲ့
တ်သက်ပြီးချစ်သူဆိုတာ မရှိပါဘူး"

"မင်းတို့အဖွဲ့ကို ဗားရမ်းတဲ့သူက . . . ဘယ်သူလဲ"

"ကျွန်မ မသိဘူး . . . ကျွန်မတို့ကို ညွှန်ကြားပေးနေတဲ့
သူက အိုက်ကောင်းစံပါ"

"သူက ခေါင်းဆောင်လား . . ."

"ဒု ခေါင်းဆောင်တစ်ဦးပါ . . . ထိပ်တန်းခေါင်းဆောင်
ကိုတော့ တစ်ခါမှ မတွေ့ဖူးပါဘူး"

"တရုပ်ပြည်ထဲမှာ နေလား . . . ဘာလူမျိုးလဲ"

"တရုပ်လူမျိုးတစ်ဦးပါ . . ."

"ဦးစိန်ဘွားနဲ့ မင်းတို့အဖွဲ့ . . . ဆက်နွယ်မှုရှိလား"



www.burmeseclassic.com

"မရှိပါဘူး. . .သူက ရှမ်းပြည်နယ်မြောက်ပိုင်းဘ
မှာ ကြေးစားတပ်တွေကို ထောက်ပံ့ပြီး ကွပ်ကဲနေတဲ့သူတစ်ဦး
သိပ်ပြီး ကြောက်ဖို့ကောင်းတဲ့ လူ့ဘီလူးကြီးတစ်ဦးပါ. . .

"မင်းသိသလောက် ပြောပြပါလား. . ."

"ကျွန်မတို့ ရွှေရောင်ပန်းအဖွဲ့ဟာ ဒုစရိုက်လုပ်ငန်း
ကိုသာ လုပ်ကိုင်နေပေမယ့်. . .သူ့လိုမယုတ်မာခဲ့ဘူး၊ သူ
မြန်မာပြည်ကို ဖျက်ဆီးဖို့ကြိုးစားနေသူပါ. . .ခု စိန်ကြိ
အပိုင်စီးပြီး၊ တောင့်တင်းတဲ့သူပုန်တပ်ကြီးတစ်ခုကို ထူထော
ဖို့ကြိုးစားနေတာ. . .ဒီအတွက် ငွေတွေရဖို့ဆိုရင် မူးယ
ဆေးဝါး၊ လူမှောင်ခိုလုပ်ငန်းတွေကို လုပ်ကိုင်နေပါတယ်"

"မင်းပြောတဲ့စကားတွေကို ခိုင်မာအောင်စုံစမ်းပါဦးမ

"ကျွန်မ. . .ဦးစိန်ဘွားကို ချောက်ချပြီး၊ ရွှေရောင်
အဖွဲ့နောက်ကို ခြေရာမခံနိုင်အောင်ဆိုတဲ့သဘောနဲ့ ပြော
တာမဟုတ်ပါဘူး. . .ဦးစိန်ဘွားနဲ့ ပတ်သက်ပြီးပြည့်ပြည့်
သိချင်ရင် လူတစ်ယောက်ဆီကို သွားတွေ့လိုက်ပါ. . ."

"ဘယ်သူလဲ. . ."

"ယူနန်ပြည်နယ်ထဲမှာနေတဲ့ ရှမ်းလူမျိုး တစ်ယော
ပါ၊ ခုတော့ တရုပ်ပြည်သားခံယူပြီး. . .ဟိုမှာ အိမ်ထောင်က
ပါပြီ ဦးကန်ကော်မောင်လို့ခေါ်ပါတယ်. .သူဟာ ဦးစိန်ဘွ





ရက်စက်ခြင်းကိုခံခဲ့ရတဲ့ အရင်ကသူပုန်ခေါင်းဆောင်တစ်ဦးပါ
အပြစ်ဒဏ်ခံယူပြီး ယူနန်ဘက်မှာ ဘဝကို ဇာတ်မြှုပ်ပြီး
နေတာပါ. . ."

"ကောင်းပြီ. . .နန်းစောသီ မင်းဆီက ကြားရတဲ့
သတင်းဟာ တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့သတင်း
စ်ခုပါပဲ. . .ဒီအတွက် မင်းကို တရားဥပဒေလမ်းကြောင်း
ပါကနေ ကူညီနိုင်သလောက် ကူညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . .ဆရာနေရှိုင်း"

"သူ့ကို. . .ခေါ်သွားနိုင်ပါပြီ"

ရဲမေနှစ်ယောက်. . .နန်းစောသီကို ခေါ်ဆောင်သွား
းနောက်၊ အပြင်ဘက်စားပွဲဝိုင်းတွင် ဗိုလ်ကြီးဇင်သော်နှင့်
ရှိုင်းတို့ထိုင်လျက်. . .

"ဗိုလ်ကြီး. . .စိန်တုံးကြီးနဲ့ ပတ်သက်ပြီး အဖြေက
တော့ ရှင်းသွားပြီ"

"ရှင်းတာတော့ ဟုတ်ပါတယ်. . .ဒါပေမယ့် ဦးစိန်ဘွား
ပတ်သက်ပြီး ဒီအတိုင်းလွှတ်ထားလို့ မရတော့ဘူး"

"ကျွန်တော်တို့ဘက်က ခိုင်လုံတဲ့သက်သေမရှိဘဲနဲ့
းလို့မရသေးဘူး. . .နန်းစောသီပြောတဲ့ စကားတွေနဲ့တော့
ရားရုံးတင်ဖို့ မလွယ်ဘူး"

www.burmeseclassic.com



"ရဲချုပ်ကြီးဆီကို...ခု လက်ရှိ ဖြစ်ပေါ်နေတဲ့ အခြေ
အနေကို တင်ပြပြီး ဦးစိန်ဘွားနဲ့ပတ်သက်ပြီး...လုပ်ပိုင်ခွင့်ကို
တောင့်ရမှာပဲ နေရှိင်းရေ"

မိုလ်ကြီးဇင်သော်စကားကို ခေါင်းသာညိတ်လိုက်လေ
သည်။

ယူနန်နယ်ထဲသို့...နေရှိင်းတို့(၂)ယောက်ဝင်ရောက်
လေပြီ...

"ယူနန်ပြည်နယ်ကြီးက တကယ့်ကို တိုးတက်နေပြီပဲ"

"ဟုတ်တယ်...နေရှိင်း။ တရုပ်ပြည်ရဲ့တိုးတက်မှုတွေ
ရာစုသစ်တစ်ခုမှာ အရှိန်အဟုန်အမြင့်ဆုံးဖြစ်လာတယ်၊
...ခဲ့တဲ့(၅)နှစ်လောက်က ရောက်ခဲ့ဘူးတဲ့အခြေ အနေနဲ့တောင်
...တော့ဘူး"

အငှားကားပေါ်မှာ လိုက်ပါလာရင်း . . .ဘေးရှုခင်း
...ကို နေရှိင်းကြည့်နေမိသည်။

"ဆရာတို့သွားမယ့်နေရာကို ရောက်တော့မယ်...ယူနန်
...ကို အလည်သက်သက်လာတာလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ပဲဆိုရမှာပေါ့...ဒီမှာ အခြေအနေရွေ
ကောင်းရဲ့လား"

"မဆိုးပါဘူး...ဒါပေမယ့် နယ်စပ်လောက်တော့
ငွေရှာရတာမကောင်းဘူး"

"ဒါဆိုလည်း နယ်စပ်ဘက်ကို ထွက်ပြီးလုပ်ပေါ့ဗျာ"

"မလွယ်ပါဘူးဗျာ...နယ်စပ်မှာ ဒုစရိုက်ကောင်တွေ
က အရမ်းဒုက္ခပေးနေတယ်...သူတို့ကို ဆက်ကြေးပေးနေ
တာနဲ့ မဟန်လို့ မြို့ပေါ်မှာကားပဲ မောင်းနေရတာ..."

"ကျုပ်တို့ ပြောတဲ့နေရာက လိုသေးလား..."

"ရွှေနှားက...စာတ်တိုင်ပဲဆရာ"

"ဒါဆို...ကားကို ဒီမှာပဲရပ်ပေးဗျာ"

"ကောင်းပြီ"

ကားပေါ်မှ ဆင်းပြီး လမ်းဆင်းလျှောက်လာခဲ့သည်

"ရဲချုပ်ကြီးဆီက နောက်ဆုံး...ဘာညွှန်ကြား
ဖိုလ်ကြီး"

"စိန်ဘွားကို အမြန်ဆုံး သက်သေအနိုင်အလုံနဲ့
နိုင်အောင်ကြိုးစားခိုင်းလိုက်တယ်..."

"ဦးကန်ကော်မောင်ဆီက သိသင့်တာကိုသိရရင်တော့
ဦးစိန်ဘွားနောက်ကို စပြီးခြေရာခံလို့တော့ ရပါပြီ"





"သူ့ပုံစံက မြန်မာပြည်မှာရော...တရုပ်ပြည်မှာရော
နေတဲ့ပုံစံနော်"

"ဟုတ်တယ်...အရေးကြီးတာက ကိုယ့်နယ်မြေပေါ်
မှာ ဖမ်းမိနိုင်ဖို့တော့ ကြိုးစားရမှာပဲ"

"ငါတို့ လိပ်စာထဲကအိမ်က...ရှေ့က ခေါက်ဆွဲဆိုင်
ကြီးပါလား..."

"ခေါက်ဆွဲစားရင်း မေးကြတာပေါ့"

ခေါက်ဆွဲဆိုင်ထဲသို့ ဝင်ပြီး...လွတ်နေသော စားပွဲ
တွင် ဝင်ပြီးထိုင်သည်နှင့်...ခြေတစ်ဖက်မသန်သည့် လူကြီး
တစ်ယောက် ချိုင်းထောက်ကို အားပြုပြီး သူတို့ဝိုင်းဆီသို့လာ
ကာ...

"ကောင်လေးတို့ ဘာစားကြမလဲ..."

"ခေါက်ဆွဲပြုတ်(၂)ပွဲပေးပါ..."

"ရစေရမယ်...ကျိုင်ရေ ခေါက်ဆွဲပြုတ်(၂)ပွဲ၊ သြော်
ဒါနဲ့ ကောင်လေးတို့က မြန်မာဘက်ကလာတာနဲ့တူတယ်"

"ဟုတ်ပါတယ်..."

တရုပ်လိုမပြောဘဲ မြန်မာသံကို ပီပီသသပြောနေသူ
လူကြီးကို နေရိုင်းလေ့လာလိုက်ပြီး...

"ဦးလေးနာမည်က ဦးကန်ကော်မောင်လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ကွယ် . . .မြန်မာနိုင်ငံသားတစ်ဦး၏ အကြောင်းကြောင်းကြောင့် ဒီဘက်မှာလာပြီးနေရတာ . . . ကောင်လေးက သိလို့လား"

"မသိပါဘူး . . .ဦးလေးနာမည်ကြောင့် လာခဲ့တာပါ"

"ဦးလေးဆီလား . . ."

"ဟုတ်ပါတယ်"

"ကိစ္စရှိလို့လားကွယ် . . ."

"ဟုတ်ကဲ့ . . .အေးအေးဆေးဆေး စကားပြောလို့ရမ လား . . ."

"ရပါတယ် . . .ခေါက်ဆွဲပြုတ်စားပြီးရင် အိမ်ထဲမှာ စကားပြောကြတာပေါ့"

"ဆိုင်က ရရဲ့လား . . ."

"ရတယ် . . .ဦးလေး အလုပ်သမားလေးကို ခေါက်ဆွဲ သွားဝယ်ခိုင်းထားလို့ ဦးလေးက ဝင်ပြီးကူတာပါ . . .ဟော ဟိုမှာ ပြန်တောင်လာနေပြီ၊ ဖြည်းဖြည်းစားကြကွယ် . . .ပြီးရင် အိမ်ထဲလာခဲ့ကြ . . ."

"ဟုတ်ကဲ့ . . ."

ဦးကန်ကော်မောင် ပြန်ထွက်သွားပြီး . .လာချပေးသော ခေါက်ဆွဲပြုတ်ကို စားသောက်ကာ အိမ်ထဲသို့ဝင်ခဲ့ကြသည်





"ထိုင်ကြကွယ် . . ."

အိမ်ရှေ့ ထိုင်ခုံလေးတွင်နေရာပေးလိုက်သဖြင့် နေရိုင်း တို့ဝင်ပြီးထိုင်ကာ . . .

"ကဲ . . .ဘာကိစ္စပြောချင်တာလဲ"

"ဦးစိန်ဘွား . . ."

"ဘာ . . .စိန်ဘွားဟုတ်လား"

ဦးစိန်ဘွား အမည်ကိုကြားလိုက်သည်နှင့် . . . ဦးကန်ကော်မောင် မျက်နှာတွင် ခက်ထန်သွားပြီးနောက် . . .

"ဒီလူယုတ်မာအကြောင်းကို နာမည်တောင်မကြားချင် ဘူး . . ."

ဗိုလ်ကြီးဇင်သော်က သူတို့ဘယ်သူဘယ်ဝါဆိုသည်ကို အသိပေးပြီး . . .

"ဦးလေးဆီက အကူအညီလိုချင်လို့ . .လာခဲ့ကြတာပါ"

"ဟုတ်ပါတယ် . . .ဦးစိန်ဘွားဟာ တိုင်းပြည်အတွက် ကြောက်စရာကောင်းတဲ့ အလုပ်ကိုလုပ်ဖို့ ပြင်ဆင်နေလို့အချိန် မီတားဆီးနိုင်အောင်လို့ပါ . . ."

"ကိုယ်က ကိုယ့်တိုင်းပြည်မှာ မနေပေမယ့်၊ စိတ်က တော့ မပြောင်းလဲပါဘူးကွာ . . .တိုင်းပြည်အတွက်အရေးပါတဲ့ ကိစ္စဆိုတော့လည်း ဒင်းနဲ့ပတ်သက်ပြီးပြောပြပါ့မယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်ဘွားဆိုတာ မြန်မာနာမည်ပါ သူ့မှာရှမ်းနာမည်တစ်ခု ရှိတယ်...ခွန်ချောင်လျှံ တစ်ချိန်က ရှမ်းပြည်နယ်လွတ်မြောက် ရေး ဆိုပြီး အစိုးရကို ဆန့်ကျင်ခဲ့တဲ့အထဲမှာ ဦးလေးလည်းပါခဲ့ တယ် . . .နောက်ပိုင်းကျတော့ စိန်ဘွားရဲ့လုပ်ရပ်တွေဟာ တော်လှန်ရေးအသွင်မဆောင်တော့ဘဲ...သူပုန်ဓားပြလို ဖြစ် ခဲ့ပြီး၊ လူသတ် ဓားပြတိုက် ဆက်ကြေးတောင်းတဲ့ အလုပ်တွေ လုပ်ခဲ့တာနဲ့ သူနဲ့လမ်းခွဲခဲ့ကဲ့အထိဖြစ်လာတော့...စိန်ဘွားက သိပ်ပြီးပါးနပ်တဲ့ကောင် အစိုးရထံမှာ လက်နက်ချပြီး၊ သူကိုယ် သူ ငြိမ်းချမ်းရေးသမား လုပ်ခဲ့တယ်...ဦးလေးလည်း သူ့ကို ယုံပြီး သူ့ရဲ့တပည့်အဖြစ်နဲ့ ဆက်ပြီးနေခဲ့တယ်၊ အစိုးရရဲ့ ငဲ့ညှာစာနာမှုကြောင့် အေးအေးချမ်းချမ်းနေရပြီး . . .တရုတ် ပြည်ဘက်မှာ အလုပ်ထွက်ပြီးလုပ်မယ်ဆိုတာနဲ့ လိုက်ခဲ့တယ် ဒင်းက...သူပုန်ဘဝတုန်းက ရခဲ့တဲ့ငွေတွေ ရွှေတွေနဲ့ တရုတ် ပြည်မှာ မူးယစ်ဆေးဝါး အလုပ်တွေကို ဆက်ပြီးလုပ်ခဲ့တယ် ဒါကို ဦးလေးက သိပြီး . . .သူနဲ့လမ်းခွဲချိန်မှာ ဦးလေးကို မကောင်းကြံပြီး ထောင်ကျအောင်အကွက်ဆင်ခဲ့တယ်၊ ဒါပေ မယ့် ကံကောင်းထောက်မစွာ တရုတ်ရဲဘက်က မဖမ်းခင်... ကားက ချောက်ထဲကျပြီး ဦးလေးပေါင်ကျိုးသွားခဲ့ရတာ ဒင်းလောက် ယုတ်မာပြီးလောဘရမ္မက်ကြီးတဲ့သူ မရှိသလောက်





ဘဲ...”

“တရုတ်ပြည်မကြီးမှာ သူ့စီးပွားရေးက...ဘာလုပ်လဲ ဦးလေး”

“ပေါင်မုန့်စက်ရုံတစ်ရုံ ထောင်ထားတယ်...ဒါကလဲ အဓိကစီးပွားရေး မဟုတ်ပါဘူး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု အတွက် ဟန်ပြထောင်ထားတဲ့စက်ရုံပါ...”

“တရုတ်ရဲဘက်က မရိပ်မိဘူးလား...”

“ဒီကောင်က သိပ်ပြီးပိရိတယ် သေသပ်ဟယ်... ဒါကြောင့် ခုထိဘာမှ မဖြစ်တာပေါ့”

“မြန်မာပြည်ဘက်မှာရော...သူ့စီးပွားရေးရှိလား”

“ရှိတယ်..ရှမ်းပြည်နယ်မြောက်ပိုင်းဘက်မှာ လက်ဖက် ခြောက်ပွဲရုံကြီး ထောင်ထားတယ်...အင်း ယူ့ဆီမှာ သိပ်ပြီး ကြောက်စရာကောင်းပြီး လူသတ်ရမှာဝန်မလေးတဲ့ နဂါးညီ နောင်ရှိတယ်”

“နဂါးနီ...နဂါးဖြူဆိုတာလား”

“ဟုတ်တယ်...လူလို့သာပြောရတာ ရက်စက်တဲ့နေရာ မှာ တစ်ဖက်ကမ်းခတ်ပဲ”

“ဦးစိန်ဘွား စိန်တုံးကြီးတစ်တုံး တရုတ်ပြည်ဘက်က ရထားတဲ့သတင်းရော ကြားမိလား”



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကြားတာပေါ့ကွာ...ဒီစိန်တုံးကြီးက တရုပ်ပြည်ဘက်က ရတာမဟုတ်ဘူး။ မြန်မာ့မြေပေါ်က စိန်တုံးကြီး ရခဲ့တာက ညီအစ်ကို(၂)ယောက် အိုက်စံနဲ့အိုက်လျံ...သူတို့နှစ်ယောက်က ဦးစိန်ဘွားအဆက်အသွယ်နဲ့ တရုပ်ပြည်ဘက်ကို ခိုးထုတ်ပြီးရောင်းဖို့လာရင်း...အိုက်စံနဲ့ အိုက်လျံကို တရုပ်ပြည်နယ်စပ်မှာ ရှင်းတော့ တရုပ်ကြေးစားအဖွဲ့တစ်ခုနဲ့ ပက်ပင်းတိုးပြီး၊ တစ်ဝက်စီအပေးအယူတည့်သွားတာ"

"အိုက်စံနဲ့ အိုက်လျံကရော..."

"စိန်ဘွားရဲ့ လက်ရုံးနှစ်ကောင်က ရှင်းပစ်လိုက်ကြတယ်..."

"ဒီစိန်တုံးကြီးကို တရုပ်သူဌေးတစ်ဦးက တရားဝင်ပိုင်ဆိုင်တယ်လို့ သတ်မှတ်ထားတယ်"

"ဒီတရုပ်သူဌေးဟာ တရုပ်နယ်စပ်မှာ လှုပ်ရှားနေတဲ့ ဒုစရိုက်ခေါင်းဆောင်တစ်ဦးပဲ ဖြစ်မှာပေါ့..."

"ဒီလောက်ဆို ဦးစိန်ဘွားနဲ့ပတ်သက်ပြီး ပြည့်စုံသလောက်ရှိပါပြီ...ကျေးဇူးတင်ပါတယ် ဦးလေး...ဦးစိန်ဘွားကို မြန်မာပြည်နယ်နိမိတ်ထဲမှာ ဖမ်းဆီးနိုင်ဖို့တော့ ကြိုးစားရမှာပဲ..."

"ဦးလေးဆီက နောက်ထပ်သတင်းရခဲ့ရင် အကြောင်း





ကြားပေးပါ့မယ်...ဆက်သွယ်ဖို့သာ ပြောခဲ့ပါ"

"ကျေးဇူးတင်ပါတယ် ဦးလေး...ဒါ ကျွန်တော့်ဖုန်းနံပါတ် အရေးကြီးသလို ဆက်သွယ်နိုင်ပါတယ်...သွားခွင့်ပြုပါဦး..."

"ကောင်းပါပြီကွယ်..."

ဦးကန်ကော်မောင်ကို နှုတ်ဆက်ပြီးပြန်ထွက်ခဲ့ကြသည်။

"ဗိုလ်ကြီး...မြန်မာပြည်ဘက်ပြန်ပြီး ကူးမှာလား"

"ကူးရမယ် နေရိုင်း...ငါတို့ဆီက အခြေအနေကို ရဲချုပ်ကြီးက သိချင်လို့ စောင့်နေမှာ"

"ဒါဆို သွားကြမယ်..."

အငှားကားတစ်စီးကို ငှားပြီး..နယ်စပ်ဘက်သို့ ပြန်လာခဲ့ကြတော့သည်။

တရုပ်-မြန်မာ နယ်စပ်လမ်းကြောင်းတစ်ခုဖြစ်သော မူဆယ်ဘက်မှ ပြန်ပြီးကူးရန်အတွက် ပြန်ခဲ့ကြစဉ်...

"ဟေ့...ကားဆရာ ဒါဘယ်ကိုမောင်းနေတာလဲ"

ဗိုလ်ကြီးဇင်သော် သွားနေသည့်လမ်းကြောင်းကို သတိပြုမိကာ...ကားဆရာကို လှမ်းပြီးပြောလိုက်သည်နှင့်...

"ခင်ဗျားတို့ ပိုနိုင်းတဲ့နေရာလေ..."

"ဟေ့လူ...ကားကိုရပ်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား...နောက်ကျသွားပြီ ရပ်လို့

မရဘူး...လှုပ်ရှားဖို့မစဉ်းစားနဲ့ နောက်မှာကျပ်လူတွေ ကပ်ပြီး

ပါလာတယ်"

"မင်းတို့ ဘာသဘောလဲ..."

"ရှင်းရှင်းလေးပါ...သတ်ဖို့"

"လူတစ်ယောက်ကို သတ်တာ သိပ်ပြီးလွယ်နေ

သလားပဲ..."

"ဒီဘက်မှာ ကျည်တစ်တောင့်ဆိုရင် လူတစ်ယောက်

ပဲလေ..."

"သေချာရဲ့လား...စမ်းကြည့်ရအောင်"

"ဝူး..."

"ခွပ်..."

နေရိုင်း...ကားမောင်းသည့်ကောင်၏ မျက်နှာကို

လှမ်းရိုက်ချလိုက်သဖြင့် ကားမှာ ဘေးဘက်သို့ထိုးဆင်းသွား

ကာ...

"ဟင်...ရှေ့မှာ"

သစ်ပင်ကြီးတစ်ပင်ကို လှမ်းတွေ့လိုက်ရသည်။

"ဗိုလ်ကြီး ခုန်ဆင်းတော့..."

"ဝုန်း..."





နေရိုင်းနှင့် ဗိုလ်ကြီးဇင်သော် ကားပေါ်မှအမြန်ဆုံး ခုန်ဆင်းလိုက်ကြရသည်။

ကားမှာ သစ်ပင်ကြီးနှင့်အရှိန်ပြင်းစွာ ဝင်တိုက်သွားပြီး မီးလောင်နေလေသည်။

"ဒိုင်း...ဒိုင်း"

နောက်ဆက်တွဲ ကျည်ဆံတွေပါ ထွက်လာလေသည်။ နေရိုင်းတို့ပြန်လည် ခုခံနိုင်ဖို့အတွက်...လက်နက်က တစ်ဖက်နိုင်ငံတွင်းသို့ သယ်ဆောင်ခွင့်မရှိသောကြောင့် လက်ချည်းသက်သက်ဖြစ်နေလေသည်။ နေရိုင်းတို့ကို အပေါ်မှပစ်နေသောကြောင့် ဘယ်လိုမှ လှုပ်၍ပင်မရ...

"နေရိုင်း...ဟိုမှာ သေနတ်"

နေရိုင်းလက်ချက်ဖြင့် သတိမေ့နေသော ကားမောင်းသမားဘေးတွင်ထွက်ကျနေသော သေနတ်ကိုလှမ်းပြီးတွေ့လိုက်ရသည်။

နေရိုင်း...အပေါ်မှ ပစ်ခတ်နေသောသေနတ်သမားဘက်ရပ်သွားသည်နှင့် သေနတ်ဆီသို့ကိုယ်ကို လိမ့်သွားလိုက်သည်။

"ဒိုင်း...ဒိုင်း...အား...အီး"

သေနတ်လက်ထဲရောက်သည်နှင့် တစ်ချက်ချင်းပစ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကို ရွေးပြီးပစ်ချလိုက်သည်။

နေရိုင်း၏ ပစ်ခတ်ချက်ကြောင့် အပေါ်မှနစ်ယောက် ထိသွားပြီးနောက်...

"ဟော့ကောင်တွေ...အနီးကပ်တက်ပြီး ပစ်ကွာ"

ခေါင်းဆောင်လုပ်သူက တရုပ်လိုအော်ဟစ်ပြောပြီး အတင်းပြေးတက်လာသည်နှင့်...

"ဒိုင်း...ဒိုင်း...ဒိုင်း"

"ဟင်..."

နောက်ဆက်တွဲ သေနတ်သံတွေပါ ပေါ်ထွက်လာပြီး တရုပ်ရဲတပ်ဖွဲ့ဝင်တွေကို တွေ့လိုက်ရသည်။ သေနတ်သမားများ ပြေးသူက ပြေးသလို...ဖမ်းမိသူက ဖမ်းမိသွားလေသည်။

နေရိုင်းနှင့် ဗိုလ်ကြီးဇင်သော်အောက်မှ အပေါ်သို့ တက်လိုက်သည်နှင့်...

"လက်မြှောက်ထားလိုက်..."

တရုပ်ရဲအရာရှိက သေနတ်နဲ့ချိန်ရင်း လက်မြှောက် ခိုင်းသည်။

"ဟာ...မစ္စတာ ဇင်သော်"

"ဟင်...ကျန်ကျို"

ဗိုလ်ကြီးဇင်သော် တရုပ်ပြည်တွင် တာဝန်ထမ်းဆောင်





စဉ်က ရင်းနှီးခဲ့သောသူ ဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲ...မစ္စတာဇင်သော်"

"ကီစ္စတစ်ခုနဲ့ လူတစ်ယောက်ဆီကိုလာရင်း အပြန်မှာ ခုလိုလိုက်ပြီး လုပ်ကြံခံရတာပဲ ကျန်ကျို"

"အေးဗျာ...စိတ်မကောင်းပါဘူး။ ဒီကောင်တွေက ကြေးစားကောင်တွေပါ..ဘာမှမဖြစ်လို့တော်သေးတာပေါ့။ ခုပြန် ပြီး ထွက်မလို့လား"

"ဟုတ်တယ် ကျန်ကျို"

"ဒါဆိုရင် ကျူပ်လိုက်ပြီးပို့ပေးပါ့မယ်..."

"ကျေးဇူးပါပဲဗျာ..."

"မလိုပါဘူးဗျာ...ကိုယ့်ပြည်ထဲရောက်ရင် ကိုယ့်ဘက် က ဧည့်ဝတ်ကျေရမှာပေါ့...မဟုတ်ဘူလား။ ကဲ မိတ်ဆက် ပေးပါဦး"

"သူက...ကျူပ်နဲ့လက်တွဲဖော် ဆရာနေရိုင်းတဲ့"

"ဟုတ်ကဲ့...ကျွန်တော် ကျန်ကျိုပါ"

တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်ပြီး ကျန်ကျို လိုက်ပို့ပေးသောကားနှင့် လိုက်ပါလာခဲ့ကြတော့သည်။

"ကျန်ကျို..."

"ဘာလဲ...မစ္စတာဇင်သော်"



www.burmeseclassic.com

www.burmeseclassic.com



"လွှယ်ဂျယ်နယ်စပ်က အိုက်ကောင်းစံနဲ့ပတ်သက်ပြီး ခင်ဗျား ဘယ်လိုမြင်လဲ..."

"အိုက်ကောင်းစံနဲ့ပတ်သက်ပြီး မပြောချင်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ...ကျန်ကျိ"

"ဘာဖြစ်ရမလဲဗျ...ဒီကောင့်ပေါ်မှာ ကျုပ်သံသယ ဖြစ်နေတာကြာပြီလေ...ဒါပေမယ့် ဒီကောင်က ကျုပ်ကို ရဲ့မှူးကြီးနဲ့ ပန်းသင့်တော့ ကျုပ်တင်ပြတာတွေက အရာမရောက် ဘူးဖြစ်နေတယ်...စိတ်ထဲမှာတော့ နည်းနည်းမှမကျေနပ်ဘူး ဗျာ၊ နောက် ကျုပ်ကို ဒီနယ်ဘက်ကို တာဝန်ပြောင်းရွှေ့လိုက် တာပဲ...ဒီကောင့်ခြေရာတော့ အလွတ်မပေးပါဘူး၊ ပိုင်ကို တစ်နေ့ရဲ့မင်းကြီးဆီကို တိုက်ရိုက်တင်ပြီးရအောင်ဖမ်းမယ်"

"ကျန်ကျိ...ရွှေရောင်ပန်းအဖွဲ့ကို သိလား"

"သိတာပေါ့ ဇင်သော်ရယ်...ကျုပ်အိုက်ကောင်းစံက ဒီအဖွဲ့နဲ့ပတ်သက်ပြီး သံသယဖြစ်နေတာ..."

"ကျန်ကျိ...ခင်ဗျားနဲ့ကျွန်တော် အိုက်ကောင်းစံ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရမယ် ထင်တယ်"

"ဇင်သော်...ခင်ဗျားဆီက အိုက်ကောင်းစံနဲ့ ပတ် သက်ပြီး နိုင်လုံတဲ့သဲလွန်စတွေ သက်သေတွေရရင်... ကျုပ်ဆီကို အကြောင်းကြားစမ်းပါ၊ ခု နယ်စပ်စခန်းတစ်ခုမှာ





ကျုပ်တာဝန်ကျနေတယ်..."

"ကောင်းပြီ ကျန်ကျိ...ခင်ဗျားကို တစ်ခုလောက် မေးချင်တယ်"

"ဘာများလဲ...မစ္စတာဇင်သော်"

"မြန်မာနဲ့ တရုပ်နယ်စပ်ထွက်ပေါက်တွေထဲမှာ ဘယ် ထွက်ပေါက်က မှောင်ခိုသမားတွေ အဝင်အထွက်များလဲ..."

"လွှယ်ဂျယ် ထွက်ပေါက်ပဲ...ဒီလမ်းကြောင်းမှာ လက်နက်နဲ့ မူးယစ်ဆေးဝါးတွေကို နည်းမျိုးစုံနဲ့ အဝင်အထွက် များတယ်...နှစ်ဖက်အစိုးရတွေက တင်းတင်းကျပ်ကျပ် ဆောင်ရွက်တဲ့ကြားက ထိန်းချုပ်ရခက်တဲ့နေရာပဲ... အိုက်ကောင်းစံတို့ရဲ့ အဓိကနယ်မြေဆိုရင် မမှားဘူး၊ တရုပ်ငွေ နဲ့ရော မြန်မာငွေနဲ့ပါ ကြေးစားလုပ်ကိုင်နေကြတဲ့ ဒုစရိုက် ကောင်တွေလည်း အရမ်းပေါတယ်"

"ကျန်ကျိ..ခင်ဗျားနဲ့ကျုပ်တို့ ပူးပေါင်းဆောင်ရွက်မှုလေး တစ်ခု လုပ်ချင်တယ်၊ တခြားမဟုတ်ပါဘူး...ဦးစိန်ဘွားကို မြန်မာပြည်မှာ ဖမ်းဆီးလို့မမိခဲ့ရင် လွှယ်ဂျယ်ကနေ တရုပ် ပြည်ကို သူထွက်မှာသေချာတယ်..."

"မစ္စတာဇင်သော် ပြောတဲ့စကားကို ကျုပ်သဘော ပေါက်ပါတယ်...စိန်ဘွားကို ကျုပ်တို့ဘက်ကနေ စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့မဟုတ်လား. . .”

“ဟုတ်တယ် ကျန်ကျို”

“ဒီအတွက် မပူနဲ့ဗျာ လွယ်ဂျယ်နယ်စပ်ဂိတ်မှာ. . ကျုပ်တပည့်တစ်ယောက်ရှိပါတယ် . . .သူ့ကို ကျုပ်ကြို ပြောထားပေးမယ်၊ ကဲ ရောက်ပြီ. . .”

မှူဆယ်ဘက်သို့ ကူးသန်းရသော နယ်စပ်ဂိတ်နာသို့ ရောက်ပြီဖြစ်သဖြင့် ကျန်ကျိုကို နှုတ်ဆက်ပြီး တစ်ဖက်သို့ ကူးလာခဲ့တော့သည်။

**အခန်း ◀ ၅ ▶**

နေရိုင်းနှင့် ဇင်သော်တို့ ဦးစိန်ဘွားသတင်းကို ခြေရာ ခံနိုင်ရန်အတွက်. . ရှမ်းပြည်နယ်မြောက်ပိုင်းနယ်ထဲကို ရောက် နေသည်မှာ (၃)ရက်မြောက်ခဲ့လေပြီ. . .

တောင်ပေါ်ဈေးလေးဆီသို့ ထွက်လာကြပြီး. . .တို့ဟူး ဆိုင်လေးထဲသို့ ဝင်ပြီးစားနေကြစဉ်. . .

ပလောင်ဝတ်စုံလေးနှင့် လူငယ်တစ်ဦး သူတို့ဝိုင်းဆီ သို့ ဝင်ထိုင်ပြီး. . .

“ဆရာ. . .ဒီညနေ ဦးစိန်ဘွားတို့ ကျောက်လေလံပွဲ ကို လာမယ်. . .တစ်ခုတော့ရှိတယ် ဆရာ၊ သူတို့နေရာကို ခပြင်လူဝင်ဖို့တော့ မလွယ်ဘူး”

“ဘာလို့လဲ. . .ပအိုင်”



www.burmeseclassic.com

www.burmeseclassic.com



"ခု လေလံပွဲက သူတို့ဖိတ်ကြားထားတဲ့ သူတွေပဲလာကြတော့ . . .တကယ့်လို့ အပြင်လူဝင်လာပြီဆိုရင် အဓိကကျတဲ့ကိစ္စတွေကို စကားမပြောတော့ဘဲ . .တခြား သာမန်ကျောက် အရောင်းအဝယ်ကိစ္စ စကားပြောပြီး ပွဲပြီးတတ်တယ် နောက် တစ်ခုရှိသေးတယ်. . .ဗိုလ်ကြီးဇင်သော်တို့ ဒီကိုရောက်နေတာကို စိန်ဘွားက သိနေတယ်"

"ဟင်. . ."

ဗိုလ်ကြီးဇင်သော် ပိပိရိရိနေပေမယ့် . . .စိန်ဘွားသိနေခြင်းကြောင့် ဤနယ်မြေတွင် စိန်ဘွား၏လူတွေနေရာတိုင်းတွင် ရှိနေသည်ကို သဘောပေါက်လိုက်မိသည်။

"ပအိုင် ငါတို့ဘယ်လိုဝင်ရင် ရနိုင်မလဲ . . .မင်းမှာ နည်းလမ်းမရှိဘူးလား စဉ်းစားပါဦး . . ."

ပအိုင်ဆိုသည့် ပလောင်ကလေးသည် . . .နေရိုင်းနှင့် ဇင်သော်တို့ တည်းခိုနေသော အိမ်ကလေးမှ ချာတိတ်ကလေး ဖြစ်ပေမယ့်. . .မြောက်ပိုင်းနယ်မြေနှင့် ပတ်သက်လျှင် ပအိုင် မသိသောကိစ္စက ခပ်ရှားရှားပင် . . .နယ်မြေခံ[illegible]ဖွဲ့ဝင်တွေ တောင် ပအိုင့်ဆီမှ အကူအညီများစွာကို ယူနေရသည်။ ခုလည်း နေရိုင်းတို့ပါ အကူအညီတောင်းနေရခြင်းပင် . . .

"ဝင်ဖို့နည်းလမ်းကတော့ တစ်ခုတော့ရှိတယ် . . .





နန်းကြာညိုဆိုတဲ့ ကျောက်ဘုရင်မဆီကိုသွားပြီး အကူအညီတောင်းရင် ရနိုင်တယ် . . ."

"ဖြစ်ပါ့မလား ပအိုင်ရဲ့. . .သူက စိန်ဘွားနဲ့ပတ်သက်နေရင်ရော"

"စိန်ဘွားနဲ့တော့ မပတ်သက်ဘူးဆရာ. . .နန်းကြာညိုလိုင်းက တစ်မျိုး. . ."

"သူ့ လိုင်းကဘာလဲ. . ."

"ကျောက်တွေကို ဈေးဖြတ်ပေးတဲ့ အလုပ်ကလွဲပြီး၊ ဘယ်သူနဲ့မှ မဆက်နွှယ်ဘူး. . .သူ့ကို ပွင့်ပွင့်လင်းလင်းပြောပြီး၊ အကူအညီတောင်းရင်တော့ ရနိုင်မယ်ထင်တယ်"

"ရွေးစရာမရှိရင်တော့ ဒီလမ်းကိုပဲ ရွေးချယ်ရမှာပေါ့၊ ခု သူ့ဆီသွားလို့ရမလား ပအိုင် . . ."

"ခု အချိန်သွားရင်တော့ တွေ့နိုင်တယ်"

"ဒါဆို သွားကြမယ်"

တောင်ပေါ်ဈေးနှင့် ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ကားဆီသို့ လာခဲ့ကြပြီး. . .နန်းကြာညိုဆီသို့ ထွက်လာခဲ့ကြတော့သည်။

"နန်းကြာညိုက တစ်ယောက်တည်း နေတာလား. ."

"မဟုတ်ဘူးဆရာ. . .သူ့မှာ သားလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"

"သူ့အမျိုးသားကရော..."

"သူ့ပုန်တွေ လက်ချက်ကြောင့် သေသွားပြီဆရာ.. နန်းကြာညိုသတ္တိကတော့ မခေဘူးနော်...တကယ့် "မ"တစ် ထောင်ကြားထဲမှာ သေနတ်တစ်လက်နဲ့နေနေတာ"

"သေနတ်ပစ်ကောင်းတယ်ပေါ့..."

"ကောင်းတယ်ဆရာ . . .သေနတ်အထုတ်အပြန်မှာ အရမ်းမြန်တယ်...ဒါကြောင့်လဲ ဒုစရိုက်ကောင်တွေ မကာ ဝံ့တာပေါ့...နို့မို့ဆို ဘယ်လွယ်မလဲဆရာ"

"မင်းပြောမှပဲ နန်းကြာညိုက စိတ်ဝင်စားဖို့ကောင်းနေ ပြန်ပြီ..."

"စိတ်မဝင်စားနဲ့ဆရာ...ရုပ်ကလေးချောသလောက် ရက်စက်တဲ့နေရာမှာ မော်မင်းသမီးလား မှတ်ရတယ်"

"ငါ စိတ်ဝင်စားတာက တစ်မျိုးပါ...သူ့သေနတ်နဲ့ သူ့ဘဝ...သူ့သားလေးက ဘယ်အရွယ်လောက်ရှိပြီလဲ"

"အင်း...(၅)နှစ်သားလောက်တော့ ရှိပြီဆရာ"

"အေးကွာ...သူ့ဘက်က ငါတို့ကိုကူညီမယ်ဆိုရင် သိပ်ပြီးကောင်းမှာပဲ"

"ကူညီမှာပါဆရာ...သူလည်း သူ့ယောကျ်ားနဲ့ပတ်





သက်ပြီး ခံစားချက်ရှိလို့ ဒီတောထဲမှာ ရပ်တည်နေတာပါ.. ဟိုရှေ့က ယူကလစ်ပင်နောက်က အိမ်ပဲဆရာ"

"နေရှိုင်း...ကားနဲ့ဝင်လို့မကောင်းဘူးထင်တယ်"

"မကောင်းဘူး ဗိုလ်ကြီး...ကားကိုဒီမှာရပ်ပြီး လူချည်းပဲ ဝင်သွားကြမယ်"

ထင်းရှူးပင်အိုကြီးအောက်တွင် ကားရပ်ပြီး(၃)ယောက်သား လျှောက်လာခဲ့ကြတော့သည်။

ခြံတံခါးဝနှင့် အိမ်က ခပ်လှမ်းလှမ်းဖြစ်နေသလို.. ပန်းပင်တွေကြောင့် အပြင်မှလှမ်းပြီးမတွေ့နိုင်...

"ပအိုင်...မင်း အရင်ဝင်ပြီး အခြေအနေကြည့်ကွာ"

"ဟုတ်ကဲ့..."

ပအိုင် ခြံတံခါးကိုကျော်ပြီး ခြံဝန်းထဲသို့ဝင်ပြီး ခဏအကြာ...ပြန်ပြီးထွက်လာခဲ့၏။

"ဘာဖြစ်လို့လဲ...ပအိုင်"

"အိမ်ဝမှာ မသင်္ကာစရာလူ(၂)ယောက်၊ အပေါက်ကို ပိတ်ပြီး စောင့်နေကြတယ်"

"ဟင်..."

"အိမ်ထဲမှာ တစ်ခုခုဖြစ်နေသလိုပဲ..."

နေရှိုင်းနဲ့ ဇင်သော် . . .တစ်ယောက်မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကြည့်ပြီး ခြံထဲသို့ကျော်ဝင်လိုက်ကြသည်။

“ဗိုလ်ကြီးနဲ့ကျွန်တော် . . . လူခွဲပြီး အိမ်ကြီးနားကို သွားမယ်၊ ပအိုင် မင်းက ခပ်တည်တည်နဲ့ အိမ်ဘက်ကိုသွား၊ ဒီကောင်တွေ မင်းကိုအာရုံစိုက်နေတုန်း ငါတို့လှုပ်ရှားမယ် . . . သွားရဲတယ်မဟုတ်လား . . .”

“သွားရဲပါတယ် ဆရာ”

“ဒါဆို သွားတော့ . . .”

နေရှိုင်းနှင့် ဇင်သော် . . . လမ်းတစ်ဖက်ဆီမှ ချုံတွေနှင့်ကွယ်ကာ၊ အိမ်အပေါက်ဝနားသို့ ကပ်လာခဲ့ကြသည်။

“ဟေ့ကောင် . . . မင်းဘယ်သူလဲ . . . ဘယ်သွားမလို့လဲ ပြောစမ်း”

“ကျုပ်အစ်မ နန်းကြာညိုဆီလာတာ”

“သူမရှိဘူး အပြင်သွားတယ် . . . နောက်မှလာ”

“နောက်မှ လာစရာမလိုဘူး . . . ကျုပ်က ဒီမှာနေတာလေ . . .”

“ဘာကွ . . .”

“ကျော်ဦး . . . ဒီကောင်လေးပါ အထဲခေါ်လိုက်တော့”

“ဟေ့လူတွေ ခင်ဗျားတို့ဘာလုပ်တာလဲ . . . ကျုပ်နား မကပ်နဲ့နော်”





“ကျော်ဦး . . . မြန်မြန်ဖမ်းလိုက်”

ပအိုင် နောက်ဘက်သို့ ပြန်လှည့်ပြေးသည့်နောက်ကို ကျော်ဦးပြေးလိုက်လာသောကြောင့် . . . ဇင်သော်နှင့် ပက်ပင်း တိုးသဖြင့် . . .

“ခွပ် . . .”

“အီး . . .”

ဇင်သော်မှ ကျော်ဦးမျက်နှာကို ခုန်ပြီးကန်ချလိုက်သဖြင့် မြေပြင်တွင် မှောက်သွားသည်ကို နောက်တစ်ယောက်တွေ့ သွားပြီး . . . ခါးကြားမှ ဓားမြှောင်ကိုထုတ်ပြီး ပြေးအလာ . . . နေရှိုင်း သစ်ပင်ကွယ်မှ ခြေထောက်ထိုးခံလိုက်သည်။

“ဒုက် . . .”

“အီး . . . အား . . .”

“ဟေ့ကောင် ဒီမှာတွေ့လား . . .”

“ဟာ . . . ကျွန် . . . ကျွန်တော်”

“ပါးစပ်ပိတ်ပြီး ဒီဘက်ကိုလာစမ်း”

နေရှိုင်း သေနတ်နှင့်တေ့ပြီး သစ်ပင်ကွယ်သို့ဆွဲခေါ်ကာ . . .

“အိမ်ထဲမှာ ဘယ်နှစ်ယောက်ရှိလဲ . . .”

“(၃) . . . (၃) . . . ယောက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလာလုပ်တာလဲ..."

"နန်းကြာညိုနဲ့ စာရင်းလာရှင်းတာပါ..."

"ဘာစာရင်း...လာရှင်းတာလဲ"

"ဘာစာရင်းလဲဆိုတာ မသိရတာအမှန်ပါ"

"သူတို့ နန်းကြာညိုကို သတ်ဖို့အထိပါလား..."

"ဒီမှာ ကိစ္စမပြတ်ရင်...ခေါ်သွားကြမှာ"

"ဒုတ်..."

"အင့်..."

နေရိုင်း သေနတ်ဒင်နှင့် မေ့အောင်ရိုက်ပြီး (၂)ယောက်လုံးကို လက်ထိတ်တွဲခတ်ပြီး...သစ်ပင်ခြေရင်းတွင် ထားရစ်ခဲ့သည်။

အိမ်ကြီးနားသို့ရောက်တော့ နန်းကြာညိုနှင့် သူ့သားဖြစ်သူတို့ကို ဖမ်းပြီးခေါ်ဆောင်လာကြသည်ကို တွေ့လိုက်ရသည်။

"ကျော်ဦး...ဆိုးပေ တယ်...ဒီကောင်တွေ ဒီမှာစောင့်နေပါလို့ ခိုင်းထားရက်နဲ့ ဘယ်ကိုသွားနေတာလဲ"

"ဘယ်မှမသွားဘူး...ဒီမှာပါ"

"ဟာ...ဟင်"

"ဟာ...မင်း...မင်းတို့..."

"မလှုပ်နဲ့နော်...ငါတို့သေနတ်က လူတစ်ယောက်





လောက်တော့ ပစ်မှတ်မလွဲဘူး"

"ခုလို နီးနီးကပ်ကပ်ပစ်ရရင်တော့...ပိုပြီးမလွဲဘူး။ လက်ကလေးမြှောက်ပြီး...နောက်ဘက်လှည့်လိုက်"

"ဟင်...ကဲကွာ"

"ဖြောင်း..."

"အား..."

(၃)ယောက်ထဲမှ တစ်ယောက်က...နေရိုင်းအလစ်ကိုစောင့်ပြီး...သေနတ်ကိုဝင်ပြီး လုသဖြင့် မျက်နှာကိုခြေဖြင့်ခပ်ဆတ်ဆတ်လေး ကန်ချလိုက်ရသည်။

"တော်တော် မိုက်လုံးကြီးတဲ့ကောင်တွေပဲ..."

"နေရိုင်း...ဒီကောင်တွေကို အိမ်ထဲခေါ်သွားပြီး ရဲစခန်းကို အကြောင်းကြားလိုက်တော့ဟေ့"

"ကျေးဇူးတင်ပါတယ်...အစ်ကို"

"ရပါတယ်...နန်းကြာညို"

"အစ်ကိုတို့က နန်းရဲ့နာမည်ကို သိနေတယ်...ဪ...ပဒိုင်ပြောထားတာဖြစ်မယ်၊ ဟုတ်လား...ပဒိုင်"

"ဟုတ်တယ် မမကြာညို...မမကြာညိုနဲ့ ကိစ္စလေးရှိလို့ လာခဲ့ကြတာ"

"ဪ..."



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ စကားပြောမယ် . . . ခုလောလောဆယ် ဒီကောင်တွေကိစ္စကို စာရင်းရှင်းလိုက်ဦးမယ်၊ မင်းနဲ့ဘယ်လို ဆက်နွှယ်နေလဲ . . ."

"ဘယ်လိုမှ မဆက်နွှယ်ပါဘူး...ညနေ ကျောက်ပွဲမှာ နန်းရဲ့ ဘော့စ်ဆီကငွေကို မတရားလိုချင်လို့...သူတို့ကျောက်ကို ဈေးကွက်တင်ခိုင်းတာကို လက်မခံလို့ . . .သားလေးကို ဖမ်းသွားကြမလို့ လုပ်နေတုန်းအစ်ကိုတို့ ရောက်လာတာပါ"

"တိုက်တိုက်ဆိုင်ဆိုင်ပဲပေါ့ကွာ...မင်းနဲ့ပြောမယ့်စကားကိုတော့ အေးအေးဆေးဆေး ပြောကြမယ်"

နေရှိန်း နယ်မြေခံတပ်ဖွဲ့တွေကို အကြောင်းကြားပြီး ငနဲ(၅)ကောင်ကို အပ်နှံလိုက်လေသည်။

"အစ်ကိုတို့နန်းကို တွေ့ချင်တဲ့ကိစ္စက . . . ဘာလဲ"

"ညနေ . . .ကျောက်ပွဲထဲကို မင်းအကူအညီနဲ့ဝင်ချင်တယ်"

"အစ်ကိုတို့က ဝင်ပြီးဖမ်းမှာလား . . ."

"မဖမ်းပါဘူး . . .အရေးကြီးတဲ့လူတစ်ယောက်နဲ့ ပတ်သက်ပြီး အနီးကပ်လေ့လာချင်လို့"

"ဘယ်သူလဲ . . ."

"ဦးစိန်ဘွား . . ."





"ဒီလူနဲ့ပတ်သက်ရင် . . .နန်းက ပိုပြီးကူညီမှာပါ၊ နှစ်ယောက်တော့ လိုက်လို့မရဘူး . . .တစ်ယောက်ပဲ နန်းနဲ့ လိုက်ခဲ့ပါ . . .နန်းဘော့စ်ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ ခေါ်သွားမယ် . . ."

"မင်း ဘော့စ်က . . .လက်ခံပါ့မလား"

"သူက မရှိဘူး . . .မန္တလေးရောက်နေတယ်၊ ဒီကကိစ္စတွေအားလုံးကို နန်းနဲ့လွှဲထားခဲ့တာပါ . . ."

"ဒါဆိုရင် . . .အဆင်ပြေတာပေါ့"

"နေရှိန်း . . ."

"ပြောပါ . . .ဗိုလ်ကြီး"

"မင်းရုပ်ဖျက်ပြီး . . .လိုက်သွားစေချင်တယ်"

"ကျွန်တော်လည်း စဉ်းစားထားပါတယ်...နန်းကြာညို မင်း ဘယ်အချိန်သွားမလဲ . . .ငါလာပြီးခေါ်မယ်"

"ညနေ(၅း၀၀)နာရီလောက် . . .နန်း စောင့်နေမယ်"

"ဆက်ဆက်သာ စောင့်နေပါ . . ."



www.burmeseclassic.com

www.burmeseclassic.com

နေရှိုင်း . . . ရှမ်းတိုင်းရင်းသားအသွင် မဝတ်ဆင်ဘဲ အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ်ကလေး ဝတ်ဆင်လျက် သိန်းထောင်ချီတန်သည့် ကားကို မောင်းကာ . . . နန်းကြာညို ကို ခေါ်ရန်လာခဲ့သည်။

"တီ . . . တီ . . ."

ကားဟွန်းသံကြောင့် . . . နန်းကြာညိုထွက်လာပြီး နေရှိုင်း ကို သေချာစွာကြည့်ပြီး . . .

"ဆရာ့ကို မနည်းမှတ်မိအောင် ကြည့်ရတယ် . . . တကယ့်ဘော့စ်စတိုင်ပဲ သွားကြရအောင် . . ."

သူမကို ကားပေါ်တက်ခိုင်းပြီး၊ သူမ မောင်းခိုင်းသည့် နေရာဆီသို့ မောင်းလာခဲ့တော့၏ . . .

"မင်း ခင်ပွန်းက . . . သူပုန်တွေ သတ်တာကို ခံ





တာဆို . . ."

"ဟုတ်ပါတယ် ဆရာ . . . သူပုန်ဆိုပေမယ့် ဦးစိန်ဘွား ရဲ့ လက်ချက်ဖြစ်ဖို့များပါတယ်"

"ဟင် . . ."

"ဒီအတွက် . . . နန်း ခုထိ ဘယ်သူဘယ်ဝါဆိုတာကို သိအောင် ကြိုးစားနေတာပါ။ နန်းခင်ပွန်းဟာ အရမ်းရိုးသားတဲ့ တောင်ယာသမားတစ်ဦးပါ ဆရာ . . ."

"ဘာကြောင့် အသတ်ခံရတယ်လို့ . . . မင်းထင်လဲ"

"နှုတ်ပိတ်ခံလိုက်ရတယ်လို့ နန်းယုံကြည်တယ်"

"နှုတ်ပိတ်ခံရတာ . . ."

"ဦးစိန်ဘွားရဲ့ လူမှောင်ခိုကူးတဲ့ကိစ္စကို နန်းခင်ပွန်းက တွေ့ ခဲ့တယ် . . ."

"ဘယ်လိုတွေ့ ခဲ့တယ်ဆိုတာ . . . နန်းကို ပြောပြလား"

"အစ်ကို အသတ်မခံရခင် (၂)ရက်လောက်က . . အစ်ကိုနန်းကို ပြောခဲ့ပါတယ်၊ သူ တောထဲကိုထင်းသွားခုတ် ရင်း . . . ဦးစိန်ဘွားရဲ့တပည့်ဖြစ်တဲ့ နဂါးဖြူဆိုတဲ့ကောင် မိန်းကလေး(၅)ယောက်ကို အတင်းဖမ်းဆီး ခေါ်ဆောင်သွား တာကို ပက်ပင်းကြီးသွားတွေ့ခဲ့တာပါ . . . အစ်ကိုအပြေးကောင်း လို့ တောထဲမှာ သေကံမရောက်ခဲ့ပေမယ့် . . . မြို့ကိုပြန်ရောက်



www.burmeseclassic.com

ပြီး (၂)ရက်လောက်ကြာတော့ တောင်ယာထဲမှာ အသတ်ခံခဲ့ရတာပါ. . .ဘယ်သူဘယ်ဝါ သတ်ခဲ့တယ်ဆိုတာ မသိရသေးမယ့်၊ ဖြစ်နိုင်ဆုံးကတော့ ဦးစိန်ဘွားတပည့်တွေ လက်ချက်ပဲဖြစ်မှာပါ. . .ဒါကြောင့် နန်း. . .ဒင်းတို့နားမှာနေပြီး သတ်တဲ့သူကို ဖော်ထုတ်နိုင်ဖို့ ကြိုးစားနေတာပါ ဆရာ. . .”

“နန်းကိုတော့ တစ်ခုပြောချင်တယ်. . .ဥပဒေမဲ့ လက်စားချေတဲ့သဘောတော့ မလုပ်စေချင်ဘူး၊ အစ်ကိုတို့နဲ့ လက်တွဲပြီး ဖော်ထုတ်ပါလို့ ပြောပါရစေ. . .”

“နန်း. . .ဆရာတို့နဲ့အတူ လက်တွဲပြီး ဖော်ထုတ်မယ်. . .”

“ကျေးဇူးတင်ပါတယ် နန်း”

“ဆရာ. . .ဟိုရှေ့က ခြံဝန်းကြီးထဲ မောင်းဝင်လိုက် နန်း ပြောတဲ့အပေါ်မှာပဲ အခြေအနေကြည့်ပြီး ပြောပေါ့ဆရာ”

“စိတ်ချ. . .ဪ ဟိုအထဲရောက်ရင် ဆရာ ဆရာ. . .ခေါ်မနေနဲ့ဦး”

“ဘယ်လိုခေါ်ရမလဲ. . .”

“နာမည်တစ်ခုခုကို ခေါ်လိုက်. . .”

“ကောင်းပြီ. . .ကိုခန့်မောင်လို့ ခေါ်မယ်နော်”

“ကောင်းသလို ခေါ်ပေါ့. . .နန်းရယ်”





ခြံထဲသို့ ကားဝင်မည်အပြု. . .အစောင့်(၂)ယောက်က ကားကို လှမ်းပြီးတားသည်။

“ကျား. . .ငါတို့ ခြံတံခါးဖွင့်လိုက်”

“ဪ. . .နန်းကြာညို”

အစောင့်က ခြံတံခါးကိုဖွင့်ပေးသဖြင့် ကားမောင်းဝင်လိုက်ရင်း. . .

“ဦးစိန်ဘွားရောက်ပြီလား. . .”

“မရောက်သေးဘူး. . .ကျန်တဲ့သူတွေရောက်ပြီ. . .”

အိမ်ရှေ့တွင် ကားထိုးရပ်ပြီး အိမ်ထဲကိုဝင်လိုက်သည်နှင့် အိမ်ထဲတွင် ကုန်သည်တွေလား. . .ဒုစရိုက်ခေါင်းဆောင်တွေလား မသိ၊ (၁၀)ယောက်လောက် ရောက်နေလေသည်။

“နန်း. . .နောက်ကျသလိုပဲ”

“ဆောရီး. . .အိုက်ပန်း၊ ဘော့စ်ဆီက ဖုန်းစောင့်နေလို့ နောက်ကျသွားတာပါ. . .”

“သူက. . .”

“ကိုခန့်မောင်တဲ့ . .နန်းဘော့စ်ရဲ့ကိုယ်စားလှယ်ပါ၊ ကျောက်တွေရောက်ပြီလား. . .”

“ရောက်ပြီ. . .ဒီနေ့ကျောက်ပွဲက အဓိကမဟုတ်ဘူး”

“ဘာပွဲက. . .အဓိကလဲ အိုက်ပန်း”



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်းမွန်း..."

"စိန်ပွဲပေါ့..."

"ဟုတ်တယ်...ဦးစိန်ဘွားရဲ့ စိန်ကြီးကို ဈေးဖြတ်ခိုင်းမလို့...မြန်မာဝယ်လက်ထဲရောင်းမှာ မဟုတ်ဘူး"

"ဒါဆို...ဘယ်သူ့ကို ရောင်းမှာလဲ"

"အမေရိကန် လက်နက်ကုမ္ပဏီတစ်ခုက ကိုယ်စားလှယ်တစ်ဦး လာမယ်လို့သိရတာပဲ..."

"ဝူး..."

ခြံဝန်းထဲသို့ ကားတစ်စီး မောင်းဝင်လာသောကြောင့် အပြင်ဘက်ကို ကြည့်လိုက်သည်နှင့်...ဦးစိန်ဘွားနှင့် နိုင်ငံခြားသားတစ်ဦး၊ နောက်တွင် နဂါးနီနှင့် နဂါးဖြူ...

"ရောက်နေတာ ကြာပြီလားဗျို့...ဆောရီးဗျာ၊ ဒီမှာ ဒေ့သည်ကို စောင့်နေရလို့ ကဲကဲ...ခင်ဗျားတို့ကျောက်ဖော်ကို အရင်ဈေးကွက်ထုတ်၊ ကျုပ်ကိစ္စက နောက်မှပဲလုပ်တော့မယ်...ဒီက ဒေ့သည်က ပတ္တမြား(၂)လုံးလောက် လိုချင်လို့...ပါတဲ့သူက ထုတ်ခင်းလေ"

"OK ကျုပ်ဆီမှာပါတယ်..."

အိုက်ပန်းဆိုသည့်လူ...သူတပည့်လက်ထဲက အိတ်ကိုယူပြီး ပတ္တမြား(၂)လုံးကို ခင်းပြလိုက်သည်။





နိုင်ငံခြားသားက သေချာစွာကြည့်ပြီး...သဘောကျကြောင်း ပြောလိုက်သည်။

"နန်းကြာညို...မင်း ဈေးဖြတ်ပေး"

နန်းကြာညို ပတ္တမြား(၂)လုံးကို တစ်ချက်ပဲ ကိုင်တွယ်ကြည့်ပြီးသည်နှင့်...

"မြန်မာငွေနဲ့ဆို...တစ်လုံးကို (၄၀)ပတ်ဝန်းကျင်လောက်ပဲ ထားလို့ရမယ်"

"မများနေဘူးလား...နန်းကြာညို"

"မများပါဘူး...ဟိုဘက်ဈေးဆိုရင် (၆၀)ဝန်းကျင် စကားပြောလို့ရတယ်"

နိုင်ငံခြားသားနှင့် ဦးစိန်ဘွားစကားပြောဆိုရင်း...ပတ္တမြားအရောင်းအဝယ်တည့်သွားသည်။

"အိုက်ပန်း...ငွေယူမလား၊ ပစ္စည်းယူမလား..."

"ပစ္စည်းလိုချင်တယ်..."

"ကောင်းပြီ...မနက်ဖြန်မနက်၊ ချောက်ကွေ့သချိုင်းမှာစောင့်ပြီးယူ၊ ကျုပ်ပို့ပေးလိုက်မယ်...နန်းကြာညိုယားကိုတော့ ခင်ဗျားပဲရှင်း..."

"စိတ်ချ...ကျုပ်ဘက်က ပေးရမှာကို ပေးမှာပါ"

"ဪ...နန်းကြာညို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ . . . ဦးစိန်ဘွား"

"မင်းနဲ့ အောင်လူ့တပည့်တွေပြဿနာတက်ပြီး . . . ဟိုကောင်(၅)ကောင် အချုပ်ထဲရောက်သွားတယ်လို့ ကြားတယ် ဟုတ်လား . . ."

"ဟုတ်တယ် . . . သက်သက်မဲ့ကြောတာပါ၊ နန်းကြာညို ကို ဒါမျိုးလုပ်လို့မရဘူးဆိုတာ သိအောင်ဆုံးမလိုက်တာ"

"သူက ဘယ်သူလဲ . . . တစ်ခါမှ မတွေ့ဖူးပါဘူး"

ဦးစိန်ဘွား . . . နေရှိုင်းကို သေချာစွာကြည့်ပြီး မေး လိုက်သည်။

"နန်းရဲ့ . . . ဘော့(စ်) ကိုယ်စားလှယ်ပါ"

"မင်း . . ဘော့(စ်)က ဘာကိုအမိကထားပြီးဝယ်မှာလဲ"

"စိန် . . . စိန်လိုချင်တယ်"

နေရှိုင်း ခပ်တည်တည်ဖြင့် ဝင်ပြီးပြောလိုက်သည်။

"ကျုပ်ဆီမှာရှိတဲ့ စိန်ကို . . . မင်းတို့ဘော့(စ်) ဝယ်နိုင် မှာမဟုတ်ပါဘူး"

"အန်ကယ့်စိန်က . . . သိပ်ပြီးတန်ဖိုးကြီးနေလို့လား"

"ကြီးတာပေါ့ကွာ . . . မြန်မာငွေနဲ့ ဝယ်မယ်ဆိုရင်တော့ မရောင်းနိုင်ဘူး"

"တရုပ်, ထိုင်း . . . ငွေနဲ့လား"





"ဒေါ်လာနဲ့လေ . . ."

"စျေးစကား ပြောကြည့်ချင်တယ်"

"ဆောရီးပဲကွာ . . . ရောင်းလို့မဖြစ်တော့ဘူး၊ ဒီမှာ ယူမယ့်သူနဲ့စကားပြောပြီးပြီ"

နိုင်ငံခြားသားတွေကို ဦးစိန်ဘွားပြလိုက်သည်။

"တခြားစိန်တွေရော . . . မရနိုင်ဘူးလား အန်ကယ်"

"လောလောဆယ်တော့ ပါမလာသေးဘူး . . . မောင်ရင် စိတ်ဝင်စားမယ်ဆိုရင် မနက်ဖြန် အန်ကယ့်အိမ်ကိုလာခဲ့လေ"

"ကောင်းပြီ . . . လာခဲ့ပါမယ်"

"နဂါးနီ . . ."

"ဗျာ . . . ဆရာ"

"ပစ္စည်းယူခဲ့လေ . . . တစ်ခါတည်းဈေးဖြတ်ပြီး ပွဲသိမ်း ရအောင် . . . ကျုပ်တို့နယ်မြေထဲကို ဗဟိုလုံခြုံရေးအဖွဲ့က ဗိုလ်ကြီး တစ်ယောက်နဲ့ သူ့တပည့်တစ်ယောက် ရောက်နေတယ် . . . သတိတော့အားလုံးထားကြ"

"သူတို့ကိစ္စနဲ့ သူတို့လာကြတာနေမှာပေါ့ . . ."

"မဖြစ်နိုင်ဘူး . . . ဒီကောင်တွေ ရောက်လာတာ၊ ကျုပ် ကိုပစ်မှတ်ထားပြီး လာတာဖြစ်မယ် . . . ဒါပေမယ့် ဘာမှလုပ် လို့မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နဂါးနီမှ စိန်တုံးကြီးကို ခင်းကျင်းပြသလိုက်သည်။ နန်းကြာညိုမှ ဈေးဖြတ်ရန်ကြည့်ရှုပြီး...

"စိန်က သိပ်ပြီးကြီးနေတော့...ဈေးဖြတ်ဖို့ ခက်တယ်"

"ကျုပ်ထင်ပါတယ်...မင်း ဈေးဖြတ်လို့မရနိုင်ဘူး ဆိုတာ ကိစ္စမရှိပါဘူး။ ကျုပ်က ငွေအဓိကမဟုတ်ပါဘူး...ဘယ်လိုလဲ မစ္စတာဒေါနင် သဘောတွေ့ရဲ့လား"

"OK..."

"ဒါဆိုရင် အလဲအလှယ်လုပ်ဖို့ ခင်ဗျားကုမ္ပဏီကို...အကြောင်းကြားပြီးရင် ချိန်းကြမယ်"

ကိစ္စအားလုံး ပြီးစီးသွားပြီးနောက်...အသီးသီးအိမ်ကြီးထဲမှ ပြန်ပြီးထွက်ခဲ့ကြသည်။

ဦးစိန်ဘွားနှင့် နေရှိင်းတို့သာ ကျန်ရစ်ခဲ့ပြီး...

"မောင်ရင့်နာမည်က...ဘယ်လိုခေါ်လဲ"

"ခန့်မောင်ပါ..."

"အန်ကယ်...ဘယ်သူဆိုတာတော့ သိပြီးနေမှာပါ"

"ဟုတ်ကဲ့...သိပြီးပါပြီ"

"မင်းတို့သူဌေးက...ကျောက်တစ်လိုင်းထဲလား"

"တခြားလိုင်းရှိပါတယ်...ဒီအတွက် ကျွန်တော့်ကို လွှတ်လိုက်တာ"





"အဖြူလိုင်းလား..."

"ဟုတ်ပါတယ်...အရင်လုပ်ကိုင်နေတဲ့ အုပ်စုတွေဆီက ပစ္စည်းမပို့နိုင်တော့ဘူး...ဒါကြောင့် မြောက်ပိုင်းဘက်ကို ထွက်လာတာ"

"သိပ်ပြီး အခက်အခဲရှိနေရင်...အန်ကယ်ကူညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အန်ကယ်...နန်းက ကျောက်တစ်ခုတည်းပဲ သိတော့ဘာလုပ်ရမှန်းတောင် မသိဖြစ်နေတာ"

"နက်ဖြန်သာ ဆက်ဆက်လာခဲ့ပါ"...အဆင်ပြေအောင် လုပ်ပေးလိုက်မယ်..."

"စိတ်ချ...ဆက်ဆက်လာခဲ့ပါမယ်"

"သွားပြီ...မောင်ခန့်မောင်ရေ"

"ဟုတ်ကဲ့..."

ဦးစိန်ဘွားတို့ကား ထွက်သွားပြီးနောက်...

"ဆရာ..ဦးစိန်ဘွားကိုလျှော့ပြီး မတွက်နဲ့နော်..ဒီလူကြီးက အရမ်းပါးနပ်ပြီး ကောက်ကျစ်တဲ့နေရာမှာ မြေခွေးက ဆရာတင်ရတယ်"

"သူနဲ့ ပွဲကြီးပွဲကောင်းတော့ တွေ့ကြပြီပေါ့..."



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၆ ▶

ဦးစိန်ဘွား ခြံဝန်းကြီးမှာ . . .ထင်းရှူးပင်တွေနှင့် ကျယ်ဝံန်းပြီး၊ အနောက်ဘက်တွင် တောင်တန်းကြီးတွေကို တွေ့နေရသည်။

နေရှိန်းနှင့် နန်းကြာညိုတို့ကားလေး ခြံဝန်းထဲသို့ မောင်း ဝင်လာပြီး . . .အိမ်ရှေ့ရောက်သည်နှင့် ဦးစိန်ဘွားတပည့် တစ်ဦးမှ . . .

"ဆရာကြီးက အနောက်ဘက်မြင်းကွင်းကို လိုက်ခဲ့ ပါတဲ့ . . ."

ထိုလူခေါ်ဆောင်ရာ နောက်ကိုလိုက်ရင်း ပတ်ဝန်းကျင် ကို နေရှိန်းလေ့လာခဲ့သည်။ ခြံဝန်းကြီးထဲတွင် အလုပ်သမား များစွာကို တွေ့မြင်ရသည်။





"ခွပ် . . .ခွပ် . . .ခွပ်"

မြင်းညိုကြီးကို ဒုန်းစိုင်းစီးနေသော ဦးစိန်ဘွား . . . နေရှိန်းတို့ကို လှမ်းပြီးမြင်သည်နှင့် မြင်းပေါ်မှလက်ကလေး လှမ်းပြပြီး၊ မြင်းပေါ်မှဆင်းလိုက်သည်။ သူ့မြင်းကို သေချာစွာ ပွတ်သပ်ပြီး . . .နဂါးဖြူလက်ထဲသို့ ပေးလိုက်ကာ နေရှိန်းတို့ ဆီသို့ လျှောက်လာခဲ့သည်။

"ထိုင်ကွာ . . .အန်ကယ်က မြင်းစီးတာတော့ ဝါသနာ ထုံတယ်"

သီးသန့်လုပ်ထားသော နေရာလေးတွင် ဝင်ပြီးထိုင် လိုက်ကာ . . .

"မောင်ခန့်မောင်နော် . . ."

"ဟုတ်ပါတယ် . . .အန်ကယ်"

"အေးကွာ . . .အသက်တွေကြီးလာတော့ မှတ်ဉာဏ် တွေက နည်းလာပြီ၊ ကဲ . . .စကားပြောရအောင် စိန်ကိစ္စ အရင်ပြောမလား . . .အဖြူကိစ္စအရင်ပြောမလား"

"စိန်ကိစ္စက သိပ်ပြီးမကြီးကျယ်ပါဘူး . .သူ့ငွေးကတော် မှာလိုက်လို့သာ မဖြစ်မနေဝယ်ရတာ . . .အရေးကြီးတာက အဖြူကိစ္စပါ"

"မောင်ခန့်မောင် . . .သူ့ငွေးက"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဇာလျံဘုန်းပါ..."

"အေး...အေး...သူလည်း သူ့ဌွေးအဆင့်မသေးပါဘူး...ဒါဆို စိန်ကိစ္စကိုခဏဘေးဖယ်ထားလိုက်မယ်...မောင်ခန့်မောင်တို့က အထက်မှာဖြန့်တာလား၊ အောက်မှာဖြန့်တာလား..."

"အောက်ကို ပို့ရတာပါ"

"ဒါဆိုရင်တော့...အန်ကယ်နဲ့တော့ လွဲပါတယ်၊ အထက်မြန်မာပြည်တော်တော်များများကို အန်ကယ်က ခွဲဝေပေးနေရတာ...ဒါနဲ့ ဘယ်လောက် ဖြန့်အားကောင်းလဲ မောင်ခန့်မောင်"

"အန်ကယ်တို့ ပို့နိုင်သလောက်ကို ယူပါ့မယ်..."

"ကြိုက်တယ်ကွာ...မင်း ဘော့(စ်)ကို ပြောလိုက်ရှေ့လက စပြီး "OK"စေရမယ်...ငွေကတော့ အကျန်မထားချင်ဘူး"

"ဒီအတွက် မပူပါနဲ့အန်ကယ်..."

"ဒါဆိုရင် အလုပ်ဖြစ်သွားပြီလို့ မှတ်လိုက်တော့ကွာ စိန်ကို ဘယ်လောက်တန်လောက် ယူသွားချင်လဲ..."

"(၁၀၀)ဝန်းကျင်လောက်ပဲ...ယူသွားချင်တယ်"

"ရစေရမယ်...နဂါးနီ စိန်ယွန်းဘူးယူခဲ့"





"ဟုတ်ကဲ့...ဆရာ"

နဂါးနီယူလာသော...စိန်ပွင့်တွေထဲမှ နန်းကြာညိုက (၁၀၀)တန် စိန်ပွင့်လေးကို ရှာဖွေယူလိုက်ပြီး..ငွေပေးကာ ပြန်ဖို့ပြင်တော့...

"ကြာညို...ပြန်တော့မလို့လား"

"ဟုတ်တယ်..."

ဦးစိန်ဘွားနှင့် နေရိုင်းက လုပ်ငန်းပိုင်းဆိုင်ရာကို နစ်ယောက်တည်း ပြောနေသဖြင့် နန်းကြာညိုရှောင်ပေးရင်း နောက်မှ လိုက်ခဲ့ကြခြင်းပင်...

"မင်းက...မခိုးမလေးဘဝရောက်မှ ပိုပြီးလှလာသလိုပဲ"

"နဂါးနီ...နင့်ပါးစပ်ပိတ်ပြီးနေနော်"

"မပိတ်ပါရစေနဲ့ ကြာညိုရယ်...ငါ မင်းကို လက်ထပ်ချင်တယ်"

"ဘာ နင့်လိုကောင်မျိုးက လက်ထပ်ချင်တယ်...စိတ်ကူးတောင် မယဉ်ဘူး"

"ကြာညို..."

"နင်...ငါ့လက်ကို လွှတ်နော်"

"မလွှတ်ဘူးဆိုရင်ရော..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲဟာ..."

"နင်...နင်"

"တခြားကောင်တွေပဲ နင်ရမယ် ကြာညို...နဂါးနီကို ဒါမျိုးလက်ပေါက်နဲ့မရဘူး"

"နဂါးနီ...လွှတ်လိုက်ပါ"

"ဘာကွ..."

"ကျုပ်တို့ အလုပ်ကိစ္စနဲ့လာတာပါ...ခင်ဗျားတို့ဘက်က ခုလို မရှိုင်းစိုင်းသင့်ဘူး"

"မင်းနဲ့ ကြာညိုက...တခြားစီပဲကွာ၊ မင်းကိစ္စမင်း လုပ် ဝင်မပါနဲ့"

"မပါလို့မရဘူး...ကြာညိုကို ကျုပ်က ခေါ်လာတာ"

"မင်း...နဂါးနီဆိုတဲ့ကောင်ရဲ့ ရာဇဝင်ကိုမသိသေးဘူး နဲ့တူတယ်"

"သိစရာမလိုဘူး...ကျုပ်အတွက် ဘာမှအရေးထူးတဲ့ကိစ္စမှမဟုတ်တာ၊ နဂါးနီမကလို့ နဂါးနက်ကြီးပဲဖြစ်ဖြစ် ကျုပ်အတွက် အသုံးမဝင်ဘူး"

"အေး...အသုံးဝင် မဝင်ကြည့်လိုက်...ယီ"

နန်းကြာညိုကို ဘေးသို့တွန်းပြီး...နေရှိုင်းကို ခုန်ပြီး ကန်လေသည်။





"ဖြောင်း..."

"အွတ်..."

နေရှိုင်းလည်း ထပ်တူခုန်ကာ...နဂါးနီမျက်နှာဆီသို့ ကန်ထည့်လိုက်သည်။ မြေပေါ်တွင် အထိနာပြီးကျသွားသော နဂါးနီ ခါးကြားက ဓားမြှောင်ကိုထုတ်ပြီး..လက်တွင်မွှေ့ကာစား ကာ နေရှိုင်းကိုထိုးလေသည်။

"ဝှီ...ဝှီ..."

နဂါးနီ၏ ဓားချက်မှာ ကြောက်ဖွယ်ကောင်းလှသဖြင့် နေရှိုင်း သတိနှင့်ရှောင်တိမ်းပြီး၊ ဟာကွက်ကိုစောင့်ကာ...

"ရှော့...ရှောင်ပေတော့"

"ဒုတ်...ချွင်..."

"အီ...အီ..."

နဂါးနီလက်ထဲမှ ဓားပါလွင့်ထွက်သွားပြီး...အရိုက် ဘည့်တည့်ဆီသို့ နေရှိုင်း၏ ညာလက်သီးက ရောက်ရှိသွားမှ နဂါးနီဒူးထောက်ပြီး ခွေကျသွားတော့သည်။

"နဂါးဖြူ...ရပ်စမ်း"

ဓားရှည်ကိုင်ပြီး နေရှိုင်းကို ခုတ်ပိုင်းဖို့ပြင်သော... နဂါးဖြူကို ဦးစိန်ဘွားလှမ်းပြီး တားလိုက်သည်။

"အန်ကယ်..တောင်းပန်ပါတယ် မောင်ခန့်မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်...အန်ကယ်"

"မောင်ရင့် လက်ရည်သိပ်ကောင်းတာပဲ...ဒါကြောင့်လည်း ဇာလျံက အားကိုးတာပေါ့၊ သမီးကြာညို...အန်ကယ့်တပည့်ရဲ့အပြုအမူကို တောင်းပန်ပါတယ်...ကျေနပ်လိုက်ပါ"

နန်းကြာညို ခပ်ထေ့ထေ့လေးပြုံးပြီး၊ နေရိုင်းနဲ့အတူ ကားပေါ်သို့ပြန်ပြီးတက်ကာ ထွက်လာခဲ့တော့သည်။

"ဦးစိန်ဘွားကို ဖမ်းလို့မရသေးဘူးလား ကိုနေရိုင်း"

"ဒီအခြေနဲ့ဖမ်းရင်တော့ ရပါတယ်...ဒါပေမယ့် သိပ်ပြီးမနိုင်လုံသေးဘူး၊ သိပ်မကြာခင်မှာ နိုင်လုံတဲ့သက်သေနဲ့ ဖမ်းမှာပါ.. သူတစ်ယောက်တည်းတင်မကဘူး၊ သူတို့တစ်ဖွဲ့လုံးကိုပါ တစ်ခါ တည်းဝင်ပြီးဖမ်းနိုင်အောင် ..ပြင်ဆင်ရမယ် နန်းကြာညို"

"နဂါးနီကတော့ ကိုနေရိုင်းကို တော်တော်မကျေမနပ်ဖြစ်သွားမှာပဲ"

"ဖြစ်လဲ မတတ်နိုင်ဘူး...သူတို့(၂)ယောက်နဲ့တော့ ရက်ပိုင်းအတွင်း ပြန်တွေ့ရဦးမှာပါ"

နန်းကြာညိုအိမ်ကို ဝင်ပို့ပေးပြီး၊ အပြန်တွင်...ပအိုင်ကို လမ်းမှာတွေ့လိုက်ရသည်။

"ပအိုင်...ဘယ်ကိုသွားမလို့လဲ"





"မမကြာညိုဆီ...ဆရာနဲ့တွေ့တာ အတော်ပဲ"

"ဘာကိစ္စတွေ ဖြစ်လာပြန်ပြီလဲ..."

"မန္တလေးက ဦးဇာလျံဘုန်းရဲ့ ကိုယ်စားလှယ်တစ်ဦး ရောက်လာပြီး ဦးစိန်ဘွားတပည့်တစ်ယောက်နဲ့ တွေ့သွားတယ်ဆရာ..."

"ဟင်..."

"ခုလေးတင် ကားနဲ့ဦးစိန်ဘွားဆီကို ခေါ်သွားပြီ..."

နေရိုင်း အခြေအနေကို သဘောပေါက်လိုက်ပြီဖြစ်သည်။

"ပအိုင်...မင်း နန်းကြာညိုနဲ့သူသားလေးကိုခေါ် ပြီး ရဲစခန်းဝန်းထဲမှာ နေခိုင်းလိုက်တော့ ဒီကောင်တွေ နန်းကြာညိုကို ရန်ပြုတော့မှာ သေချာတယ်..."

"ဟုတ်ကဲ့ဆရာ..."

နေရိုင်း...ဗိုလ်ကြီးဇင်သော်ဆီကို ထွက်လာခဲ့ပြီး၊ တပ်ဖွဲ့ဝင်တွေနဲ့ ဦးစိန်ဘွားအိမ်ကို အချိန်မီစီးနိုင်အောင် ပြင်ဆင်ရတော့မည်ဖြစ်၏။

"နေရိုင်း...တပ်ဖွဲ့ဝင်တွေကတော့ အပြင်မှာဝိတ်ဆို ထားလိုက်ပြီ၊ မင်းနဲ့ငါ အိမ်ထဲကိုဝင်ကြရအောင်..."

"ဟုတ်ကဲ့...ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



နေရှိုင်းနှင့် ဗိုလ်ကြီးဇင်သော်. . .ဦးစိန်ဘွားခြံကြီးထဲ ဝင်ပြီး အိမ်ကြီးနားသို့ကပ်မည်အပြု. . .

"ဟား. . .ဟား. . .ဟား"

"ဟင်. . ."

"ဦး. . .ဦးလေး"

နဂါးနီလက်ထဲတွင်. . .နန်းကြာညိုသားလေးကို တွေ့ လိုက်သဖြင့် ရပ်ပြီးနေလိုက်သည်။

"မင်းတို့နှစ်ယောက်လုံး ရှေ့တစ်လှမ်းတိုးတာနဲ့ ကလေး အသက်ကို နုတ်ပြီးသားပဲနော်. . ."

"ဟေ့ကောင်. . .နဂါးနီ မင်းအပြစ်မရှိတဲ့ ကလေးကို အသုံးမချနဲ့. . ."

"အသုံးမချလို့မရဘူး. . .ဒီကလေးက ငါတို့အတွက် ထွက်ပေါက်ပဲ"

"သား. . ."

"မေမေ. . ."

"နန်းကြာညို. . ."

"ကိုနေရှိုင်း ဒီကောင်တွေ သားလေးကို ကျောင်းက အပြန်မှာ ခေါ်သွားတာ. . .နန်း နောက်ကျသွားတယ်၊ ဒီ ကောင် နဂါးနီ နင်ငါ့သားလေးကို ခုချက်ချင်းလွှတ်ပေး"





"နင့်သားလေးကို ပြန်ပြီးလွှတ်ပေးစေချင်ရင်. . .နင့် ကောင်တွေကို ခြံထဲက ခုပြန်ပြီးထွက်ခိုင်း"

နေရှိုင်းတို့အတွက် အခက်ကြုံသွားရလေပြီ၊ ဗိုလ်ကြီး ဇင်သော်မှ. . .

"နဂါးနီ မင်းဘာဖြစ်ချင်လဲပြော. . ."

"ကျုပ်တို့အတွက် ထွက်ပေါက်ပေး"

"ကောင်းပြီ. . ကျုပ်ကို (၁၅)မိနစ်လောက် အချိန်ပေး"

"ခင်ဗျား. . .ဘာကြံဦးမလဲ"

"ဘာမှမကြံဘူး. . .ကျုပ်အထက်လူကြီးတွေနဲ့ ဆွေးနွေး ပြီးရင်. . .ခင်ဗျားဖြစ်ချင်တာကို လုပ်ပေးမယ်"

"ကောင်းပြီ. . .ခင်ဗျားကတိတည်ပါ၊ မတည်ရင်တော့ ကျုပ်အဆိုးမဆိုနဲ့. . ."

ဗိုလ်ကြီးဇင်သော် အချိန်သက်သက်ဆွဲပြီး. . .ဘာလုပ် ရမည်ကို စဉ်းစားနေစဉ် နန်းကြာညိုမှ. . .

"နဂါးနီ. . ."

"ဘာလဲ. . .ကြာညို"

"ငါနဲ့. . .ငါ့သားလေး နေရာချင်းလဲမယ်"

"သိပ်ကောင်းတာပေါ့ကွာ. . .နင်တစ်ယောက်တည်း လာခဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



နန်းကြာညို . . .နေရိုင်းတို့ရှေ့မှ တစ်လှမ်းချင်းထွက်
သွားသည်။ နဂါးနီနားရောက်တော့မှ . . .

"ငါ့သားလေးကို လွှတ်ပေးလိုက်တော့ . . ."

"သိပ်ပြီး အဆင်ပြေတဲ့ကိစ္စပဲ . . .ဒီကောင်စုတ်က
အတွက် ဘာမှအသုံးမဝင်ဘူး ဟား . . .ဟား . . .ဟား"

နန်းကြာညို . . .သူ့သားလေးကို သွားခိုင်းလိုက်
နဂါးနီနားသို့ကပ်လိုက်သည်နှင့် နဂါးနီ . . .နန်းကြာညိုလက်
မောင်းကို ဆွဲပြီး၊ သူ့ရင်ခွင်ထဲသို့အသွင်းမှာ . . .

"ဒုတ် . . ."

"အား . . .ခွေး . . .ခွေးမ . . .နင် . . .နင်"

နန်းကြာညို . . .သူ့လက်တွင် ဝှက်ယူလာသော ဓား
မြှောင်နှင့် နဂါးနီမိုက်ဆီသို့ ထိုးချလိုက်လေသည်။ လျှပ်ရှား
မှာ အရမ်းကိုမြန်ဆန်လွန်းသောကြောင့် နဂါးနီခံလိုက်ရ
သည်။

"ဒိုင်း . . .ဒိုင်း . . ."

အိမ်ထဲမှ သေနတ်သံတွေ ပေါ်ထွက်လာသဖြင့် တ
ဝင်တွေ ဦးစိန်ဘွားအိမ်ကြီးဆီသို့ ဝင်ပြီး . . .တိုက်ခိုက်
စီးလိုက်သည်။

"နေရိုင်း . . ."





"ဗိုလ်ကြီး . . .ဦးစိန်ဘွားနဲ့ နဂါးဖြူတော့ လွတ်သွား
ပြီ . . ."

"သူ့အတွက် ကံဇာတာက ထပ်ပြီးပေးလိုက်တာပဲ . .
ဘာတတ်နိုင်မလဲကွာ၊ ဆက်ပြီး ဖမ်းရဖို့ပဲရှိတော့တာပေါ့ မြန်မာ့
ိုင်နက်ထဲမှာ . .စိန်ဘွားအတွက်တော့ ပြေးစရာမြေမရှိ
လောက်ဖြစ်သွားပြီပေါ့ . . ."

"နန်းကြာညို ကျေးဇူးပဲကွာ"

"ရပါတယ် ကိုနေရိုင်း . . .ဒင်းကို သေအောင်မသတ်
လိုက်ရတာပဲ စိတ်ထဲမှာတနုံ့နုံ့ခံစားရတယ် . .နန်းခင်ပွန်းကို
က်ရက်စက်စက်သတ်ခဲ့တာ နဂါးနီပဲ ကိုနေရိုင်း"

"သူ့အတွက် ထိုက်သင့်တဲ့အပြစ်တွေကို ခံရမှာပေါ့"

"အစ်ကို နေရိုင်းတို့ . . .ဦးစိန်ဘွားနောက်ကို ဆက်ပြီး
ိုက်ကြရမှာပေါ့နော်"

"ရာဇဝတ်ဘေး ပြေးမလွတ်ပါဘူး . . .သူဘယ်လောက်
ိပြေးနိုင်မလဲဆိုတာကို ကြည့်ရသေးတာပေါ့ကွာ"

ဦးစိန်ဘွား အိမ်ကြီးထဲမှပြန်ထွက်ပြီး . . .ဦးစိန်ဘွား
င်ဆက်နွယ်နေသော သူများကိုပါ၊ ဖော်ထုတ်အရေးယူမှုတွေ
လုပ်ရတော့မှာ ဖြစ်ပေမယ့် . . .နေရိုင်းနှင့် ဗိုလ်ကြီးဇင်သော်
ကတော့ ဦးစိန်ဘွား၊ ဒိုက်ကောင်းစံနှင့် ရွှေရောင်ပန်းအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



တို့၏ ဇာတ်သိမ်းခန်းထိ ဆက်ပြီးကရဦးမှာတော့ သေချာနေလေပြီ။

"နေရှိုင်း. . ."

"ပြောပါ. . .ဗိုလ်ကြီး"

"မင်းနဲ့ ငါကတော့. . .တရုပ်ပြည်ထိခရီးဆက်ရဦးမယ့်ပုံပဲဟေ့"

"ကျွန်တော်က ဦးစိန်ဘွားကို မြန်မာပြည်ထဲကို ဖမ်းပြီး ခေါ်နိုင်အောင်တော့ ကြိုးစားမယ် ဗိုလ်ကြီးရာ. . ."

"မင်းလိုပါပဲ. . .နေရှိုင်းရယ်"

အခန်း ◀ ၇ ▶

တရုပ်ပြည် ဟူဘေးခရိုင် ဝူတန်မြို့ကို နေရှိုင်းတို့ ရောက်နေသည်မှာ (၃)ရက်မြောက်ခဲ့လေသည်။ ရာသီဥတု ဆိုးဝါးမှုကြောင့် ဆီးနှင်းများကျနေပြီး. . .အပြင်သို့ထွက်ရန် အခက်အခဲရှိနေကြသောကြောင့် တည်းခိုသောအိမ်အပြင်သို့ မထွက်နိုင်ချေ. . .။

နေရှိုင်းတို့နေထိုင်ရေးအတွက် ကျန်ကျိုမှ စီစဉ်ပေးထားခြင်းဖြစ်သည်။ ဦးစိန်ဘွားနှင့် ပတ်သက်ပြီး တရုပ်အစိုးရမှ နေရှိုင်းတို့နှင့်ပူးပေါင်းဆောင်ရွက်ရန် တာဝန်ပေးခြင်းကို ကျန်ကျို ခံထားရသည်။

"ဒေါက်. . .ဒေါက်"

အပြင်ဘက်မှ တံခါးခေါက်သံကြောင့် တံခါးဖွင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်နှင့် . . .

"ကျွန်ကျိုလာကွာ . . ."

ကျွန်ကျို . . . ရှန်ပိန်အရက်(၂)လုံးကိုထုတ်ပြီး . . .

"မစ္စတာနေရိုင်းနဲ့ မစ္စတာဇင်သော် အချမ်းပြေလေ သောက်ဗျာ . . . ရာသီဥတုက တော်တော်အေးတာပဲ"

ကျွန်ကျိုက ဖန်ခွက်ထဲထည့်ပေးသည်ကို အချမ်းပြေ သောက်ကြရင်း . . .

"ဘာတွေ ထူးသေးလဲ . . ."

"ဦးစိန်ဘွား ဂူတန်ကိုမရောက်သေးတာတော့ သေချာ တယ် . . . ခင်ဗျားတို့နယ်နိမိတ်ထဲက ထွက်လာတာလည်း သေချာတယ်"

"ဒါဆို ဘယ်ကိုရောက်နေလဲ . . ."

"သူနိုလုံ့စရာဆိုလို့ . . . နယ်စပ်ဘက်မှာပဲရှိတယ်၊ စောင့် တော့ကြည့်ကြတာပေါ့ဗျာ"

"မိုလ်ကြီး . . . ကျွန်တော်တို့တော့ အပြင်ကိုထွက်ရ တော့မယ်"

"ဒီညနေဘက်ထွက်ရင် မကောင်းဘူးလား ကျွန်ကျို . . . စိန်ဘွား နေထိုင်တတ်တဲ့နေရာကို လေ့လာချင်တယ်"

"ဒါဆိုလည်း သွားကြတာပေါ့ဗျာ . . . ကျုပ်လူတွေကို





လည်း အနီးကပ်စောင့်ကြည့်ခိုင်းထားတယ်"

"ဒီလူက အရမ်းပါးနပ်တာ . . . ကျုပ်တို့ ဒီလိုတရုပ် ပြည်အစိုးရကိုအကြောင်းကြားပြီး လာမယ်ဆိုတာကို ကြိုပြီး တွက်ထားမှာပဲ . . ."

"သေချာတယ် မိုလ်ကြီး . . . စိုးရိမ်စရာက ဒီကနေ တခြားဘက်ကို ထွက်သွားရင် လိုက်ရတာပိုပြီးဝေးမယ်"

တိုက်၏အပြင်ဘက်တွင် ဆီးနှင်းများက သည်းထန်စွာ ကျနေခြင်းကြောင့် ကျောင်းများ၊ စက်ရုံများတောင်ပိတ်ထားရ သည်။

"ဦးစိန်ဘွားအတွက် ဂူတန်မှာဆီးနှင်းတွေက သည်းထန် စွာကျနေတော့ ကံကြမ္မာက အခွင့်အရေးပေးသလိုဖြစ်နေ တယ် . . ."

"ဟုတ်တယ် မစ္စတာဇင်သော် . . . အနီးကပ်စောင့်ကြည့် နေတဲ့ ကျုပ်ရဲဘော်တွေတောင် ဆီးနှင်းကြားမှာ တော်တော် လေးဒုက္ခခံနေကြရတာ . . ."

"တီ . . . တီ"

ကျွန်ကျိုဟန်းဖုန်းမှ လှုခေါ်သံကြောင့် နားထောင် ကြည့်လိုက်တော့ . . .

"ကောင်းပြီ . . . ခုလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ...ကျန်ကျို"

"အနီးကပ် ရဲဘော်ဆီက ဖုန်းဝင်လာတယ်...မုန့်တိုက်စက်ရုံထဲကို ကားနက်တစ်စီးဝင်သွားတယ်တဲ့...ဆီးနှင်းကျနေတော့ အထဲမှာပါတဲ့သူကို သဲသဲကွဲကွဲမမြင်လိုက်ရဘူးတဲ့"

"ကျုပ်တို့ သွားကြမယ်..."

"မစ္စတာနေရှိန်းနဲ့ ဇင်သော်...သိုးမွေးအကျီတော့ ထပ်ပြီးဝတ်ခဲ့ကြ၊ အပြင်မှာအရမ်းကိုအေးနေတယ်"

အိမ်အပြင်သို့ထွက်လိုက်သည်နှင့် တစ်ကိုယ်လုံးအေးစိမ့်သွား၏။ ရပ်ထားသော ကားဘီးနားတွင် ဆီးနှင်းတွေက ပြည့်နေလေပြီ။

"ကျန်ကျို ကားမောင်းရတာ လွယ်ပါ့မလား..."

"ရတယ် မစ္စတာဇင်သော်...ခုကားက ဂျာမဏီလုပ်ကားလေ၊ ဘီးကိုရေမြုပ်တာတောင် မောင်းအားကကောင်းတာ ဒီနှင်းလောက်တော့ မဖြုံဘူး"

ကားထဲဝင်ထိုင်လိုက်မှ အအေးနည်းနည်း သက်သာသွားသည်။ အပြင်မှာ (၁)နာရီလောက်နေရန်ပင် မလွယ်လှပေ။

"နှစ်စဥ်မှာ ဒီလိုပဲဖြစ်တတ်လား ကျန်ကျို..."

"မဖြစ်တတ်ဘူးဗျ...ဒီနှစ်မှဖြစ်တာ ရာသီဥတုတွေက ဖောက်ပြန်ကုန်ပါပြီဗျာ...ကမ္ဘာကြီးမှာ တိုးတက်မှုနဲ့အတူ





ဆုတ်ယုတ်မှုတွေလည်း ပါလာနေပြီမဟုတ်လား၊ နှစ်စဥ်ကမ္ဘာကြီးမှာ ကြားရတဲ့သတင်းတွေက နှလုံးမသက်သာလှဘူး...သဘာဝတရားကြီးကြောင့် ရေဘေး၊ လေဘေး၊ တောမီး၊ မြေငလျင်တွေကြောင့် သေဆုံးရတဲ့လူတွေက သန်းနဲ့ချီပြီးဖြစ်နေကြတာ မဟုတ်လား...ဒီကြားထဲစစ်ပွဲတွေ၊ အကြမ်းဖက်မှုတွေကြောင့် သေဆုံးရတဲ့လူသားတွေလည်း ရှိနေသေးတယ်၊ တစ်ခါတစ်ခါ လူ့ဘဝကြီးရဲ့အနာဂတ်ကို မတွေးချင်လောက်အောင်ပဲ..."

"ကျန်ကျို...ခင်ဗျား စကားတွေကြားရတာ၊ လူ့ဘောင်ကြီးကို စွန့်တော့မယ့်ပုံပဲ..."

"သေချာတဲ့စကားပဲ...ဘာသာရေးဘက်ကိုကူးပြီး ငြိမ်းချမ်းတဲ့ဓမ္မတရားတွေနဲ့ပဲ နေချင်တော့တယ်"

"မနေနဲ့ဦး ကျန်ကျို...လူတွေကိုဒုက္ခပေးနေတဲ့ ဒုစရိုက်ကောင်တွေကို ဖော်ထုတ်နိုင်မှ လူသားတွေရဲ့ဘဝ အေးချမ်းမှာ..."

နှင်းတွေပိတ်နေသဖြင့် ကားကိုမီးထိုးပြီး သတိနှင့် မောင်းလာခဲ့စဥ်...

"ဝူး..."

"ဟာင်..."



www.burmeseclassic.com

www.burmeseclassic.com



နှင်းတွေကြားမှာ ကားတစ်စီးအရှိန်နှင့် နေရိုင်းတို့ကားကိုကျော်တက်သွားပြီး . . .နောက်မှ ကားနက်တစ်စီးလိုက်လာသည်ကို တွေ့လိုက်ရပြန်သည်။

"တစ်ခုခုဖြစ်နေတဲ့ ပုံစံပဲ . . ."

ကျန်ကျို စကားပြောစက်နှင့် လုံခြုံရေးတပ်ဖွဲ့ ကင်းသမားတွေဆီကို အကြောင်းကြားမည်အပြု . . .စက်က ခေါ်၍မရ . . .

"အရေးအကြောင်းဆို စက်ကလုပ်ပြီ . . ."

"ကျုပ်တို့နောက်က မေးပြီးလိုက်သွားရင် မကောင်းဘူးလား . . ."

"အင်း . . ."

ကျန်ကျို ကားစက်ကိုမြင့်ပြီး . . .ကားနှစ်စီးနောက်ကိုလိုက်ခဲ့တော့သည်။ ရှေ့မှကားနှစ်စီးမှာ နှင်းကြားတွင် မှုန်ဝါးဝါးလေးတွေ့မြင်နေရသည်။

"ရပ်သွားပြီ . . .ကျန်ကျို"

နောက်ကားပေါ်မှ လူ(၅)ယောက်အပြေးကလေး ဆင်းပြီး ရှေ့မှကားဆီသို့ လိုက်ကြသည်။

ရှေ့ကားမှ အနက်ရောင် သိုးမွေးကုတ်အကျႌကြီးနှင့် လူတစ် ယောက် နှင်းကြားထဲပြေးလေသည်။





ကျန်ကျိုနောက်တွင် . . .နေရိုင်းနှင့် ဇင်သော်ပါ လိုက်ခဲ့ကြသည်။

"ဒိုင်း . . ."

"အား . . ."

သေနတ်သံကြားလိုက်ရပြီး ရှေ့မှလူလဲကျသွားသည်။

ကျန်ကျိုတို့ သစ်ပင်ခြေရင်းတွင် နေရာယူပြီး၊ လဲကျနေသူကို သယ်ယူဖို့ကြိုးစားနေစဉ် . . .လူအုပ်ထဲမှ တစ်ယောက်ကို ချိန်ပြီးပစ်ချလိုက်သည်။

"ဒိုင်း . . ."

"အား . . ."

(၅)ယောက်ထဲမှ (၁)ယောက်ထိသွားပေမယ့် . . .ကျန်(၄)ယောက်မှ နေရိုင်းတို့ကိုပြန်ခုခံလေသည်။ နှင်းထုကြားတွင် သေနတ်သံတွေ ပွက်လောရိုက်သွားပေမယ့်၊ တစ်ဖက်နှင့် တစ်ဖက်ထိရောက်မှုက သိပ်ပြီးမရှိလှပေ . . .

"ဒက် . . .ဒက် . . .ဒက်"

လူဆိုးများဘက်မှ စက်သေနတ်နှင့်ပစ်သဖြင့် ကျည်ဆံတွေ ပလူပျံထွက်နေသည်။

"ကျန်ကျို . . .ဒီအတိုင်းဆိုမလွယ်ဘူး၊ လူခွဲပြီးရှင်းမယ်"

"ကောင်းတယ် . . .မစ္စတာနေရိုင်း"



www.burmeseclassic.com

www.burmeseclassic.com



နေရိုင်း နှင်းထုထဲက ကားပျက်တစ်စီးကို တွေ့လိုက်ရသောကြောင့် ထိုကားဆီသို့ခပ်သွက်သွက်လေး ပြေးသွားလိုက်သည်။ ကျွန်ကျိုနှင့် ဇင်သော်တို့လည်း လူခွဲပြီး၊ သေနတ်သမားများနှင့် အနီးဆုံးနေရာသို့ ချည်းကပ်လိုက်သည်။

"ဟော့ကောင်တွေ . . .ဒီဟာမကို ဆွဲခေါ်ခဲ့"

"မလိုက်ဘူး . . .လွှတ် . . .လွှတ်"

မိန်းကလေးအသံပင် . . .ဒဏ်ရာကြောင့် မထနိုင်သဖြင့် လူဆိုး(၂)ယောက်က အတင်းဆွဲပြီးခေါ်နေစဉ်၊ နေရိုင်းအတွက်အခြေအနေကောင်းသွားလေသည်။ လူဆိုးတွေက ကျွန်ကျိုနှင့် ဇင်သော်တို့ကို အာရုံရောက်နေပြီး . . .နေရိုင်းကို သတိမပြုမိ၊ မိန်းကလေးကို ဆွဲခေါ်လာသော(၂)ကောင်က နေရိုင်းရှိနေသော ကားပျက်နားသို့ဆွဲခေါ်လာသည်နှင့် . . .

"ဟော့ . . ."

"ဟင် . . ."

"ဖြောင်း . . .အင့် . . .ခွပ် . . .အီ"

နေရိုင်း တစ်ယောက်ကို ခုန်ကန်လိုက်ပြီး၊ နောက်တစ်ယောက်၏ ရင်ဝဆီသို့ ဒူးဖြင့်တိုက်ချလိုက်သည်။

"ဟိုမှာ . . .ပစ်"

"ဒိုင်း . . .ဒိုင်း"





"အား . . .အီ"

ကျွန်ကျိုနှင့် ဇင်သော်တို့၏ လက်တွေကခပ်ညည့်ညံ့မဟုတ်သောကြောင့် သေနတ်သမားနောက်ထပ်နှစ်ယောက်လည်း သေနတ်ထိမှန်ပြီး၊ လက်ထဲမှ သေနတ်တွေလွတ်ကျကုန်သည်။

"တစ်ယောက်မှ မလွှပ်နဲ့နော် . . ."

"ပေါ်တီ . . .ပေါ်တီ . . ."

ကင်းလှည့် ရဲကားတွေရောက်လာသည်။

"ဆေးရုံကားကိုပါ ခေါ်လိုက်ပါ . . .မိန်းကလေးမှာ ဒဏ်ရာနဲ့ ကျုပ်တို့နောက်မှ စခန်းကိုလိုက်ခဲ့မယ် . . ဒီကောင်တွေကိုခေါ်သွားတော့"

"ဟုတ် . . ."

ရဲအရာရှိက ကျွန်ကျိုကိုအရိုအသေပေးပြီး၊ မိန်းကလေးနှင့် လူဆိုး(၅)ယောက်ကို ခေါ်ဆောင်သွားသည်။

"မစ္စတာဇင်သော် . . .မှန့်တိုက်ကိုသွားကြမယ်"

နှင်းထုကြားထဲတွင် ကားကိုဆက်ပြီးမောင်းထွက်လာခဲ့တော့သည်။

စိန်ဘွား၏ မုန့်တိုက်စက်ရုံခပ်လှမ်းလှမ်းတွင် ရပ်ထားသော ရဲတပ်ဖွဲ့ဝင်ကားနားရောက်တော့မှ အောက်သို့ဆင်းပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပြီး ထွက်လာပြီလား..."

"ထွက်မလာသေးဘူး ဆရာ..."

"ကျန်ကျိ...အထဲကိုဝင်ဖို့ နည်းလမ်းမရှိဘူးလား"

"ကျုပ်လည်း ဒါကိုစဉ်းစားနေတာပဲ...ဟုတ်ပြီ၊ ပရိမှာ ရပ်ထားတဲ့ကားက မုန့်တိုက်စက်ရုံထဲကိုဝင်မှာ ကားအောက်က လိုက်ရင်ရမယ်...ခွန့်ခွန့်စားစားတော့ ဝင်ရမှာပဲ"

"ကားက (၃)ယောက်လုံးဝင်လိုက်လို့ မလွယ်ဘူး... ဗိုလ်ကြီးဇင်သော်နေခဲ့လေ၊ ကျွန်တော်နဲ့ကျန်ကျိဝင်လိုက်သွားမယ်"

"နေရိုင်းနဲ့ ကျန်ကျိ...သတိထားပြီးသွား"

"စိတ်ချ..."

ကားပေါ်မှ ငနဲနစ်ကောင် ခပ်လှမ်းလှမ်းအိမ်လေးထဲ ဝင်နေသောကြောင့်...

ကားအောက်ထဲသို့ နှစ်ယောက်သားဝင်ပြီး ချိတ်ခွဲ ထားလိုက်သည်။ ခဏလောက်ကြာတော့ ငနဲနစ်ကောင်ပြန် လာကြပြီး ကားမောင်းထွက်သွားကြလေသည်။ မုန့်တိုက်စက်ရုံ ရှေ့မှာ ကားရပ်သွားသောကြောင့် အပြင်ကိုထွက်ဖို့ အခြေ အနေကိုကြည့်ရသေး၏။

ဆီးနှင်းတွေကြောင့် စက်ရုံဝင်းထဲတွင် လူအသွားအလာ





ရှင်းနေသည်။

"နေရိုင်း ထွက်လို့ရပြီ..."

ကားအောက်မှ ထွက်ခဲ့ပြီး၊ စက်ရုံနောက်ဘက်က အိမ်ကြီးဆီသို့လာခဲ့ကြသည်။ အိမ်ကြီးအပေါက်ဝတွင် အစောင့် ချထားခြင်းမရှိသဖြင့် ဘေးရန်ကင်းစွာနှင့် အိမ်ကြီးနားသို့ ကပ်လို့ရသွားသည်။

"စိန်ဘွား ဘယ်မှာလဲ..ပြောစမ်း ဂျက်ကီ"

"မသိဘူး...သူ ကျုပ်ဆီကိုမလာသေးဘူး"

"ဂျက်ကီ မင်းမညာနဲ့...ဒီကောင် ဂူတန်ကိုရောက် နေတာ ငါသိတယ်"

"ကျုပ်စကားကို မယုံရင်မတတ်နိုင်ဘူး..."

"မင်း ခေါင်းမာရင်...ငါ့အဆိုးမဆိုနဲ့နော်"

"မယုံလည်း မတတ်နိုင်ဘူးဗျာ"

"ကဲ...ဒိုင်း...ဒိုင်း"

သေနတ်သံက (၂)ချက်ထွက်သွားပြီး၊ ဂျက်ကီဆို သည့်လူ...စားပွဲတွင် မှောက်ကျသွားသည်။ သေနတ်သမား ကတော့ လက်မောင်းကို ထိပြီး၊ အိမ်ထဲမှပြန်၍အထွက် ရပ်ထား သောကားပေါ်သို့ တက်စဉ်...

"မလှုပ်နဲ့နော်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ခင်ဗျားတို့"

"ငါတို့က...ရဲတပ်ဖွဲ့ကပဲ"

"ဘာ..."

သေနတ်သမား မယုံနိုင်အောင်ဖြစ်သွားသည်။

"နေရိုင်း...ဒီကောင်ကို လက်ထိတ်ခတ်ပြီး ခေါ်ဖြ
ခဲ့ ကျုပ်ကားမောင်းမယ်"

စက်ရုံထဲမှ အလုပ်သမားတွေ ပြေးလာသောကြောင့်
ကျန်ကျို သူ၏ရဲဝန်ထမ်းကဒ်ကို ထုတ်ပြလိုက်ပြီး...

"မင်းတို့ဆီကို ရဲတပ်ဖွဲ့ဝင်တွေရောက်လာလိမ့်မယ်...
ကိုယ်နဲ့ မသက်ဆိုင်ဘူးဆိုရင် ကိုယ့်အလုပ်ကိုယ်ဆက်ပြီး လုပ်
ဒါပဲ..."

စက်ရုံဝင်းထဲမှ ကားမောင်းထွက်လာရင်း...

"မင်း...စိန်ဘွားကို လာရှာတာလား"

"ဟုတ်တယ်..."

"ဘာအတွက်လဲ..."

"သစ္စာဖောက်ကိုရှင်းပစ်ဖို့အတွက်...နိုင်းလိုက်လို့"

"မင်းနာမည်...ဘယ်သူလဲ"

"ဂျက်စတန်..."

"သိပြီ ကြေးစားလူသတ်သမားမဟုတ်လား...ထော
ဘူး..."





ထဲက ထွက်လာတာ လပိုင်းပဲရှိသေးတယ်နော်"

"ဟုတ်တယ်...ကျုပ်က ဒီအလုပ်ပဲလုပ်တတ်တာ
ဆိုတော့ ဒါပဲလုပ်ရတာပေါ့"

"ဘယ်သူ နိုင်းတာလဲ..."

"အိုက်ကောင်းစံ..."

"ရွှေရောင်ပန်းအဖွဲ့နဲ့ မင်းပတ်သက်လား"

"မပတ်သက်ဘူး...တလိုင်းစီပဲ"

"စိန်ဘွားသတင်း ဘာမှမကြားဘူးပေါ့..."

"ဝူတန်ကို ရောက်နေတာတော့ နိုင်နိုင်လုံလုံသတင်း
ရထားတယ်..ဘယ်မှာ ရောက်နေလည်းဆိုတာတော့ မသိဘူး၊
ဒါပေမယ့် ဒီလူမလွတ်တော့ပါဘူး...ရွှေရောင်ပန်းအဖွဲ့က
လူတွေ ဝူတန်မှာရောက်နေကြပြီ"

"ဦးစိန်ဘွားကို ရှာဖွေဖို့လား..."

"ဟုတ်တယ်...ပြီးတော့ သူတို့ရွှေရောင်ပန်းအဖွဲ့ရဲ့
(၁၀)နှစ်ပြည့် အခမ်းအနားတစ်ခုကို ဘုံကျောင်းမှာလုပ်မယ်"

"မင်းသတင်းက သေချာရဲ့လား..."

"သေချာတယ် မသေချာဘူးဆိုတာ စောင့်ကြည့်ပေါ့
ကျုပ်နဲ့ ဘာမှပတ်သက်တဲ့အဖွဲ့မဟုတ်တော့ သိပ်ပြီးစိတ်မဝင်
စားဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆီက ခုလိုကြားရတာ ကျေးဇူးတင်ပါတယ်၊ မင်း ဒဏ်ရာကို ဆေးအရင်ကုပြီးမှ အချုပ်ထဲသွားပေါ့ကွာ...ငါတို့ လည်း ဆေးရုံကိုသွားစရာရှိတာနဲ့အတော်ပဲ..."

နေရိုင်းနှင့် ကျွန်ကျွိ...ဗိုလ်ကြီးဇင်သော်ကို ခေါ်ပြီး ဆေးရုံဆီသို့ဆက်ပြီး လာခဲ့ကြသည်။ ဆေးရုံတွင် ရာဇဝတ်မှ ရဲအရာရှိထံတွင် ဂျက်စတန်ကိုအပ်ပြီး . . .ဒဏ်ရာရသော မိန်းကလေးဆီသို့ လာခဲ့သည်။ သီးသန့်မွှခင်းအခန်းဆီမှ ရဲအရာ ရှိတစ်ဦး ထွက်လာသည်ကို ဆုံလိုက်တော့...

"ဆရာ ကျွန်ကျွိတို့ပါလား...မိန်းကလေးကို လာပြီး ကြည့်တာလား"

"ဟုတ်တယ်...ဘာထူးလဲ"

"သိပ်ပြီး ထူးထူးခြားခြားတော့မရှိပါဘူး ဆရာကျွန်ကျွိ နာမည်လောက်ပဲ မေးရသေးတယ်..."

"နာမည်က...ဘယ်လိုခေါ်လဲ"

"ရှောင်လဲတ်ပန်လို့ ခေါ်တယ်...ကိုယ်ဟန်ပြတဲ့မိန်း လေးပါ၊ ဘာကြောင့် သူ့ကိုသတ်ရသလဲဆိုတာကို မမေးရသေး ဘူး...ဒဏ်ရာကြောင့် ဆရာဝန်ကြီးက မေးခွင့်မပြုသေးဘူး"

"ခုရော..."

"ဆေးရှိန်နဲ့ အိပ်ပျော်နေတယ်"





"လီဖန်း..."

"ဟုတ်ကဲ့...အမိန့်ရှိပါဆရာ"

"ရှောင်လဲတ်ပန်ကို အထူးလုံခြုံရေးချပြီး . .စောင့်ပါ၊ ငါတို့နောက်မှ တစ်ခေါက်ပြန်လာတော့မယ်"

"ဟုတ်ကဲ့ ဆရာ..."

သူမအခန်းထဲကို တစ်ချက်ကြည့်ပြီး၊ ဆေးရုံထဲမှ အောက်သို့ပြန်ပြီးဆင်းလာချိန်တွင်...

"ဘုတ်..."

"ဟာ..."

"ဆောရီးဗျာ..."

နေရိုင်းနှင့် ဆရာဝန်ဂျူတီကုတ်ဝတ်ထားသော . . . ဒေါက်တာတစ်ဦး ဝင်တိုက်မိသွားသဖြင့် ဆရာဝန်ဆိုသူက တောင်းပန်စကားဆိုပြီး၊ ဓာတ်လှေကားထဲသို့ ဝင်သွားလေ သည်။

"ကျွန်ကျွိ..."

"ဘာများလဲ မစ္စတာနေရိုင်း"

"ခုန ဒေါက်တာ ခါးမှာ...သေနတ်ပါသွားတယ်"

"ဘာ..."

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နဲ့ဝင်တိုက်စဉ်က...ကျုပ်စမ်းမိလိုက်တာ"

"ဟာ...ဒါဆို ရှောင်လဲတ်ပန်အတွက် အခြေအနေ မကောင်းဘူး။ ပြန်ပြီးတက်မှဖြစ်မယ်..."

ဓာတ်လှေကားမရှိသဖြင့် လှေကားအတိုင်း(၃)ယောက်သား ပြေးတက်ခဲ့ကြရသည်။

"ဟူး..."

အပေါ်သို့ရောက်မှ အမောပြေကာ...ရှောင်လဲတ်ပန် အခန်းဆီသို့သွားနေသော ဆရာဝန်တစ်ယောက်ကို တွေ့လိုက်သဖြင့်...

"ဟို...ဟို...လူပဲ"

"ဟော့...ရဲဘော်...ဒီလူကို ပေးမဝင်နဲ့"

"ဟင်..."

ရှောင်လဲတ်ပန် အခန်းထဲသို့ဝင်သည်ကို ကျန်ကျိ လှမ်းပြီး ရပ်ခိုင်းသဖြင့် အပေါက်ဝတွင်စောင့်နေသော...ရဲဘော်လေးမှ သေနတ်နှင့်ဒေါက်တာကို ချိန်စဉ်...

"ဒုတ်..."

"အား..."

အစောင့်ကောင်လေးကို အသံတိတ်သေနတ်နှင့်ပစ်ပြီး ပြေးလေသည်။





"မီအောင်လိုက်စမ်း..."

"ကျန်ကျိ...ခင်ဗျားက ဆေးရုံလမ်းတွေသိတယ်၊ ပတ်ပြီးလိုက်...ကျုပ်မီအောင်လိုက်သွားမယ်"

"ကောင်းပြီ...နေရိုင်း"

နေရိုင်းသေနတ်သမားနောက်ကို တစ်ရှိန်ထိုးပြေးလိုက်လေသည်။

"ဒုတ်...ချွင်...ခွမ်း"

သေနတ်သမားကျည်ဆံတွေက လူ့ကိုမထိပေမယ့်...ဘေးနံရံနှင့် မှန်ပြတင်းပေါက်တွေကို ထိမှန်လေသည်။ နေရိုင်း လှေကားဘောင်ကို ခွပြီးစီးကာ အောက်သို့အရှိန်နှင့်ဆင်းခဲ့ရင်း...သေနတ်သမားနှင့် အနီးဆုံးရောက်သည့်ချိန်မှာ...

"ဒုတ်..."

"ဖြောင်း..."

နေရိုင်း နား နားက ကျည်ကပ်ထွက်သွား၍ ကံကောင်းသွားခဲ့ရသည်။ နောက်တစ်ချက် မပစ်ခင်မှာ နေရိုင်းခြေစုံက သေနတ်သမားရင်ဝကို လှမ်းကန်လိုက်သည်။

"ဒုတ်..."

"ဟင်..."

နေရိုင်းနောက်ကျသွားသည်။ သေနတ်သမား သွ



www.burmeseclassic.com

www.burmeseclassic.com



နားထင်ကို သူ့သေနတ်နှင့်တေ့ပြီး ပစ်ချသွားလေပြီ . . .

"နောက်ကျသွားတယ်ဗျာ . . ."

"မတတ်နိုင်ဘူး . . . နေရှိန်း"

နေရှိန်း သေဆုံးနေသည့်လူ၏ အိတ်ကပ်ထဲကကဒ်လေးကို ထုတ်ပြီးကြည့်တော့ . . . ရွှေရောင်ပန်းအဖွဲ့ဝင်တစ်ဦးဆိုသည်ကို သိလိုက်ရသည်။

"ဗိုလ်ကြီးဇင်သော် . . ."

"ဘာများလဲ . . . နေရှိန်း"

"ကျွန်တော်တို့တော့ ရွှေရောင်ပန်းအဖွဲ့နဲ့ပါ ထိပ်တိုက်တွေ့နေရပြီ . . ."

"ကောင်းတာပေါ့ကွာ . . . တစ်ခါတည်းပွဲအပြီးသတ်ရတာပေါ့၊ ဒီမိန်းကလေးဟာ သာမန်မိန်းကလေးတော့ မဟုတ်နိုင်ဘူးလို့ထင်တယ် . . ."

"ကျုပ်တို့အတွက် အကျိုးပြုမယ့်သူဖြစ်ဖို့ပဲလိုတယ်"

သေဆုံးသွားသော အလောင်းကို ရဲတပ်ဖွဲ့ဝင်တွေက သယ်ဆောင်သွားတော့မှ ရှောင်လဲတ်ပန် အခန်းဆီသို့ပြန်လာခဲ့ကြသည်။

"ကျုပ်တို့တော့ ဆေးရုံကခွာလို့မဖြစ်ဘူးနဲ့တူတယ်"

"ကျန်ကို . . . ရဲမေတစ်ဦးကို အခန်းထဲမှာအနီးကပ်





ထပ်ပြီးထားစေချင်တယ်၊ ဒါမှ အနီးကပ်ကာကွယ်ပေးနိုင်မှာ"

"ကျုပ်စီစဉ်လိုက်ပါ့မယ် . . ."

ရှောင်လဲတ်ပန်တစ်ယောက်ကတော့ ခုတင်ပေါ်တွင် အိပ်ပျော်နေဆဲ . . .

"ဒီတစ်ခါတော့ အိမ်ကိုဖြောင့်ဖြောင့်တန်းတန်း ပြန်လို့ရပါပြီ . . ."

"ဦးစိန်ဘွား . . . ဒီအတိုင်းဆို အပြင်ကိုရဲရဲတင်းတင်း ထွက်တော့မှာ မဟုတ်ဘူး"

"သေချာတယ် . . . ကျုပ်တို့အတွက် ရှာရတာပိုခက်သွားပြီ"

"ဝူတန်မှာ ရှိနေရင်တော့ သတင်းကတော့ထွက်လာမှာပါ . . . ကျုပ်ကောင်တွေကိုလည်း ဝူတန်တစ်မြို့လုံး သတင်းရအောင်စုံစမ်းခိုင်းထားပါတယ် . . . ဒါနဲ့ ခင်ဗျားတို့လူကြီးက အချိန်ဘယ်လောက်ပေးထားလဲ . . ."

"ရက်ပေါင်း(၉၀) . . ."

"ဒါဆိုရင်တော့ . . . ဝူတန်မှာ ကြာကြာနေရတာပေါ့"

"မနေချင်ပါဘူး"

"ဘာဖြစ်လို့လဲ . . . မစ္စတာဇင်သော်"

"ဘာဖြစ်ရမလဲ . . . ဒီနှင်းကြားမှာ ဆက်ပြီးနေရင်



www.burmeseclassic.com

www.burmeseclassic.com



အသက်တိုလိမ့်မယ်"

"နှင်းတွေက တစ်လထိတော့ မကျနိုင်ပါဘူး..."

ဆေးရုံဝန်းထဲမှ ပြန်ပြီးထွက်လာခဲ့ကြတော့သည်။

## အခန်း ၈

ရှောင်လဲတ်ပန်၏ တောင်းဆိုချက်ကြောင့်ဆေးရုံမှ လုံခြုံစိတ်ချရသည့် နေရာဆီသို့ ခေါ်ဆောင်လာခဲ့ကြရသည်။

ဂူတန်ရဲဌာနချုပ်၏ အထူးခန်းပင်ဖြစ်သည်။

"မင်းအတွက် စိတ်ချရပြီ...ရှောင်လဲတ်ပန်"

"ကျေးဇူးတင်ပါတယ်...ကျွန်မအတွက် အပြင်မှာ လုံးဝလုံခြုံမှုမရှိတော့ပါဘူး"

"မင်းက...ဘယ်သူကို ကြောက်နေရတာလဲ"

"ရွှေရောင်ပန်းအဖွဲ့ကိုပါ..."

"မင်းနဲ့သူတို့က...ဘာရန်ငြိုးရှိခဲ့လို့လဲ"

"ကျွန်မနဲ့ ရန်ငြိုးရှိခဲ့တာ မဟုတ်ပါဘူး...ဦးစိန်ဘွား ကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ဟာ..."

နေရိုင်းတို့(၃)ယောက်လုံး အံ့အားသင့်သွားသည်။

"ဦးစိန်ဘွားနဲ့ မင်းက...ဘယ်လိုပတ်သက်လဲ"

"ကျွန်မဟာ သူ့ရဲ့အငယ်အနှောင်းတစ်ဦးပါ..."

"ဩော်...ဆက်ပြီးပြောပါဦး"

"ဂူတန်မှာရှိတဲ့ စက်ရုံကို ကျွန်မနဲ့ဂျက်ကီက ဦးစီးပြီး လုပ်ကိုင်ပေးရသလို...တခြား မှောင်ခိုအဖွဲ့တွေနဲ့ ဆက်သွယ်ပေးရပါတယ်"

"ဂျက်ကီကတော့ မူးယစ်ဆေးဝါးကို ဂူတန်မှာဖြန့်ပေးရတယ်...ဦးစိန်ဘွား မြန်မာပြည်က ထွက်ပြေးလာပြီး၊ ဂူတန်ကိုရောက်နေတာကို အိုက်ကောင်းစံကသိသွားပြီး ရွှေရောင်ပန်းအဖွဲ့နဲ့ ခြေရာခံရှာဖွေတာပါ..."

"မင်းနဲ့ စိန်ဘွားက...တွေ့ပြီးသွားပြီလား"

သူမချက်ချင်း မဖြေသေးဘဲ စဉ်းစားနေဟန်ရှိသည်။

"မင်းအတွက် ငါတို့က အန္တရာယ်တွေကိုကာကွယ်ပေးထားတယ်နော်...မင်း ဦးစိန်ဘွားကို ဆက်ပြီးဖုံးကွယ်လို့ မင်းအတွက် အကျိုးမရှိနိုင်ဘူး ရွှေလဲတ်ပန်း...မင်းစဉ်းစားပါဦး"





"ကျွန်မ...ပြောပြပါမယ်၊ သူ ဂူတန်တောင်ဘက်ပိုင်းက ရှောင်ကူဝူးနွားခြံမှာ ရှိနေပါတယ်...ဟောင်ကောင်ကို သွားဖို့ပြင်နေပြီ"

"ရှောင်ကူဝူးနဲ့ စိန်ဘွားက တစ်ဖွဲ့တည်းလား..."

"ဟုတ်ပါတယ်...ဟောင်ကောင်ကို ပါတ်စပို့အတုနဲ့ ထွက်မှာပါ...ခုလောက်ဆိုထွက်လောက်ပြီ"

"ဟင်...ဘယ်လမ်းကြောင်းကထွက်မှာလဲ"

"ရေကြောင်းလမ်းက ထွက်မှာပါ...ဂျင်ဂူးသင်္ဘောကြီးနဲ့ပါ"

"ရှောင်လဲတ်ပန်း...မင်းနားပါဦး"

"ဟုတ်ကဲ့..."

ကျန်ကျို၊ နေရိုင်း၊ ဇင်သော်တို့(၃)ယောက်နှင့်အတူ ရဲတပ်ဖွဲ့ဝင်(၁၀)ဦး...ကားများဖြင့် ဆိပ်ကမ်းဆီသို့လိုက်ခဲ့ကြသည်။

ကျန်ကျို ဆိပ်ကမ်းလုံခြုံရေးတပ်ဖွဲ့ကို လှမ်းပြီးသတင်းပို့ပေမယ့်...နာရီပိုင်းလောက် နောက်ကျသွားခဲ့လေသည်။

"မစ္စတာနေရိုင်းရေ သင်္ဘောကြီးကထွက်သွားတာ...တစ်နာရီလောက်ရှိနေပြီ"

"ဘယ်လို လုပ်မလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"စပိဘုတ်နဲ့...လိုက်ရမှာပေါ့ဗျာ"

ဆိပ်ကမ်းကိုရောက်သည်နှင့် စပိဘုတ်(၅)စီး၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့အတူ သင်္ဘောကြီးနောက်သို့ဆက်ပြီးလိုက်ရပြန်သည်။

ပင်လယ်ဝသို့ရောက်ခါနီးတွင် သင်္ဘောကြီးကို လှမ်းပြီးတွေ့လိုက်ရလေသည်။ နေရှိင်းတို့လိုက်လာသည်ကို သင်္ဘောကြီးမှ သိသွားပြီး ခုခံရန်ပြင်ဆင်ထားသည်။

"ကျန်ကျို...အနားကိုကပ်ဖို့မြန်မြန်လုပ်၊ သင်္ဘောကြီးပေါ်က ပစ်ခတ်တော့မှာသေချာတယ်..."

နေရှိင်းစကားပင်မဆုံး သေနတ်သံတွေ ဆက်တိုက်ထွက်ပေါ်လာလေသည်။ စပိဘုတ်ပေါ်မှ ပြန်လည်ပစ်ခတ်သော်လည်း ထိရောက်မှုမရှိလှပေ။

"ကျန်ကျို...သင်္ဘောဘေးဘက်လှေကားကို ရောက်အောင်သာမောင်းတော့ အနီးကပ်ဝင်ပြီးရှင်းမယ်"

"ဒီတစ်ပွဲတော့ နောက်ဆုံးပွဲလို့မှတ်ရမှာပဲ...မောင်းပြီဟေ့"

နေရှိင်းတို့ စပိဘုတ်လေး ကျည်ဆံတွေကြားမှာ အရဲစွန့်ပြီး...သင်္ဘောကြီးနားသို့ကပ်လာသည်။

"ကျန်ကျိုနဲ့ ဗိုလ်ကြီးဇင်သော်...အောက်ကနေ ကာပစ်ပေး၊ ကျွန်တော်အပေါ်ကိုတက်မယ်..."





နေရှိင်း ကြိုးလှေကားပေါ်သို့တက်ပြီး၊ အပေါ်သို့တက်လေသည်။ ဗိုလ်ကြီးဇင်သော်နှင့် ကျန်ကျို...အောက်ကနေပစ်ပေးသည်ကို အသုံးချပြီး တက်နေရသည်။

သင်္ဘောပေါ်ထိမရောက်ခင်...မှန်ဝိုင်းပြတင်းပေါက်ကြီးကို တွေ့လိုက်ရသည်။ သင်္ဘောပေါ်တွင် သေနတ်သမားတွေက အသင့်စောင့်နေသဖြင့် နေရှိင်းအတွက် အပေါ်ဆုံးထိဆက်ပြီးတက်ဖို့ မလွယ်...

"ကဲကွာ...ခွပ်"

မှန်ဝိုင်းကို ခြေဖြင့်(၃)ခါလောက် ဆောင့်ကန်လိုက်မှ ကွဲထွက်သွားသည်။ နေရှိင်းမှန်ပေါက်ကြီးထဲမှ သင်္ဘောဝမ်းကြီးထဲသို့ ဝင်တော့မှောင်ပိန်းနေသည်။

"ဘုတ်..."

အမှောင်ထဲမှ အောက်ကိုခုန်ချလိုက်တော့...သိပ်ပြီးမမြင့်လှပေ။

"ကျွိ..."

"ဟင်..."

အပေါ်မှ တံခါးချပ်တစ်ခုပွင့်လာသောကြောင့် အလင်းရောင်တွေက အခန်းထဲသို့ရောက်လာသည်။ နေရှိင်းသေတ္တာကြီးဘေးတွင် ကပ်ပြီးကြည့်နေလိုက်သည်။ သေနတ်ကိုင်လျက်



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်အထဲသို့ဝင်လာနေသည်။

"ဒီကောင်...ဒီထဲမှာပဲ ရှိမယ်၊ သေသေချာချာရှာ"

သေနတ်သမား(၂)ဦး သေတ္တာကြီးနားသို့ ရောက်လာ လုတွင် နေရိုင်းအသံပြုလိုက်သည်။

"ဒိုင်း..."

သေနတ်သမားက ရမ်းပြီးပစ်လိုက်သဖြင့် ကျည်ဆံ နှင့်လူက တခြားစီဖြစ်သွားပြီး...အနီးဆုံးကောင်ကို နေရိုင်း အရင်ရှင်းပစ်လိုက်သည်။

"ဖြောင်း...အီး..."

နောက်တစ်ယောက်မှာ သေနတ်ပစ်ချိန်မရတော့ဘဲ လက်ထဲမှ သေနတ်နှင့်ဝင်ပြီးရိုက်လေသည်။ နေရိုင်း အသာ အယာပင်ရှောင်ကာ တစ်ချက်တည်းနှင့်သိပ်လိုက်ရသည်။ အပေါက်ဝဆီသို့ ထွက်ခဲ့ပြီး အပြင်သို့ကြည့်တော့ ရဲတပ်ဖွဲ့ဝင် တွေနှင့် တိုက်ပွဲက ပြင်းထန်နေဆဲ...

နေရိုင်း သင်္ဘောအပေါ်သို့တက်သည့် လှေကားအတိုင်း တက်ပြီး ဦးစိန်ဘွားကို ရှာဖွေရတော့သည်။ သင်္ဘောကြီးမှာ ကျယ်ဝန်းသဖြင့် ရှာရခက်နေသည်။

"ဒတ်...ဒတ်...ဒတ်"

"ဟင်..."





ဝေဟင်ထက်မှာ ရဟတ်ယာဉ်တစ်စီးပျံဝဲလာပြီး... သင်္ဘောကြီးနောက်ဘက်တွင် ဆင်းသက်ကာ ရဟတ်ယာဉ် ပေါ်မှ အနက်ရောင်ဝတ်စုံဝတ်ထားကြသော သေနတ်သမား တွေ ဆင်းလာကာ...သင်္ဘောပေါ်ရှိလူတွေကို တရကြမ်း တိုက်ခိုက်တော့သည်။

နေရိုင်းဇဝေဇဝါဖြစ်သွားသည်...တရပ်ရဲတပ်ဖွဲ့ဝင် တွေလားဟုတွေးနေတုန်း သင်္ဘောကြီးအပေါ်ဆုံးထပ်မှ လူ(၂) ယောက်က...ဦးစိန်ဘွားကို သေနတ်နှင့်ချိန်ပြီးခေါ်ဆောင် လာခဲ့သည်ကိုတွေ့တော့မှ...

"ဒါရွှေရောင်ပန်းအဖွဲ့ပဲ..."

နေရိုင်း...ရဟတ်ယာဉ်ဘက်ကို ခပ်သွက်သွက်လေး ပြေးသွားကာ ရဟတ်ယာဉ်ကိုတားနိုင်အောင် ကြိုးစားပေမယ့် တစ်ဖက်မှ တွေ့သွားပြီး...နေရိုင်းကို ခေါင်းမဖော်နိုင်အောင် ပစ်လေသည်။

တရပ်ရဲတပ်ဖွဲ့ဝင်များ သင်္ဘောကြီးပေါ်သို့ ရောက်ချိန် မှာ...ရဟတ်ယာဉ်ကြီးပျံဝဲထွက်သွားခဲ့တော့သည်။

"တောက်..."

ဒီတစ်ခါလည်း ဦးစိန်ဘွားကို နေရိုင်းတို့လက်လွှတ် လိုက်ရပြန်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာနေရှိုင်း စိတ်မပျက်ပါနဲ့ဗျာ . . .ဦးစိန်ဘွား လွတ်မြောက်သွားရတာ ကျုပ်ရဲ့ညံ့ဖျင်းမှုကြောင့်လည်းပါ ပါ တယ် . . .တကယ်ဆို စစ်ဘက်ရေကြောင်းကို သတင်းပို့ပြီး ပိတ်ဆို့ရင် လွတ်မှာမဟုတ်ဘူး၊ ကျုပ်တောင်းပန်ပါတယ်. . ."

"ရပါတယ်ဗျာ...ခုလည်း ရွှေရောင်ပန်းအဖွဲ့က လူတွေ သင်္ဘောပေါ်ကြိုရောက်နေလို့သာ ပါသွားတာပါ"

"တစ်ခုတော့ အမြတ်ရလိုက်ပါတယ် . . .ဂူတန်မြေ ပေါ်က စိန်ဘွားရဲ့လှုပ်ရှားမှုတွေကို ရပ်တန့်နိုင်ပါပြီ၊ ဒါကလည်း ခင်ဗျားတို့(၂)ယောက်ရဲ့ ကျေးဇူးကြောင့်ပါဗျာ . . ."

နေရှိုင်းရင်ထဲမှာတော့ စိန်ဘွားကို ရွှေရောင်ပန်းအဖွဲ့ ဖမ်းဆီးသွားခြင်းကြောင့် စိုးရိမ်နေမိသည်။ ရွှေရောင်ပန်းအဖွဲ့ မှ စိန်ဘွားကို အပြတ်ရှင်းခဲ့ရင် နေရှိုင်းတို့လာခဲ့ရကျိုး နပ်မည် မဟုတ်ပေ . . .

"နေရှိုင်း . . .မင်းစိုးရိမ်နေတယ်မဟုတ်လား"

"ဟုတ်တယ် ဗိုလ်ကြီး...စိန်ဘွားမပါဘဲ မြန်မာပြည် ကို မပြန်ချင်ဘူး"

"ဆက်ပြီး ကြိုးစားကြတာပေါ့ . . ."

"မစ္စတာနေရှိုင်းတို့ကို ကျုပ်အစွမ်းကုန် ကူညီပေးသွား မှာပါ. . .ရွှေရောင်ပန်းအဖွဲ့ကြီးကိုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်





ဖို့ ကြိုးပမ်းသွားမယ်၊ ဒီအတွက် မစ္စတာနေရှိုင်းနဲ့အကူ လက် တွဲပြီးလုပ်ဆောင်သွားမှာပါ . . ."

ကျန်ကျို . . .နေရှိုင်းပခုံးလေးကိုဖက်ပြီး ရောက်ရှိလာ သော ရဲတပ်ဖွဲ့ပိုင် ရဟတ်ယာဉ်ပေါ်သို့ တက်ခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၉ ▶

ဂူတန်မြို့၏ အကြီးဆုံးဘုံကျောင်းတစ်ခုပင် နှင်းတွေက အရင်လောက်မကျတော့ပေမယ့် ကျနေဆဲဖြစ်သည်။

ဘုံကျောင်းကြီး၏ ဝန်းကျင်မှာ တရုပ်ကုန်သည်ကြီးတွေအပြင် သက်ဆိုင်ရာအရာရှိကြီးတွေ၏ ကားတွေပါမြင်တွေ့နေရသည်။

နေရိုင်းတို့(၃)ဦးရောက်ချိန်တွင် တရုပ်ရိုးရာအကတွေဖြင့် စတင်ဖျော်ဖြေနေကြပြီဖြစ်သည်။

"ကျန်ကျိ...ဒါ ဘာပွဲလုပ်တာလဲ"

"ဒါရာသီပွဲတော်မဟုတ်ဘူး...ဘုံကျောင်းရဲ့အကြီးဆုံးဘုန်းတော်ကြီး ရှာပင်လောရဲ့မွေးနေ့လို့ ပြောတာပဲ..."





"ရှာပင်လောက ရှိသေးလား..."

"မရှိတော့ဘူး...ဆုံးသွားတာ (၅)နှစ်လောက်ရှိပြီ"

"ဂျက်စတန်ပြောတဲ့...ရွှေရောင်ပန်းအဖွဲ့ကြီးရဲ့ (၁၀)နှစ်ပြည့်အထိမ်းအမှတ်ဆိုတာရော ဖြစ်နိုင်ပါ့မလား"

"ဟုတ်ပြီ...ခုမှ သတိရတယ်"

"ဘာများလဲ...ကျန်ကျိ"

"ရှာပင်လောဟာ...မန်ချူးလက်ထက်တုန်းက အာမခံလုပ်ငန်းကြီးကို လုပ်ကိုင်ခဲ့တဲ့မျိုးဆက်ထဲက သူပဲ..."

"အာမခံလုပ်ငန်းဆိုတာ...ဘာလဲ"

"ဒီလို နေရိုင်း...ကိုကင်းအဖွဲ့တွေရဲ့ ရွှေငွေပစ္စည်းတွေကို တစ်နယ်က တစ်နယ်ပို့ချင်ရင် သူတို့အဖွဲ့ကို ငှားရမ်းပြီးပို့နိုင်းလို့ရတယ်...သူတို့အဖွဲ့က သူတွေက သိုင်းပညာတတ်ပြီး ကတိတည်တယ် သစ္စာရှိတယ်၊ ခု ရွှေရောင်ပန်းအဖွဲ့ကလည်း ဒီသဘောမျိုးလုပ်ကိုင်ပေးနေတာ..."

"ရှာပင်လောက သေသွားပြီဆိုတော့ သူ့ရဲ့မျိုးဆက်ဆိုတာ ရှိသေးလို့လား..."

"ရှိနိုင်မယ်...ဒါကို ခြေရာကောက်ရင် ရွှေရောင်ပန်းအဖွဲ့ခေါင်းဆောင်ကို သိလာနိုင်တယ်...ကဲ ဟိုမှာ တရုပ်ရိုးရာ ရောင်လင်သိုင်းကပြနေပြီ သွားပြီးကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နေရိုင်းတို့ သိုင်းကစားနေကြသော နေရာတွင် ရပ်ပြီး ကြည့်နေပေမယ့် နေရိုင်းမျက်လုံးတွေက ဘုံကျောင်းကြီးရဲ့ တစ်နေရာဆီကို ကြည့်နေမိလေသည်။

"တုံ...တုံ...တုံ"

စည်ကြီးထုသံကြောင့် အားလုံးတိတ်ဆိတ်သွားပြီး... ဘုံကျောင်းတံခါးချပ်ကြီး ပွင့်လာကာ၊ ဘုံကျောင်းကြီး၏ ဘုန်းတော်ကြီးတစ်ပါးနှင့် ဘေးမှအခြံအရံတွေပါ ထွက်လာသည်။

"သူက...လက်ရှိဘုန်းတော်ကြီးလား ကျန်ကို"

"ဟုတ်တယ်...ရှောင်ကျိဝုတဲ့"

"ရှာပင်လောရဲ့ အနွယ်မဟုတ်ဘူးလား..."

"မဟုတ်ဘူး...တိဗက်ကနေ ရောက်လာတာ"

ဘုန်းတော်ကြီး ရှောင်ကျိဝုမှ တက်ရောက်လာကြသော ဧည့်သည်တွေကို အပေါ်မှရပ်ပြီး စကားစပြီးပြောလေသည်။

"ဒီနေ့ဟာ ကွယ်လွန်သွားတဲ့ ဘုန်းတော်ကြီး... ရှာပင်လောရဲ့ အနှစ်(၈၀)ပြည့် မွေးနေ့ပွဲဖြစ်သလို ဘုံကျောင်းကြီးရဲ့ ဒကာတော်နဲ့ မိတ်ဆက်ပေးမယ့်ပွဲလည်းဖြစ်ပါတယ်... ယခင်က ဘုံကျောင်းကြီးကို ရှာပင်လောရဲ့မျိုးဆက်(၈)ဦးက စောင့်ရှောက်ထိန်းသိမ်းခဲ့ရင်း၊ ခု နောက်ဆုံးမျိုးဆက်က ပြောင်းယူတော့မှာ ဖြစ်ပါတယ်...ဘုန်းတော်ကြီးရှာပင်လောဟာ သူ့ရဲ့မျိုးဆက်တွေထဲမှာ ယောကျ်ားလေးတစ်ယောက်မှ မပါခဲ့တာကြောင့် ဘုန်းတော်ကြီးနေရာကို ဘယ်သူမှဆက်ခံခွင့် မရခဲ့ပေမယ့်...ဘုံကျောင်းကြီးကို ရှာပင်လောရဲ့သမီး၊ မြေး မြစ်တွေက စီမံကွပ်ကဲပေးခဲ့တာ ခုချိန်ထိဖြစ်ပါတယ်... ခုနောက်မြေးအလှည့်ကို ရောက်ခဲ့ပြီဖြစ်ပါတယ်၊ တက်ရောက်လာတဲ့ ဧည့်သည်တော်တွေနဲ့ မိတ်ဆက်ပေးပါ့မယ်"





တစ်ဖက်ဆီမှ ထွက်လာသော တရုပ်အမျိုးသမီးတစ်ဦးကြောင့် အားလုံးမျက်နှာတွင် အံ့အားသင့်သလိုဖြစ်သွားခဲ့ကြသည်။ ဘုံကျောင်းကြီးကို နောက်ဆုံးဆက်လက်ထိန်းသိမ်းမည့် မိန်းကလေး၏ ငယ်ရွယ်မှုကြောင့်ပင်ဖြစ်သည်။ သူမ၏ အသက်မှာ အများဆုံး(၂၀)ဝန်းကျင်လောက်သာ ရှိပြီး... လှပပျိုရွယ်မှုမှာ ငေးမောလောက်စရာပင်...

"ဒကာမလေး နာမည်က...ရှာလောလုံ့မာလို့ ခေါ်ပါတယ်"

"ရှီး...ဖြောင်း...ဖြောင်း"

တက်ရောက်သူတွေဆီမှ ဩဘာသံတွေက ဆူညံစွာ ထွက်ပေါ်လာခဲ့တော့သည်။ ဘုန်းတော်ကြီး ရှောင်ကျိဝုမှ ဘုံကျောင်းကြီး၏ စလွယ်ကြီးကို သိုင်းလွယ်လာပြီး အမွှေးနံ့သာ



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့် ပက်ဖြန်းပေးကာ ချီးမြှောက်ပေးလိုက်သည်နှင့် . . . စည်ကြီးတီးသံတွေ ပေါ်ထွက်လာပြီး တရပ်ရိုးရာအကတို့ဖြင့် ကြိုဆိုကြတော့သည်။

"အားလုံး လွတ်လပ်စွာ သုံးဆောင်နိုင်ပါပြီ . . ."

စားပွဲအသီးသီးတွင် အားလုံးပြန်ထိုင်ပြီး၊ သက်သတ်လွတ်စားသောက်ဖွယ်ရာများကို တည်ခင်းပြီးဧည့်ခံလေသည်။

"နေရှိုင်း ဘာတွေထူးခြားတာတွေလဲ"

"သတိထားမိတာ . . . တစ်ခုပဲရှိတယ်မိုလ်ကြီး"

"ဘာများလဲ . . ."

"ရှာလောလျှံမှာ . . ."

"မစ္စတာနေရှိုင်း သတိထားမိတဲ့အချက်ကို ပြောပြပါဦး"

"ရှာလောလျှံမှာ ဆံနွယ်ပေါ်က . . . ရွှေရောင်ပန်းပွင့်"

"ဟာ . . . ဟုတ်ပါရဲ့ တကယ်လစ်လပ်သွားတဲ့ကိစ္စ တစ်ခုပဲ"

"ရှာလောလျှံမှာဟာ တိုက်တိုက်ဆိုင်ဆိုင် . . . ဒီ ရွှေရောင်ပန်းကို ထိုးခဲ့တာတော့ မဖြစ်နိုင်ဘူး၊ ပြီးတော့ အနီရောင်တီရှပ်နဲ့ လူတွေရဲ့ ရင်ဘတ်ပေါ်မှာ ရွှေရောင်ပန်းပွင့် ရင်ထိုးလေးတွေကို တွေ့ရတယ် . . . သိပ်အများကြီးတော့ မဟုတ်ဘူး၊ ကျုပ်ရေတွက်မိသလောက်တော့ (၁၀)ဦးလောက်ပဲရှိတယ်"





"မစ္စတာနေရှိုင်းပြောမှပဲ သတိထားမိတာ . . . ဒါဟာ ရွှေရောင်ပန်းအဖွဲ့ကြီးရဲ့ သင်္ကေတတစ်ခုပဲဖြစ်မယ် . . ."

"သေချာသလောက်တော့ ရှိတယ် . . . အနီရောင်တီရှပ် ဝတ်ဆင်ထားတဲ့ လူတွေဟာ ခေါင်းဆောင်ပိုင်းလောက် အဆင့်ရှိမယ်"

ရှာလောလျှံမှာ အောက်သို့ဆင်းလာပြီး၊ အားလုံးကို လိုက်လံနှုတ်ဆက်ရင်း နေရှိုင်းတို့အနားသို့ ရောက်လာခဲ့သည်။

"ဒီက ဧည့်သည်တွေက ပြည်ပနိုင်ငံကဖြစ်မယ်နော်"

"မြန်မာပြည်ကပါ . . ."

"ခုလို အဘိုးရဲ့ မွေးနေ့ကိုရောက်လာတာကို အရမ်း ကျေးဇူးတင်ပါတယ်"

"ခုလို ဧည့်ခံကျွေးမွေးတာကိုလည်း ကျေးဇူးတင်ပါတယ် . . ."

"ဝူတန်ကို အလည်သက်သက်ပဲလား . . ."

"မဟုတ်ပါဘူး . . . လူတစ်ယောက်ကို လာရှာတာပါ"

"သြော် . . . တွေ့ပြီးပြီလား"

"တွေ့နေပါပြီ . . . ခေါ်သွားဖို့ပဲ ရှိပါတော့တယ်"

သူမမျက်နှာတွင် . . . တစ်စုံတစ်ခုကို တွေးမိသလို ထင်ဟပ်လာပြီးနောက် . . .



www.burmeseclassic.com

www.burmeseclassic.com



"သွားခွင့်ပြုပါဦး..."

"ကောင်းပါပြီ...ရှာလောလျှံမှာ"

သူမ ထွက်သွားပြီးနောက်...နေရှိုင်းတို့(၃)ယောက် ဘုံကျောင်းကြီးထဲသို့ လှည့်ပတ်ပြီး ကြည့်ရှုကာ ပြန်ပြီးထွက် လာခဲ့သည်။

"ကျွန်ကျို ကားကိုရပ်ပြီး...စက်ပျက်သလို လုပ်လိုက် ပါ..."

"အကြောင်းရှိလို့လား..."

"ရှိတယ်...နောက်ကထွက်လာမယ့် ကားတစ်စီး နောက်ကို လိုက်ချင်တယ်"

"ဒါဆို ဒီလိုလုပ်..."

ကျွန်ကျို...သူမောင်းလာသည့်ကားပေါ်မှ အားလုံးဆင်း နိုင်ပြီး ရပ်ထားသောကားတစ်စီးပေါ်သို့ တက်ကာ...

"လျှောင်ဝူ...မင်း ငါတို့ကားကို ယူပြီးပြန်တော့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ကျို ကားချင်းချိန်းကာ ထွက်လာမည့်ကားကို စောင့်နေလေသည်။

"ဟိုမှာ လာနေပြီ"

(× × + × -)အမျိုးအစားကားနက်တစ်စီး မောင်





ထွက်လာပြီး၊ ရှေ့နောက်တွင်ဆိုင်ကယ်(၂)စီး ခြံရံလျက်...

"ရှာလောလျှံမှာကားလား...နေရှိုင်း"

"မဟုတ်ဘူး ဗိုလ်ကြီး...စိတ်ထဲမှာ မသင်္ကာတဲ့လူ တစ်ယောက်ရဲ့ကားပဲ...ဒီလူက ရုပ်ဖျက်ပြီးလာတာ သေချာ တယ်...ဘယ်သူဘယ်ဝါဆိုတာတော့ အတိအကျမသိနိုင်ဘူး၊ ဒါပေမယ့် ရွှေရောင်ပန်းအဖွဲ့ရဲ့ ထိပ်တန်းတစ်ယောက်ပဲ"

"အိုက်ကောင်းစံများလား..."

"ဒါတော့ မပြောတတ်ဘူး ကျွန်ကျို"

ဘုံကျောင်းထဲမှ ထွက်လာသောကားမှာ နေရှိုင်းတို့ ကားကိုကျော်တက်ပြီး မောင်းသွားပြီဖြစ်သောကြောင့် နေရှိုင်း တို့ နောက်မှလိုက်ခဲ့ကြသည်။

"ဟင်..."

ရှေ့ကကားမှာ တစ်ဖက်လမ်းချိုးတစ်ခုထဲသို့ ကွေ့ဝင် သွားသဖြင့် လိုက်ပြီးကွေ့ဝင်တော့ ဆိုင်ကယ်တွေရော ကားပါ မတွေ့ရတော့ပေ...

"ထူးဆန်းလှချည်လား..."

"ကျုပ်တို့ လိုက်လာတာကို သိသွားပုံရတယ်"

"ဖြစ်နိုင်တယ်..."

"ဒီလမ်းက အရှင်းကြီးပဲ...ဘာမှကွေ့ပြီးဝင်စရာမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိတာ ဘယ်လိုလုပ်ပြီးပျောက်သွားသလဲ မသိဘူး"

နေရိုင်း...ဘေးပတ်ဝန်းကျင်ကို လေ့လာကြည့်တော့ အဝေးဆီမှ ထရပ်ကားကြီးတစ်စီး ကွန်တိန်နာသေတ္တာကြီး တင်ပြီး မောင်းသွားသည်ကို တွေ့လိုက်ရသဖြင့်...

"သေချာပြီ..."

"ဘာ သေချာတာလဲ နေရိုင်း"

"ရှေ့က ထရပ်ကားကြီးပေါ်မှာပါသွားပြီ"

"ဟင်..."

ထရပ်ကားကြီးနောက်သို့ ကားစက်ကိုမြှင့်ပြီး လိုက်ခဲ့ကြသည်။

"ဒီအတိုင်းလိုက်ရင် မှီမှာမဟုတ်ဘူး...ရှေ့က ဖြတ်လမ်းအတိုင်း လိုက်ရမယ်"

ကျွန်ကျို တောလမ်းသွယ်တစ်ခုကို ကားမောင်းဝင်လိုက်ပြီး လမ်းခပ်ကြမ်းကြမ်းကို မောင်းခဲ့သည်။ ထိုတောလမ်းကြားမှ ထွက်သည့်လမ်းကိုရောက်တော့...ထရပ်ကားကြီး၏ ရှေ့ကို ရောက်နေလေပြီ၊ အပေါ်တွင် ရထားသံလမ်းတံတားက ရှိနေသည်။

"ကျုပ်တို့ ရထားသံလမ်းပေါ်ကနေ...ကားပေါ်ကို ခုန်ဆင်းမယ်"





"မစ္စတာဇင်သော်ကတော့ နေခဲ့ဗျာ...နောက်ကနေသာ အခြေအနေကြည့်ပြီး မောင်းခဲ့တော့"

ကျွန်ကျိုနှင့် နေရိုင်း ရထားသံလမ်းပေါ်သို့တက်ပြီး၊ ထရပ်ကားကြီးအလာကို စောင့်နေလေ၏။

"လာပြီ...ကျွန်ကျို"

"OK အသင့်ပဲ"

ထရပ်ကားကြီးမှာ ရထားကုန်းကျော်တံတားကို ဖြတ်ပြီးကျော်သည်နှင့် နေရိုင်းတို့(၂)ယောက်လုံး ကွန်တိန်နာသေတ္တာကြီးပေါ်သို့ ခုန်ဆင်းလိုက်လေသည်။

ထရပ်ကားကြီးမှာ မောင်းနေဆဲ...

ခြေသံလုံစွာနှင့် လျှောက်ခဲ့ပြီး...အောက်သို့ဆင်းရန် ပြင်ဆင်ကြသည်။

"ဒီအတိုင်းဆို ဆင်းလို့တော့ မလွယ်ဘူး..."

ခါးက ခါးပတ်တွေကိုဖြုတ်ပြီး အပေါ်မှသံတိုင်နှင့် ချိတ်ပြီး ဖြည်းဖြည်းချင်းဆင်းကြလေသည်။ ကွန်တိန်နာသေတ္တာကြီးထဲမှ စကားပြောသံကို ကြားနေရလေသည်။ နေရိုင်း...ကျွန်ကျိုကို အထဲတွင် လူရှိနေသည်ကို အချက်ပြပြောဆိုလိုက်ပြီး...နောက်ဖက်အပေါက်ဆီသို့ သတိနှင့်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ကျိုကတော့ ထရပ်ကားမောင်းသူဆီကို သွားနေသည်။

"ကျွိ..."

"ဟင်..."

ကွန်တိန်နာ နောက်ပေါက်တံခါးကြီး ပွင့်သွားပြီး အဝေးပစ်ပခုံးထမ်းလောင်ချာကို ထမ်းလျက် လူတစ်ယောက် ထွက်လာပြီး...နောက်မှ လိုက်လာသော မိုလ်ကြီးဇင်သော်ကားကို အပြတ်ရှင်း ရန်...ချိန်ရွယ်နေလေသည်။

"ကဲ..."

"အား..."

နေရှိင်းအနီးကပ် ဆွဲချလိုက်သဖြင့် ကားလမ်းပေါ်သို့ ပြုတ်ကျသွားတော့သည်။

"ဒိုင်း...ဒိုင်း..."

အထဲမှ သေနတ်သံတွေက ဆက်တိုက်ထွက်လာပြီး နေရှိင်း အထဲကိုမဝင်နိုင်အောင် ပစ်ခတ်နေသည်။ နေရှိင်း ပွင့်နေသော တံခါးချပ်ကြီးကိုပြန်ပိတ်လိုက်ပြီး အပြင်မှချက် ချလိုက်သည်။

"ကျွိ..."

ထရပ်ကားကြီးလည်း လမ်းဘေးသို့ထိုးရပ်သွားတော့သည်။ ကျွန်ကျို ကားမောင်းသမား(၂)ဦးကို အောက်ဆင်းခိုင်းပြီး မြေပြင်တွင် လက်မြှောက်ခိုင်းလိုက်လေသည်။

"နေရှိင်း..."

"အထဲမှာ ရှိနေကြတယ်"

"ဒါဆို လွယ်ပါတယ်"

ကျွန်ကျို...ကားဆီတိုင်ကီထဲမှ ဆီကိုအဝတ်စနှင့် စွတ်လိုက်ပြီး...

"နေရှိင်းနဲ့ ဇင်သော်ရေ အသင့်သာပြင်ထား...ဒီကောင်တွေ ထွက်လာမှာ..."

ကျွန်ကျို..အဝတ်စကို မီးရှို့ပြီး ကွန်တိန်နာသေတ္တာကြီးတံခါးကိုဟပြီး၊ ပစ်ထည့်လိုက်သဖြင့် ကွန်တိန်နာသေတ္တာကြီးထဲမှ အော်သံများနှင့် တစ်ယောက်ချင်း ခုန်ဆင်းလာသဖြင့် တစ်ယောက်ချင်း ထိန်းသိမ်းလိုက်သည်။ ကုန်သေတ္တာကြီးထဲမှ နောက်ဆုံး ခုန်ဆင်းလာသူကတော့ ရုပ်ဖျက်ထားသော... အိုက်ကောင်းစံ..

"မလှုပ်နဲ့...အိုက်ကောင်းစံ"

"မင်းတို့က ငါ့ကို ဘာအမှုနဲ့ဖမ်းမှာလဲ...ပြောစမ်းပါဦး"

"လောလောဆယ် တရားမဝင် လက်နက်ကြီးကိုင်







www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှုနဲ့ ဖမ်းလို့ရတယ်...”

“ဟား...ဟား...ဟား အိုက်ကောင်းစံအတွက် 
လက်နက်မှုလောက်ကတော့ကွာ စကားထဲတောင်ထည့်ပြီး ပြောစရာမလိုဘူး”

“ဒါက ခင်ဗျားအပိုင်းပဲ . . .ဒါပေမယ့် ခင်ဗျားကို မဖမ်းတော့ဘူး”

“ဟင်...”

နေရှိုင်း...အိုက်ကောင်းစံကို သေချာစွာကြည့်ပြီး

“ဘာလို့လဲဆိုတော့ ဖမ်းရင်မထူးတဲ့ခင်ဗျားကို ရှင်းပစ်လိုက်တာ အကောင်းဆုံးပဲ”

“မင်းတို့က ဒီလိုလုပ်ရဲလို့လား”

“ဒါ မြန်မာပြည်မဟုတ်ဘူးကွ...ကျုန်ကျိုနှုတ်လုံရင် အားလုံးပြီးတယ်၊ ကဲ ကျုန်ကျိုဘယ်လိုသဘောရလဲ”

“ခင်ဗျားတို့သဘောပဲဗျာ...ဒီနေရာကတော့ မကောင်းဘူး။ ရှင်းတဲ့နေရာကို ခေါ်သွားကြမယ်”

“ကောင်းတယ် သွားကြစို့...ဒီကောင်တွေရော ပါ ရောက်မှ တစ်ခါတည်း ရှင်းပစ်လိုက်ကွာ”

“ဟော့ကောင်တွေ တက်စမ်း...”

“နေရှိုင်း...”





“ဘာလဲ ကျုန်ကျို”

“ဒီကောင်တွေ ခေါ်မနေနဲ့ကွာ...တစ်ခါတည်း ရှင်းပစ်ခဲ့ရင်ကောင်းမယ်”

“ခင်ဗျား သဘောပေါ့...ဒီမှာ ရှင်းပစ်မလား”

“ဟို ချုံကြီးထဲမှာဆို ဘယ်သူမှ ရှာတွေ့မှာမဟုတ်ဘူး၊ ခေါ်သာလာခဲ့တော့...”

အိုက်ကောင်းစံ၏ တပည့်(၄)ယောက်ကို ချုံကြီးထဲ ခေါ်ပြီး...သေနတ်သံပေးလိုက်သည်။ နေရှိုင်းကတော့... အိုက်ကောင်းစံတပည့်(၄)ယောက်ကို ကြိုးဓိတွေဖြင့် တုပ်နှောင်ပြီး...အော်ဟစ်လို့ပင် မရအောင်လုပ်ထားခဲ့သည်။

“သတ်လို့ ကိစ္စပြီးပြီလား...”

“ပြီးပြီ...သွားကြမယ်”

ကားပေါ်သို့ အိုက်ကောင်းစံကို...ဗိုလ်ကြီးဇင်သော်နှင့်နေရှိုင်း နှစ်ယောက်ညှပ်ပြီးခေါ်ဆောင်လာခဲ့သည်။

“မင်းတို့...ဘာလို့ ငါ့ကို သတ်ချင်ရတာလဲ”

“ဦးစိန်ဘွားကြောင့်...”

“ဘာ...စိန်ဘွားကြောင့်ဟုတ်လား”

“ဟုတ်တယ်...စိန်ဘွားကို မြန်မာပြည်ကို ပြန်ပြီး ခေါ်မသွားရတာ ခင်ဗျားတို့ရွှေရောင်ပန်းအဖွဲ့ကြောင့် . . .ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခင်ဗျားကိုအပြတ်ရှင်းပစ်တာပဲ ကောင်းတယ်"

"မင်းတို့လုပ်ရပ်က . . . ဘာမှမဆိုင်ဘူး"

"ဆိုင်တာ မဆိုင်တာတွေ ကျုပ်တို့မသိဘူး . . . မြန်မာပြည်မှာ ခင်ဗျားတို့ဒုက္ခပေးခဲ့လို့ ခုထိကျုပ်တို့ အလုပ်ရှုပ်နေရတယ်"

"မင်းတို့ ငါ့ကိုဖမ်းတော့ရော စိန်ဘွားကိုပြန်ပြီး ရမှာမှမဟုတ်ဘဲ"

"ခင်ဗျားကို မသတ်လည်း . . . ဦးစိန်ဘွားကို တွေ့ဖို့က မလွယ်တော့ဘူး"

"ဒါဆို . . . မင်းတို့မှားပြီ"

"ဘာမှားတာလဲ . . ."

"မင်းတို့နဲ့ ငါ . . . အပေးအယူလုပ်ချင်တယ်"

"ဘယ်လို အပေးအယူလဲ . . ."

"ငါ့ကိုလွှတ်ပေးရင် . . . ဦးစိန်ဘွားရှိတဲ့နေရာကို ငါပြောပြမယ်"

"ခင်ဗျားစကားကို ယုံကြည်ဖို့ခက်တယ်"

"ငါ့အသက်နဲ့ အပေးအယူလုပ်တဲ့ကိစ္စပဲကွာ . . ."

"ကောင်းပြီလေ . . . ခင်ဗျားဘက်က အမှန်အတိုင်းပြောမယ်ဆိုရင် လွှတ်ပေးမယ် . . . ဦးစိန်ဘွား ဘယ်မှာလဲ"





"သိပ်အဝေးကြီးမဟုတ်ဘူး . . . ဘုံကျောင်းထဲမှာ"

"သေချာလား . . ."

"ဒါဟာ ညာရမယ့်ကိစ္စမဟုတ်ဘူး . . ."

"ကျန်ကျိ . . . ဘယ်လိုသဘောရလဲ"

"သူ့စကား ဟုတ်မဟုတ်ကို ငါတို့လက်တွေ့ ကြည့်ကြတာပေါ့ . . . ဟုတ်ခဲ့ရင် ပြန်ပြီးလွှတ်ပေးမယ်"

ဝူတန်မြို့စွန်လမ်းကလေးအတိုင်း ကားလေးကိုမောင်းလာခဲ့တော့သည်။ အိုက်ကောင်းစံ . . . နေရိုင်းတို့ပရိယာယ်ထဲမှာ ပါသွားခဲ့ပြီမဟုတ်လား . . .။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၁၀ ▶

နေရှိုင်းတို့(၃)ဦး ညဝတ်စုံတွေဖြင့် ဘုံကျောင်းကြီးနားသို့ ချည်းကပ်လာခဲ့ကြသည်။ ဘုံကျောင်းဝန်းကြီးထဲမှာ တိတ်ဆိတ်နေပေမယ့် ကင်းလှည့်နေသော ကင်းသမား(၂)ယောက်ကို တွေ့နေရသည်။

"ဘုတ်...ဘုတ်...ဘုတ်"

သုံးယောက်သား ဘုံကျောင်းကြီးထဲသို့ ခုန်ပြီးဝင်လာကြပြီး...သစ်ပင်ကွယ်မှာ နေရာယူလိုက်ကြသည်။ ကင်းလှည့်နေသော အစောင့်တွေ လွန်သွားသည်နှင့် ဘုံကျောင်းဆီသို့ အပြေးကလေး လာခဲ့ကြရသည်။ ဘုံကျောင်းအပေါက်ဝတွင် ဘုန်းကြီး(၂)ပါး စောင့်နေသဖြင့် အထဲသို့ဝင်ရန် မလွယ်တော့ပေ...





"ဟုတ်ပြီ...ဟိုမှာ နေရှိုင်း"

ဘုံကျောင်း ဘေးမှလေဝင်ပေါက်ကို ကျန်ကျိုလှမ်းပြီးပြလိုက်ခြင်းပင်၊ ထိုလေဝင်ပေါက်မှ အထဲကိုဝင်၍ရသည့် လူတစ်ယောက်စာ အပေါက်လေးကိုတွေ့လိုက်သောကြောင့်...

"ဗိုး...ဒေါက်"

ကျန်ကျို သူမှာပါသော ကြိုးကလေးဖြင့် အပေါ်တန်းဆီသို့ သံချိတ်နှင့်လှမ်းပြီးပစ်ကာ ချိတ်လိုက်၏။

"ရပြီ...တစ်ယောက်ချင်းတက်မယ်"

နေရှိုင်း အရင်ဆုံးကြိုးကို ခိုပြီးတက်သွားလေသည်။ နောက်မှ ဗိုလ်ကြီးဇင်သော်တက်ခဲ့ပြီး ...ကျန်ကျိုနောက်မှ တက်ခဲ့ကြသည်။ (၃)ယောက်လုံး အပေါ်သို့ရောက်တော့ ဘုံကျောင်းခန်းမကြီးထဲတွင် လူအရိပ်အယောင်ပင် မတွေ့ရသောကြောင့် အောက်ကိုကြိုးချပြီး ဆက်ပြီးဆင်း ခဲ့ရပြန်သည်။

(၃)ယောက်လုံး အောက်ကိုရောက်မှ...ဘုရားရုပ်တုကြီးနားသို့ ကပ်သွားကြသည်။

"ကျွီ..."

"ဟာ..."

အနောက်ဖက် တံခါးကြီးပွင့်လာပြီး၊ အခန်းထဲမှ...လောလျှံမာ၊ ဘုန်းတော်ကြီး ရှောင်ကျိုဝှနှင့် ကိုယ်ရံတော်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ထွက်လာကြသည်။

"ရောင်ကျိုဂ..."

"ပြောပါ...ရှာလော"

"ဒီလူ့ဆီက စိန်တုံးကြီးကို လိုချင်တယ်..."

"စိတ်ချပြီးသာ ပြန်ပါ...ဒင်း ဘယ်လောက်ခံနိုင်ရည် ရှိမလဲဆိုတာ စောင့်ကြည့်ရတာပေါ့၊ နောက်(၂)ခါလောက်ဆို ပြောကိုပြောရတော့မှာ ရှာလော"

"လက်လွှန်ပြီး သေသွားတာ...မကြားချင်ဘူး"

"ဒင်း သေချင်တယ်ဆိုတာတောင် မသေစေရပါဘူး"

"ရောင်ကျိုဂ မနက်ဖြန်ဆို ပစ္စည်းတွေပို့ရမယ်... စီစဉ်ပြီးပြီလား"

"ပြီးပါပြီ...မနက်ဖြန် ဘုံကျောင်းအတွက် သက်သတ် လွတ်အစားအသောက်နဲ့ သစ်သီးတွေကိုပို့မယ်...ရဲမင်းကြီး လမ်းကြောင်းနဲ့ ဒီပစ္စည်းတွေကို သယ်သွားမှာပါ"

"အားလုံးစိတ်ချမယ် ရောင်ကျိုဂ..."

"စိတ်ချပြီးသာ ပြန်ပါ"

ရှာလောလျှံမာကို အပြင်သို့လိုက်ပို့ရင်း ...ပေါက် တံခါးကြီးကိုပြန်ပြီး ပိတ်သွားသည်နှင့်..နေရှိင်းတို့ အခန်းတံခါး ဆီသို့ ပြေးဝင်လာကာ စိန်ဘွားကိုဖမ်းဆီးထားတဲ့နေရာ





ရှာဖွေရင်း လမ်းစပျောက်သွားကြသည်။

"ကျန်ကျို...ကျုပ်တို့တော့ ထောင်ချောက်ထဲကို ရောက်နေပြီ ထင်တယ်"

"ဟုတ်မယ်..."

"ချောက်..."

"ဟင်..."

အခန်းတစ်ခုလုံး မီးတွေမှိတ်သွားပြီး မှောင်ကျသွား သည်။

"ဟား...ဟား...ဟား ဘာတတ်နိုင်သေးလဲ စုံထောက်တွေ"

"ဘုံကျောင်းထဲကို အလွယ်တကူဝင်လို့ရပေမယ့်... လွယ်တကူ ပြန်ပြီးထွက်လို့မရဘူး။ မင်းတို့အတွက် သေမင်းက မကြာခင် လာတော့မှာ..."

"ကျန်ကျို..."

"ဘာလဲ နေရှိင်း"

"ကျုပ် အောက်ဘက်က...ကြမ်းခင်းက တစ်မျိုးပဲ"

ကျန်ကျို ဓာတ်မီးထိုးပြီး ကြမ်းခင်းကိုကြည့်လိုက်တော့

"အံဝှက်တစ်ခုပဲ..."

ဓားမြှောင်ကိုယ်စီထုတ်ပြီး၊ ကြမ်းပြင်ကို ဓားနှင့်ထိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှာကြည့်ရင်း . . .

"ရပြီ . . ."

"ဝေါ . . ."

အခန်းထဲသို့ နံရံတွေမှ အဆိပ်နံ့သင်းနေသော အငွေ့တွေ ထွက်လာလေပြီဖြစ်၏။

"မြန်မြန်ဆင်းတော့ . . ."

သုံးယောက်လုံး အောက်ဘက်ဆီသို့ ဆင်းလိုက်ပြီးမှ အသက်ဝအောင် ရှူကြရတော့သည်။ သူတို့ရောက်နေသည့် နေရာက ကျောက်နံရံများနှင့် မြေအောက်လမ်းကြီးတစ်ခုပင်၊ ဓာတ်မီးကိုအားပြုပြီး ကျောက်လမ်းကြီးအတိုင်း လျှောက်လာကြရင်း အလင်းရောင်တစ်ခုကို တွေ့လိုက်ရသည်။

ထို အလင်းထွက်နေသော အပေါက်ဝဆီသို့ ရောက်တော့ . . . ဘုံကျောင်းကြီး၏ အပြင်ဘက်တောထဲတစ်နေရာကို ရောက်နေကြလေပြီ။

"ကျန်ကျို . . . ဘာဆက်ပြီးလုပ်မလဲ"

"နောက်တစ်ကြိမ်ထပ်ပြီး ကြိုးစားရမှာပဲ . . ."

"နောက်တစ်ကြိမ်ဆိုရင် စိန်ဘွားကို ဘုံကျောင်းမှာ ထပ်ပြီးထားမှာ မဟုတ်တော့ဘူး ကျန်ကျို"

"ဟုတ်မယ် . . . ကျုပ်တို့သိသွားပြီဆိုတာကို သိသွားပြီ





ဆိုတော့ နေရာရွှေ့တော့မှာ သေချာတယ်၊ ဒီကောင်တွေ လှုပ်ရှားမှုကို မျက်ခြည်မပြတ်စောင့်ကြည့်ရတော့မှာပေါ့ . . ."

"ကျန်ကျို . . . မနက်ဖြန် ပစ္စည်းတွေပို့မယ့်လမ်းကြောင်း ရှိတယ်နော်"

"ရဲမှူးကြီးနဲ့ပတ်သက်နေတယ်ဆိုတော့ ပွင့်ပွင့်လင်းလင်း တင်ပြပြီး ရှာဖွေရမှာပဲ မတတ်နိုင်ဘူး"

(၃)ယောက်သား တောလမ်းအတိုင်းအပြင်သို့ပြန်ပြီး ထွက်လာခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျန်ကျီ...သူတို့တည်းခိုသော အိမ်သို့ပြန်လာတော့ မျက်နှာမကောင်းသည်ကို တွေ့လိုက်ရသည်။

"ကျန်ကျီ...ဘာဖြစ်တာလဲ"

"ရဲမှူးက...ကြိမ်းဝါးလွှတ်လိုက်တယ်"

"ဟာ...ဘာဖြစ်လို့လဲ"

"ကျုပ်တို့ညက ကြားခဲ့တဲ့သတင်းအကိုင်းရှာဖွေမှု လုပ်တာ...ဘာတစ်ခုမှ မတွေ့ခဲ့ဘူး"

"ကျုပ်တို့...သူတို့ ဘုံကျောင်းထဲ ရောက်ခဲ့တာကို သိပြီး၊ လမ်းကြောင်းပြောင်းသွားတာဖြစ်မယ်"

"ဖြစ်နိုင်တယ်...ရဲမှူးကြီးနဲ့အတိုက်အခံလုပ်ပြီး လုပ်ခဲ့ တဲ့ပွဲမှာဗျာ လွှတ်သွားရတယ်လို့..."

"စိတ်ပျက်မနေပါနဲ့ဗျာ ကျုပ်တို့ဘာဆက်ပြီး လုပ်မယ်





ဆိုတာကိုပဲ စဉ်းစားကြရအောင်...ဘုံကျောင်းက ဘာသတင်း ရသေးလဲ"

"စောင့်ကြည့်ရဲဘော်တွေဆီက ထူးထူးခြားခြားဘာမှ တော့ မကြားရဘူး။ ကျုပ်စိတ်နဲ့ဆို ဘုံကျောင်းထဲကိုဝင်ရှာ ချင်တယ်..."

"သွားပြီး မလုပ်နဲ့ကျန်ကျီ...ခုတစ်ခါဆို ခင်ဗျား အတွက်မကောင်းဘူး"

"ဟုတ်တယ် သူတို့ဘက်က...ခုလောက်ဆိုပြင်ဆင် ပြီးနေပြီ၊ စိတ်ပြေလက်ပျောက် အပြင်လမ်းလျှောက်ထွက်ကြ ရအောင်"

"သွားမယ်ဗျာ..."

(၃)ယောက်သား အပြင်သို့လမ်းလျှောက်ထွက်ခဲ့ကြ တော့သည်။

"ဟင်..."

"ဘာဖြစ်တာလဲ...နေရှိုင်း"

"ဟို အရက်ဆိုင်ထဲကို ဝင်သွားတဲ့သူက နဂါးဖြူ"

"နဂါးဖြူဆိုတာ..."

"ဦးစိန်ဘွားရဲ့ လက်ရုံးတစ်ဆူပဲ..."

"လိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



အရက်ဘားဆိုင်ထဲသို့ (၃)ယောက်ဝင်ပြီး၊ နဂါးဖြူကို ရှာဖွေတော့ တရုပ်အမျိုးသားတစ်ဦးနှင့် ဝိုင်းတစ်ဝိုင်းတွင် . . စကားပြောနေသည်ကို တွေ့လိုက်ရပြီး . . .

"ကျန်ကျိ ဟိုလူပဲ . . .ကျုပ်တို့ကို ဒီကောင်ကမှတ်မိနေတော့ အနားကပ်ခံမှာ မဟုတ်ဘူး"

"ကျုပ်တာဝန်ထားလိုက် . . .အပြင်ကသာ စောင့်နေပေတော့"

ကျန်ကျိ အနားသို့ကပ်သွားပြီး၊ သေနတ်နှင့် ကပ်ပြီး တော့ကာ. အပြင်သို့ခေါ်ထုတ်လာခဲ့သည်။

"ခင်ဗျား . . .ဟင်"

"ဘယ်လိုလဲ . . .နဂါးဖြူ မှတ်မိသွားပြီလား၊ မင်းဆရာကိုတော့ ငါဖမ်းလို့မမိပေမယ့် . . .မင်းကိုတော့ အရခေါ်သွားရမှာပေါ့ကွာ"

"ဆရာစိန်ဘွားကို ရွှေရောင်ပန်းအဖွဲ့က ဖမ်းသွားပြီ"

"ငါတို့သိတယ် . . .သူ့ကိုတော့ဖမ်းသွားပြီး မင်းကျတော့ ဘာလို့ မခေါ်သွားတာလဲ"

"ဒါ . . .ဒါ ကျုပ်က ပြေးနိုင်လို့လွတ်နေတာပေါ့"

"နဂါးဖြူ . . .မင်း ဖြီးမနေနဲ့ သင်္ဘောပေါ်မှာ မင်းဆရာကို မင်းကိုယ်တိုင်သေနတ်နဲ့ချိန်ပြီး၊ ရဟတ်ယာဉ်ပေါ်တက်သွား





တာ . . .ငါ့မျက်စိနဲ့မြင်ခဲ့တာ ဘာငြင်းဦးမလို့လဲ"

"ဟင် . . ."

နဂါးဖြူ ဘာဆက်ပြီးပြောရမှန်းပင် မသိတော့ချေ . .

"မင်းဟာ . . .ရွှေရောင်ပန်းအဖွဲ့နဲ့ပတ်သက်တဲ့ လူဆိုတာငါတို့သိထားတယ်၊ မင်းဘက်က ငါတို့အတွက်အကျိုးရှိမယ်ဆိုရင် တရုပ်ပြည်မှာ မင်းကိုထားရစ်ခဲ့မယ် . . ."

"ခင်ဗျား တကယ်ပြောတာလား . . ."

"ငါတို့လိုချင်တာ ဦးစိန်ဘွားပဲ . . မင်းသဘောပေါက်"

"ဆရာစိန်ဘွားကို ဘုံကျောင်း . . ."

"တော်ပြီ နဂါးဖြူ . . .ဘုံကျောင်းထဲမှာ မရှိတော့ဘူး၊ ဘယ်များထပ်ပြီး ခေါ်သွားတယ်ဆိုတာကိုပဲ သိချင်တယ်"

"သူတို့ ဘယ်ကိုခေါ်သွားတယ်ဆိုတာတော့ . . .တကယ်မသိပါဘူး၊ ကျွန်တော့်အဆင့်က ဒီလောက်ထိမရှိဘူး"

နဂါးဖြူစကားသည် ညာနေခြင်းမဟုတ်မှန်း သိလိုက်သည်။

"ဦးစိန်ဘွားနဲ့ပတ်သက်ပြီး . . .အမိကတာ့ဝန်ယူထားသည့်သူက ရောင်ကျိဝုပါ . . .သူပဲသိမယ်"

"ကောင်းပြီလေ . . ."

နဂါးဖြူကို နယ်မြေစခန်းတစ်ခုတွင် အပ်နှံပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ လုပ်စရာရှိတာ တစ်ခုပဲရှိတော့တယ်"

"ဘာလဲ...ကျန်ကျို"

"ဘုန်းတော်ကြီး ရှောင်ကျိုဝုကို ဝင်ကြမ်းဖို့ပဲရှိတော့တယ်..."

"ဒီနည်းကလွဲပြီး တခြားနည်း ရွေးစရာမရှိတော့ဘူး"

"ဘယ်အချိန်ဝင်မလဲ..."

"ဒီညပဲ ဝင်မယ်"

(၃)ယောက်သား သဘောတူလိုက်ပြီး ညအတွက်ပြင်ဆင်ဖို့ ပြန်လာခဲ့ကြစဉ်...

"ဝူး..."

"ကျန်ကျို နောက်မှာ...ဆိုင်ကယ်(၃)စီးလိုက်ပါလာတယ်..."

ဆိုင်ကယ်ဦးထုပ်အနက်တွေက မျက်နှာမမြင်ရအောင် ဆောင်းပြီးလာနေသော ဆိုင်ကယ်သမားတွေကို တွေ့လိုက်ရပြီးနောက်...

"ဝူး...ဖြောင်း"

ဦးဆုံးဆိုင်ကယ်သမားက နေရိုင်းကို အရှိန်နှင့်ဝင်ပြီး တိုက်သောကြောင့် ဘေးဘက်သို့လိမ့်ချလိုက်ပြီး၊ သေနတ်ကို ထုတ်ကာ ပစ်ချလိုက်သည်။





"ဒိုင်း..."

"အုန်း..."

ဆိုင်ကယ်ရောလူပါ လွင့်စင်သွားသည်၊ ကျန်ကျိုနှင့် ဗိုလ်ကြီးဇင်သော်တို့လည်း ဆိုင်ကယ်သမားတွေကို ရှောင်တိမ်းရင်း...ပစ်ခတ်သလို တစ်ဖက်မှလည်း ပြန်လည်ပစ်ခတ်သည်။

"ဒိုင်း...ဒိုင်း...ဒိုင်း"

"ဝူး..."

ဆိုင်ကယ်သမားတွေ အခြေအနေမကောင်းသဖြင့် ပြန်ပြီးတပ်ဆုတ်သွားလေတော့သည်။ (၃)ယောက်ထဲမှတစ်ယောက်ပဲ ကျန်ခဲ့ပေမယ့်...ဒဏ်ရာက ပြင်းထန်နေသောကြောင့် ဆေးရုံကို အားချင်းပို့လိုက်ရတော့သည်။

"ကိုယ့်ဘက်ကတောင် မစရသေးဘူး...သူတို့ဘက်က စနေပြီ"

"ကောင်းတာပေါ့ဗျာ..."

"ရွှေရောင်ပန်းအဖွဲ့ကတော့ ကျုပ်တို့ကိုပစ်မှတ်ထားပြီး တိုက်ခိုက်နေပြီဆိုတော့ တစ်ချက်လေးမှ သတိလစ်လို့တော့ မရဘူး..."

"ဂူတန်နယ်မှာ ပွဲကြီးပွဲကောင်းနွှဲရတာပေါ့..."

နေရိုင်းတို့အိမ်ထဲကို ဝင်မည်အပြု...



www.burmeseclassic.com

www.burmeseclassic.com



"ကျန်ကျို တံခါးမဖွင့်နဲ့..."

ကျန်ကျိုလက်ကို ဆွဲပြီး နောက်သို့ဆုတ်လိုက်ရသည်။

"ဘာဖြစ်လို့လဲ..."

"နောက်မှစကားပြော . . .နောက်ကိုအမြန်ဆုံးဆုတ်မယ်...ဝပ်"

"ဝုန်း..."

ပေါက်ကွဲသံကြီး ပေါ်ထွက်သွားပြီး အိမ်တံခါးမကြီးမှာ ပွင့်ထွက်သွားလေသည်။ နေရိုင်းတို့ကပ်သီလေး လွတ်သွားခဲ့တော့သည်။

"ပွဲကတော့ ကြမ်းပြီးရင်းကြမ်းကုန်ပြီ"

"တော်ကက်...တွေ့ကြပြီပေါ့ကွာ၊ ကျန်ကျိုတို့က ဒါမျိုးမကြိုက်တာ...ကျေးဇူးပဲ နေရိုင်း"

"ရပါတယ်ဗျာ...ကျုပ်တို့နောက်ထပ် တစ်နေရာကိုရွှေ့ဖို့ပဲ ပြင်ဆင်ကြရတော့မယ်"

"ဂူတန်မှာ ကျုပ်တို့အတွက်လုံခြုံတဲ့နေရာ ရှာရတော့မှာပေါ့..."



## အခန်း ◀ ၁၁ ▶

ဂူတန်တွင် နေရိုင်းတို့အတွက် လုံခြုံသောနေရာမှာ မရှိသလောက်ပင် ဖြစ်လာခဲ့ရသည်။ ရွှေရောင်ပန်းအဖွဲ့ကြီး၏လူတွေက နေရာအနှံ့တွင်ရှိနေပြီး..ဘယ်မှာနေသည်ဆိုသည်ကို သိနိုင်သည်။

"ရဲစခန်းဝန်းထဲမှာ နေရတာသိပ်ပြီး မဟန်ဘူးဗျာ"

"ဟုတ်တယ် နေရိုင်း . . .ရဲမှူးကြီးက ကျုပ်ပေါ်မှာ သိပ်ပြီးအမြင်ကြည်လင်တာမဟုတ်ဘူး"

"အမြင်မကြည်လင်တာ အရေးမကြီးဘူး၊ ကျုပ်တို့ကို သေနတ်ကိုင်ဆောင်ခွင့် မပေးတာဆိုးတယ်..."

"ဒီအတွက်တော့ ကျုပ်ကြံပေးမယ်...ဘာလက်နက်မှ



www.burmeseclassic.com

www.burmeseclassic.com



မပါ၁ဲ ရှင်ဆိုင်ဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး . . . ရွှေရောင်ပန်း အဖွဲ့မပြုတ်ရင် ကျုပ်ရာထူးကတော့ ပြုတ်မှာသေချာနေပြီ"

ရဲစခန်းဝန်းထဲမှ (၃)ယောက်သား၊ ကားတစ်စီးနှင့် မောင်းထွက်လာပြီး . . . အပြင်အခြေအနေကို အကဲခတ်နေမိ သည်။။

"ခုကျတော့လည်း ရာသီဥတုက အေးချမ်းနေပါလား"

"မအေးချမ်းဘူး ကျွန်ကျို . . . နောက်မှာ ကားနီလေး တစ်စီးပါလာတယ်"

"ဟင် . . ."

"ဘယ်လိုလုပ်မလဲ . . . ရှင်းပစ်မလား"

"ရှင်းမှဖြစ်မယ် . . . ခုသွားမယ့်နေရာကို ဘယ်သူမှ အသိခံလို့မရဘူး"

ကျွန်ကျိုကား စက်ရှိန်ကိုမြှင့်လိုက်ပြီး . . . မောင်းထွက် ခဲ့သည်။ သူတို့နောက်မှ ကားနီလေးက ထက်ကြပ်မကွာလိုက် ပါလာရင်း . . . နောက်ထပ်ကား(၂)စီးပါ ထပ်တွေ့လိုက်ရတော့ သည်။

"မြို့အပြင်ဘက်ကို မောင်းသွားမယ် . . ."

မြို့ပြင်ကားလမ်းတွင်တော့ ကားအသွားအလာရှင်





သောကြောင့် နေရှိင်းတို့ကားကို အတင်းထိုးလိုက်လေသည်။

"နေရှိင်း . . . ကျုပ် သေနတ်ယူထား"

ကျန်ကျိုပေးသော သေနတ်ကိုယူပြီး အနောက်မှလိုက် လာသောကားဘီးကို ချိန်ရွယ်ပြီးပစ်ချလိုက်သည်။

"ဒိုင်း . . . ဖောင်း"

နောက်ကား၏ ဘီးကို ကျည်ဆံထိမှန်သွားပြီး . . . ကားမှာ လမ်းဘေးသို့ထိုးရပ်သွားလေသည်။

"တစ်စီးတော့ ပြတ်သွားပြီ . . ."

နောက်မှ ကား(၂)စီးမှာ . . . ရှေ့သို့အတင်းကပ်ပြီး မမောင်းရဲတော့ဘဲ အဝေးမှသေနတ်နှင့်လှမ်းပြီးပစ်တော့၏။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

"ဖောင်း . . ."

"ဟာ . . . သွားပြီ"

ဒီတစ်ခါ နေရှိင်းတို့ကားအလည့်ကိုရောက်သွားပြီး၊ ကားမှာ ဘေးသို့ဆွဲကျကာသွားတော့သည်။ ကားရပ်သည်နှင့် အောက်သို့ဆင်းပြီး တောလမ်းထဲသို့ ပြေးခဲ့ကြရတော့သည်။ နောက်မှ လူဆိုးအုပ်စုမှာလည်း ဆင်းပြီးလိုက်လာကြသည်။

"နေရှိင်း . . . ဘယ်နှစ်ယောက်လောက်ရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"(၅)ယောက် လက်နက်ကိုယ်စီနဲ့ပဲ..."

"လူစုခွဲပြီး ရှင်းမယ်..."

"အင်း..."

သုံးယောက်သား တစ်ယောက်တစ်နေရာစီကို ခွဲပြီး ခြေရာဖျောက်လိုက်သဖြင့် နောက်မှလိုက်ကြသော လူဆိုးတွေလည်း လူစုခွဲပြီးလိုက်စဉ်...နေရှိင်း ပုန်းနေသောနေရာဆီသို့ သေနတ်သမားနှစ်ယောက် အပြေးကလေးလာနေကြသည်။

"ဗိုး...ဖြောင်း...အင့်"

နေရှိင်း နွယ်ကြိုးတန်းကြီးကိုခိုပြီး...ခြေစုံကန်ချလိုက်သည်။ ပြေးလိုက်လာသည့် သေနတ်သမားနှစ်ယောက်သုံး ပက်လက်လန်ကျသွားမှ တစ်ယောက်ချင်းရှင်းပစ်လိုက်သည်။

"ဟူး..."

မြေပြင်တွင် ကျနေသောသေနတ်တွေကို ကောက်ယူပြီး...ဗိုလ်ကြီးဇင်သော်နှင့် ကျန်ကျိတို့ဘက်ကို လျှောက်လာခဲ့သည်။

"နေရှိင်း..."

"ဗိုလ်ကြီး...ဘယ်လိုလဲ"

"တစ်ကောင်တည်းဆိုတော့ ခပ်ပေါ့ပေါ့လေးပေါ့ကွာ"





"ကျန်ကျိ ရော..."

"ဟိုမှာ လာနေပြီ"

"ဘယ်လိုလဲ ကျန်ကျိမြန်လှချည်လား..."

"မြန်ဆို ကျုပ်ဘာမှမလုပ်လိုက်ရပါဘူး . . .သူတို့ရိတ်နဲ့သူတို့ တွင်းကြီးထဲကျသွားတာ၊ တစ်ပွဲကတော့ ပြီးပြန်ပြီ"

"ဒီကောင်တွေကို ဒီအတိုင်းထားခဲ့မလား..."

"စခန်းကို အကြောင်းကြားလိုက်မယ်...ကျုပ်တို့သွားရမယ့်နေရာကို ဆက်ပြီးသွားရမယ် . . .ဒီည ရောင်ကျိဝုကို ကြမ်းဖို့လက်နက်ကတော့ အဆင်ပြေသွားပြီ"

တောထဲမှ ပြန်ပြီးထွက်ခဲ့ပြီး၊ ကားဘီးအသစ်လဲကာ ကျန်ကျိခေါ်ဆောင်သည့်နေရာဆီသို့ လိုက်ခဲ့ကြသည်။

ကျန်ကျိခေါ်ဆောင်သည့်နေရာမှာ ကားသင်္ချိုင်းတစ်ခုပင်ဖြစ်သည်။

"ဆီလျှော...ဆီလျှော"

ကျန်ကျိ လှမ်းပြီးခေါ်သံကြောင့် ဆံပင်ရှည်ရှည်နှင့်လူတစ်ယောက် ထွက်လာသည်။ လက်ထဲမှာလည်း ကားစက်ဆီတွေပေနေသော ခွတစ်ချောင်းကိုင်လျက်...

"ဟာ ကျန်ကျိ...ဘယ်တုန်းက ဂူတန်ကိုရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"ရောက်နေတာကြာပြီ...ဆီလျှော"

"မင်းကွာ...ရောက်နေတာတောင် ငါ့ဆီမလာဘူး"

"ကိစ္စတွေ အရေးကြီးနေလို့ပါ...ဟော့ မိတ်ဆက်ပေးရဦးမယ်၊ သူတို့က မြန်မာပြည်ကနေ တာဝန်နဲ့လာကြတဲ့... နေရှိုင်းနဲ့ ဇင်သော်"

"တွေ့ရတာ ဝမ်းသာပါတယ်...ကျွန်တော်က ကျန်ဆီလျှောပါ၊ အထဲသွားကြရအောင်"

ဆီလျှောခေါ်ဆောင်သော နေရာမှာအိမ်မဟုတ်၊ ကားပျက်ကြီးတစ်ခုကို အိမ်အဖြစ်ပြုလုပ် ထားခြင်းဖြစ်သည်။

"ဘယ်လိုလဲ...အဆင်ပြေရဲ့လား၊ ကျုပ်အိမ်က"

"စိတ်ကူးကောင်းသားပဲ..."

ဆီလျှောမှ နေရှိုင်းတို့အတွက် သောက်စရာနှင့် စားစရာတွေချပေးပြီး...

"ငါ့ဆီကိုလာတာ အလည်သက်သက်လား...ကျွန်ကို"

"မဟုတ်ဘူး ဆီလျှော...ငါတို့အတွက် လုံခြုံတဲ့နေရာမရှိဘူးဖြစ်နေလို့"

"ကျန်ကျိုရယ်...စခန်းဌာနချုပ်မှာနေပေါ့"





"အဲဒီမှာ မနေချင်လို့ မင်းဆီကိုထွက်လာတာ..မင်း သိတဲ့အတိုင်းပဲ၊ ရဲမှူးက မလွယ်ဘူး"

"သူ့အကြောင်းတော့ မပြောပါနဲ့ကွာ...ပြောရင်ဒေါသဖြစ်တယ်"

ဆီလျှောမျက်နှာတွင် ဒေါသရိပ်တွေ ထင်လာလေသည်။

"ဇင်သော်...ဆီလျှောဟာ တစ်ချိန်ကရဲအရာရှိ တစ်ယောက်ပါ၊ သိပ်ပြီးတော်တဲ့သူပေါ့...သူ ရဲမှူးကြီးနဲ့စကားများပြီး ရဲထဲကထွက်တဲ့အထိဖြစ်သွားရတာပဲ"

"ဘယ်လိုဖြစ်သွားခဲ့လို့လဲ..."

"ဒီလိုလေ...တစ်နေ့စတိုးဆိုင်တစ်ဆိုင်ကို ဓားပြတစ်ကောင်က အနကြမ်းဝင်စီးပြီး၊ ဆိုင်ထဲကလူတွေကို ဓားစာခံလုပ်ထားတာကို...ဆီလျှောက ခွင့်မတောင်းဘဲ ဝင်ပြီးကယ်ရင်း ဓားပြကိုဆုံးမတာများသွားတယ်...ဒါကို ရဲမှူးက အပြစ်တင်တာနဲ့ စကားများရင်းက နယ်စပ်ကိုပို့မယ်ပြင်တုန်း ရဲထဲကနုတ်ထွက်လိုက်တာပဲကွ..."

"သိပ်ပြီး စာအုပ်ကြီးအတိုင်း လုပ်တဲ့လူကြီးပါဗျာ၊ ဒီတုန်းက သူ့ခွင့်ပြုချက်သာစောင့်နေရင် ဟိုဓားပြကို ဖမ်းမိမှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်မဟုတ်ဘူး၊ ဒါတွေထားလိုက်ပါတော့ . . .ငါ့ဆီမှာ မင်းတို့နေမှာပေါ့"

"ဟုတ်တယ်..ငါတို့နောက်မှာရန်သူတွေက အနီးဆုံးမှာ ရှိနေတယ်"

"ဒီနေရာက ဘယ်သူမှလာလို့မရဘူး . . .လာတဲ့ကောင်လည်း ပြန်လမ်းမရှိစေရဘူးဟေ့ . . .ခုမြင်နေရတဲ့ ကားပျက်မှာက ထောင်ချောက်တွေပဲမှတ် . . .စိတ်ချပြီးသာနေကြ၊ လိုအပ်ရင် ငါပါ မင်းတို့နဲ့အတူပါရတာပေါ့"

"ဆီလျှော . . .မင်းတကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ ကျန်ကျို...မင်းခုလို အသက်လုပြီး ပြေးနေရတာကိုစိတ်ထဲမှာ ဘဝင်မကျချင်ဘူး... မင်းရင်ဆိုင်နေရတဲ့အဖွဲ့က ရွှေရောင်ပန်းအဖွဲ့ပဲ ဖြစ်ရမယ်ဟုတ်လား..."

"ဟင် . . .မင်း ဘယ်လိုသိနေတာလဲ"

"ငါတို့ ရဲတပ်ဖွဲ့ကို ပြန်ပြီးအန်တုရဲတာ ရွှေရောင်ပန်းအဖွဲ့ကလွဲပြီး ဘယ်အဖွဲ့မှ ဒီလောက်အတင့်မရဲဘူး"

"ဟုတ်တယ် . . .ဒီရွှေရောင်ပန်းအဖွဲ့ကို ရှင်းဖို့ ငါ ဝူတန်ကိုရောက်နေတာပဲ"





"ငါ...မင်းတို့နဲ့ပူးပေါင်းရတာ ငါ့မှာ ခံစားချက်ရှိတယ်"

"ဘာခံစားချက်လဲ . . .ဆီလျှော

"ဒင်းတို့လက်ချက်ကြောင့် ငါချစ်သူအသတ်ခံရတယ်"

"ဟင်...မင်းချစ်သူ သတင်းထောက်မလေးကို ပြောတာမဟုတ်လား"

"ဟုတ်တယ် ရွှေရောင်ပန်းအဖွဲ့နဲ့ ပတ်သက်တဲ့သတင်းတစ်ခုကို ရသွားလို့သတ်ပစ်လိုက်ကြတာ . . .ဒီအတွက် ငါ လက်စားချေဖို့ စောင့်နေတာ အခွင့်ကြုံသွားပြီပေါ့"

"ဆီလျှော . . .မင်း ဘုံကျောင်းကို ဝင်ဘူးလား"

"ငါ အရာရှိဘဝတုန်းက ဝင်ဘူးတယ်...တရားခံတစ်ယောက်ကို ဝင်ရှာရင်းရောက်ခဲ့တာပါ မမိခဲ့ပါဘူး...ဒီကတည်းက ဘုံကျောင်းကြီးမှာ လျှို့ဝှက်ချက်တွေရှိမယ်လို့ ထင်ခဲ့ပေမယ့်၊ အကောင်အထည်ဖော်ခွင့် မရပါဘူး. . .ငါလည်း ရဲတပ်ဖွဲ့က ထွက်ခဲ့ရတာပဲ . . .ဘာဖြစ်လို့လဲ"

"ငါတို့ ဘုံကျောင်းထဲက လူတစ်ယောက်ကို ဝင်ပြီးဖမ်းမလို့..."

"ဘယ်သူလဲ . . ."

"ဘုန်းတော်ကြီး ရှောင်ကျိဝု"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ကျို . . . မင်းကြည့်လုပ်ဦးနော်၊ ဘုန်းတော်ကြီး ရှောင်ကျိုဝုက ရဲမှူးကြီးကိုးကွယ်တဲ့ဘုန်းကြီး . . . မင်းကို ဖမ်းဝရမ်းထုတ်ပေးမှာ မဟုတ်ဘူး"

"ခု ဖမ်းမှာ . . . အပြင်ဘက်က ဖမ်းဆီးခြင်းပါ"

"ငါသဘောပေါက်ပြီ . . . ဘယ်တော့ဝင်ပြီးဖမ်းမလဲ"

"ဒီည . . ."

"ကောင်းတာပေါ့ . . . သူ့ကိုဖမ်းတာတော့ ဟုတ်ပါပြီ၊ ဘာကြောင့်လဲဆိုတာ ငါ့ကိုရှင်းပြဦး"

"ရှောင်ကျိုဝုဟာ ရွှေရောင်ပန်းအဖွဲ့ရဲ့အမိက ခေါင်းဆောင်တစ်ဦးဖြစ်တဲ့အပြင် မူးယစ်ဆေးဝါး ဖြန့်ဖြူးနေတဲ့ လူတစ်ယောက်ပဲ . . ."

"သေချာရဲ့လား . . ."

"သေချာတယ် ဆီလျှော . . . ငါတို့နား မျက်စိနဲ့မြင်တွေ့ပြီးမှ လွတ်သွားခဲ့ရတာ"

"ဒါဆို အမြန်ဆုံးရှင်းပစ်ရမှာပဲဟေ့ . . . ကဲကဲ ညဘက်မသွားခင် အနားယူဦးလေ . . . ငါဆက်ပြီးလုပ်စရာတွေ သွားပြီးလုပ်လိုက်ဦးမယ်"

"မင်း . . . ဘာလုပ်နေတာလဲ"





"ကားတစ်စီးထွင်နေတာ . . . ခုတော့ ဘယ်လောက်စွမ်းတယ်ဆိုတာကို မသိသေးဘူး၊ ဒီညမှသိရမှာပဲဟေ့ . . ."

ဆီလျှော နေရိုင်းတို့ကိုထားခဲ့ပြီး အောက်သို့ဆင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုံကျောင်းကြီးဆီသို့ နေရိုင်းတို့ ဒုတိယအခေါက် ရောက်ခဲ့ပြန်သည်။

"ငါတို့ အရင်တစ်ခါက ထွက်ခဲ့တဲ့တောလမ်းက ဝင်ရင် ကောင်းမလား..."

"မဖြစ်ဘူး ကျွန်ကျို...ဒီလမ်းက ဒီကောင်တွေရဲ့ ထောင်ချောက်ထဲကိုသွားတဲ့လမ်း ဖြစ်နိုင်တယ်"

"ဆီလျှော...မင်း ဘယ်လိုစဉ်းစားမိလဲ"

"ငါနဲ့ လိုက်ခဲ့..."

ဆီလျှော ခေါ်ဆောင်သွားသည့် နေရာက ဘုံကျောင်းထဲမှအပြင်သို့ရေပို့သည့် ပိုက်လိုင်းကြီးတစ်ခု...

"ဆီလျှော အဲထဲမှာရေတွေ မရှိဘူးလား"





"မရှိဘူး...ဒီပိုက်လိုင်းကြီးက မသုံးတာကြာပြီ"

ပိုက်လိုင်းကြီးအပေါ်မှ အဖုံးကိုဖွင့်ပြီးနောက်...

"ဆင်းကြမယ်ဟေ့..."

ဆီလျှော ရှေ့မှ ဆင်းသွားပြီး...ဝပ်ပြီးတော့ မိကျောင်းသွား သွားလေသည်။ နောက်မှ နေရိုင်းတို့လိုက်ခဲ့ပြီး နာရီဝက်နီးပါးလောက်သွားမှ အခန်းကြီးတစ်ခုဆီသို့ အဖုံးဖွင့်ပြီး ဝင်လိုက်ကြရသည်။

"ဒါရေချိုးခန်း အဟောင်းကြီးကွ..."

"ငါတို့ရောက်နေတာ...ဘုံကျောင်းပျက်အဟောင်းကြီးမဟုတ်လား"

"ဟုတ်တယ်...ရှောင်ကျိုဝလက်ထက်မှာ ဆက်ပြီး မနေတော့ဘဲ စွန့်ပစ်ကျောင်းကြီးဖြစ်နေတာ...ဒီကနေ ကျောင်းကြီးထဲကို သွားရတာဘယ်သူမှ မသိနိုင်ဘူး"

ကျောင်းအဟောင်းကြီးထဲမှ တစ်ဖက်ကျောင်းကြီးဆီသို့ လာကြရင်း...မီးရောင်တစ်ခုကို တွေ့လိုက်ရသဖြင့် ဘေးဘက်ရှိ ပန်းအိုးတွေနားတွင်ဝပ်ပြီး ပုန်းလိုက်ရသည်။

"ဟင်..."

နေရိုင်းပုန်းနေသော ပန်းအိုးကြီးကိုသတိထားပြီး ကြည့်မိတော့ ပန်းအိုးကြီးမှာ ရွှေလျှား၍နေသည်။ လှမ်းမြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသော မီးရောင်မှာကင်းလှည့်နေသော ဘုန်းကြီးနှစ်ပါးဖြစ်သောကြောင့် သူတို့ကျော်သွားသည်နှင့်. . .

"ကျွန်ကျိ. . ."

"ဘာလဲ နေရှိင်း"

"ဒီပန်းအိုးကြီးက. . .ခလုတ်တစ်ခုပဲ"

"ဟင်. . .ဟုတ်လား"

"ဒီမှာကြည့်. . ."

နေရှိင်း ပန်းအိုးကြီးကိုလှုပ်လိုက်သည်နှင့် မြက်ခင်းပြင်မှ တံခါးချပ်နှစ်ခုပွင့်သွားပြီး မြေအောက်ကိုဆင်းသည့် လှေကားတစ်ခုကို တွေ့လိုက်ရသည်။

"ဆင်းကြမယ်ဟေ့. . ."

(၄)ယောက်လုံး လှေကားထစ်အတိုင်းဆင်းပြီး. . .အောက်သို့ရောက်တော့ ခန်းမကြီးတစ်ခုကို တွေ့လိုက်ရသည်။

"ဟိုမှာ သေွးကွက်တွေနဲ့. . .ကြိုးကတန်းလန်းပါလား"

"ဟုတ်ပြီ. . .ဒါစိန်ဘွားကိုဖမ်းထားတဲ့ နေရာပဲဖြစ်မယ်. . ."

"ရှပ်. . .ရှပ်. . .ရှပ်"

"ခြေသံကြားတယ်"

အသီးသီး လုံခြုံတဲ့နေရာဆီမှာ ပုန်းနေလိုက်သည်





အခန်းထဲသို့ဝင်လာသူမှာ ရှောင်ကျိဝှနှင့်တပည့်(၂)ယောက်. .

"မင်းတို့အသုံးမကျဘူး. . .ဒီ(၃)ကောင်တောင် ဘာမှမလုပ်လိုက်နိုင်ဘူး"

"ကျွန်တော်တို့လည်း ကြိုးစားတာပဲ. . .ဒီကောင်တွေက အရမ်းကိုလျင်တာ"

"တော်ကွာ. . ."

"ဟို မြန်မာနစ်ကောင်က ပိုပြီးသွက်တယ်. . ."

"မင်းတို့ ပါးစပ်တွေ ပိတ်ထားစမ်း. . .ထပ်မကြားချင်ဘူး။ နောက်(၃)ရက်အတွင်းမှာ မင်းတို့မရှင်းနိုင်ရင် မင်းတို့ကိုငါရှင်းမယ်"

"စိတ်ချပါ ဆရာ"

"ဟို စိန်ဘွားကို ထားတဲ့နေရာကိုရော. . .အစောင့်ဘယ်နှစ်ယောက်ထားလဲ. . ."

"အပြည့်ပဲဆရာ. . .ဒီလူဆီက စိန်တုံးကြီးနဲ့ပတ်သက်ပြီးတော့ ပြောတာကြားရပြီ"

"ဘာ. . .သူ. . .သူ ဘာပြောလဲ"

"စိန်တုံးကြီးက. . .မြန်မာဘက်မှာ ထားခဲ့တယ်တဲ့"

"သေချာလား. . ."

"သေချာပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သွားတော့ ငါအနားယူဦးမယ်. . ."

"ဟုတ်ကဲ့"

ရှောင်ကျိုဝှ၏ တပည့်(၂)ယောက်ထွက်သွားပြီးနောက် နေရှိင်းတို့ ရှောင်ကျိုဝှအခန်းထဲသို့ ဝင်လိုက်ပြီး. . .

"ဟင်. . .မင်း. . .မင်းတို့"

"ဒီတစ်ခါတော့. . .ခင်ဗျားအလှည့်ပဲ ရှောင်ကျိုဝှ"

"မင်းတို့. . .ငါ့ကို ဘာလုပ်မလို့လဲ"

"ဘာလုပ်မယ်ဆိုတာကို ခုမပြောသေးဘူး. . .အေးအေး ဆေးဆေးမှပြောကြတာပေါ့ ရှောင်ကျိုဝှ. . .အေးအေးဆေးဆေး လိုက်ခဲ့ပေတော့"

ကျန်ကျိ သေနတ်နှင့်တော့ကာ ခေါ်ဆောင်လာသည်။

"ဘယ်လမ်းက ပြန်ပြီးထွက်မလဲ"

"ဘုန်းကြီးကျောင်း အပေါက်ဘက်ကနေပြန်ထွက်မယ်"

နေရှိင်းတို့ အပြင်သို့ရောက်သည်နှင့်. . .

"ဟင်. . ."

မီးရှောင်များစွာနှင့် သူတို့ကိုဝိုင်းထားလေသည်။

"ရှောင်ကျိုဝှ . . .မင်းလူတွေက မင်းအသက်ကိုဂ မစိုက်ဘူးဆိုတဲ့သဘောလား. . ."

"ဟော့ကောင်တွေ နောက်ဆုတ်စမ်း"





"ကျန်ကျိ. . .မင်တို့သူ့ကို ခေါ်ခဲ့တော့ ငါကားသွားယူ လိုက်ဦးမယ်"

"အေး. . ."

ဆီလျှော အပြေးကလေးထွက်သွားသည်။ ရှောင်ကျိုဝှ၏ လူတွေက သူတို့ဆရာကိုထိမှာစိုးသဖြင့် မပစ်ရဲဘဲ. . . ဝိုင်းရံ၍သာလိုက်လာသည်။

"ခင်ဗျား လူတွေကိုလမ်းဖယ်ခိုင်းလိုက်"

"ဖယ်ပေးလိုက်ကြ. . ."

"နေရှိင်း. . .သတိနဲ့ထွက်မယ်နော်"

"စိတ်ချ. . ."

"ပေါ်တီ. . .ပေါ်တီ"

"ဟာ. . ."

ရဲတပ်ဖွဲ့ဝင်ကားသံတွေပါ ကြားလိုက်ရသည်။ ကျန်ကျိ တို့ အနေနှင့် ရှောင်ကျိုဝှကို ဘာသက်သေမှမရှိဘဲ ဖမ်းဆီး၍ မရသောကြောင့် ရဲတပ်ဖွဲ့လက်ထဲကိုထည့်၍ မဖြစ်သေးပေ။

"ဝူး. . .ဖြောင်း"

ကားတစ်စီး ဘုံကျောင်းထဲသို့အတင်း မောင်းဝင်လာ ပြီးနောက်. . .

"ကဲ. . .တက်ကြတော့"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့ ရှောင်ကျိုဝှက်ကိုပါ ဆွဲတင်လိုက်ရသည်။

"ဆီလျှော...မင်းကားအစွမ်းနဲ့ လစ်ရမှာ"

"စိတ်ချပြီးနေပေ့...ဒီမှာကြည့်"

"ဂူး..."

"ဟာ..."

ကားနောက်မှမီးခိုးတွေက ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းထွက်သွားပြီး၊ နောက်မှလူတွေ ဘာမှမမြင်ရ တော့ပေ...

"မောင်းပြီပေ့...လိုက်ခဲ့ပေတော့"

"ဂူး..."

ဆီလျှော တီထွင်ထားသောကားမှာ ပြိုင်ကားတစ်စီးလို ပင် နောက်မှလူတွေ ဘယ်လိုမှ...မျက်ခြည်မခံနိုင်လောက် အောင် ပျောက်ကွယ်သွားတော့သည်။

"ဘယ်လိုလဲ...ယုံပြီလား"

"ယုံပြီ...ဆီလျှော"

"ဒီလူကိုဘယ်ကို ခေါ်သွားမလဲ"

"မင်း အိမ်ကိုပဲခေါ်သွားရမှာ ဟိုရောက်မှငါတို့သိချင် တာကို မေးရမှာပဲ..."

"ခေါင်းမာနေရင်ရော..."





"ခုချိန်မှာ ငါတို့ကသိပ်ပြီးထူးတော့တာမှမဟုတ်တာ အပြတ်ရှင်းလိုက်ရုံပေါ့"

"ကျန်ကျို..."

"ဘာလဲ...ဆီလျှော"

"ဒါဆိုရင် ငါ့လက်ကို အပ်စမ်းပါကွာ...ငါ့ချစ်သူ အတွက် ဒင်းကိုကောင်းကောင်း ဆုံးမချင်လို့"

သူတို့စကားတွေကြောင့်...ရှောင်ကျိုဝှက်တစ်ယောက် သွေးပျက်နေလေသည်။

"မင်း...မင်းတို့ဘာသိချင်လဲ"

"ဦးစိန်ဘွား...ဘယ်မှာလဲ"

"မ...မသိဘူး"

"ခင်ဗျား မသိဘူးဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ခင်ဗျားဟာ ဦးစိန်ဘွားကို အဓိကတာဝန်ယူထားရသူဆိုတာ သိပြီးပြီ"

"တကယ်...မသိတာပါ"

"ကျန်ကျို စကားတွေကို အရှည်ကြီးမေးမနေနဲ့တော့ ကွာ...မသိရင် မသိသလိုရှင်းပစ်လိုက်၊ သူတို့တောင်ရက် ရက်စက်စက်သတ်ပစ်သေးတာပဲ...ငါတို့ကလည်း သူတို့လို ရက်စက်တတ်တယ်ဆိုတာ ပြရတာပေါ့...မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့...ဟား...ဟား...ဟား"

"မင်း...မင်းတို့ ငါ့ကိုမသတ်ဘူးဆိုရင် ငါစိန်ဘွား ရှိတဲ့နေရာကို ပြ ပြမယ်"

"ဒါဆိုရင်..ခင်ဗျား အသက်မတိုတော့ဘူးပေါ့"

## ဇာတ်သိမ်းခန်း

တောင်တန်းကြီး၏ အမြင့်ဆုံးတောင်ဟု ခေါ်ရမည့် တောင်ပေါ်တွင် ရှေးဟောင်းအိမ်ကြီးတစ်လုံးကို လှမ်းမြင်တွေ့ နေရသည်။ ထိုတောင်ကြီးပေါ်သို့တက်သောလမ်းကို ကျွန်ရာ လမ်းဖောက်လုပ်ထားသည်။

"နေရိုင်းရေ ကားလမ်းအတိုင်းသွားလို့ကတော့ မဖြစ် ဘူး...လမ်းမှာဂိတ်တွေက (၃)ခုတောင်ရှိနေတယ်"

"ဒီနယ်မြေနဲ့ ပတ်သက်ပြီး...ကျုပ်တို့ကမကျွမ်းကျင် ဘူး..."

"ဆီလျော့...မင်းကိုပဲအားကိုးရတော့မှာပဲကွာ"

"ဘာမှမပူနဲ့ ဒီနယ်မြေက ငါကျောင်းသားဘဝကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်လည်ခဲ့တဲ့နေရာပဲ၊ အရင် ဒီရှေးဟောင်းအိမ်ကြီးကို ပိုင်ဆိုင်တာ တစ်ယောက်ကွ . . .ခု ဘယ်သူဆက်ပြီးဝယ်ခဲ့သလဲ မသိဘူး၊ အရင်က ဒီလောက်လမ်းတွေက မကောင်းဘူး"

"ငါ့အထင်တော့ ရာလောလျှံမာဝယ်ပြီး၊ ရွှေရောင်ပန်း အဖွဲ့ကြီးရဲ့စခန်းလုပ်ထားတာဖြစ်မယ်"

"သေချာတယ်. . .အချိန်ရှိတုန်းသွားကြမယ်၊ ဒီနောက် ဘက်မှာ ကျောက်ချဥ်ထွက်တဲ့ ကျောက်လမ်းတစ်ခုရှိတယ်. . ဒီကနေ (၂)နာရီလောက်သွားရင် . . .တောင်ကြီးရဲ့တစ်ဝက် ကိုရောက်ပြီကွ၊ ဒီကနေပြီး ဆက်တက်ရမှာပဲ"

ဆီလျှော ရှေ့မှဦးဆောင်ပြီး၊ ကျောက်ချဥ်ကျောက် လမ်းအတိုင်း လာခဲ့ကြတော့သည်။

"နေရှိင်းရေ. . .ဒီပွဲကအပြီးသတ်ပြီလို့ထင်ရတာပဲကွ

"ငါတို့ကို ရဲချုပ်ကြီးပေးထားတဲ့ ရက်ပေါင်း(၃၀) နောက်ဆုံးနေ့ကို တိုက်တိုက်ဆိုင်ဆိုင်ရောက်ခဲ့ပြီ ကျန်ကျိ"

"ဝမ်းသာစရာတစ်ခုရှိသေးတယ် . . ."

"ဘာလဲ . . .ကျန်ကျိ"

"ဗဟိုထောက်လှမ်းရေးဌာနချုပ်ကနေ ရွှေရော ပန်းအ နဲ့ပတ်သက်ပြီး. . .အထူးစစ်ဆင်ရေးတစ်ရပ်ဖွဲ့ပြီး စပြီလေ"

"ဒါဆို . . .ခင်ဗျားအတွက် လုပ်ပိုင်ခွင့်အများကြီ





သွားပြီပေါ့"

"သိပ်ဟုတ်တာပေါ့ဗျာ. . .ခု ကျုပ်တို့ဖမ်းဆီးပေးထားတဲ့ ရွှေရောင်ပန်းအဖွဲ့ဝင်တွေနဲ့ ခေါင်းဆောင်တွေကို ဗဟိုထောက်လှမ်းရေးတာဝန်ရှိသူတွေလက်ထဲ ရောက်သွားပြီလေ၊ ရဲမှူးနဲ့စကားများစရာ မရှိတော့ပါဘူး"

"ခု ကိစ္စရော. . .ဘယ်လိုစီစဉ်ခဲ့လဲ"

"သူတို့ မကြာခင်ရောက်လာကြမှာပါ"

ခရီးမနားဘဲ လာခဲ့ကြရင်း. . .တောင်ကြီး၏တစ်ဝက် ကိုရောက်သည့်နေရာသို့ ရောက်ခဲ့ကြသည်။

"ဆီလျှော. . ."

"ဟိုမှာ တွေ့လား. . .လေယာဉ်ထစ်ဖွေ အဲဒါတောင် ပေါ်ကိုတက်တဲ့ ကြောင်လိမ်လေယာဉ်တွေပဲ. . ."

"ဒီအတိုင်း တက်လို့ဖြစ်ပါ့မလား. . ."

"သူတို့ ဘယ်လိုမှထင်ထားမှာမဟုတ်ဘူး. . .ပြီးတော့ ဒီလမ်းကြောင်းကို ဘယ်သူမှလာရဲမှာမဟုတ်ဘူးလို့ သတ်မှတ်ထားမှာ"

"ဘာလို့လဲ. . ."

"ဒီကျောက်လေယာဉ်ထစ်တွေက ဆွေးနေပြီလို့ ထင်နေကြတာ"

www.burmeseclassic.com



"မဆွေးဘူးလား..."

"ဘယ်လိုလုပ်ပြီး ဆွေးမှာလဲကျွန်ကျိုရယ်...ကျောက်ဖြူ ကျောက်တုံးတွေက အပေါ်ယံနင်းရင် အခွံလောက်သာ ကွာတ်သွားပြီး ဘာမှမဖြစ်ဘူး...ဒါကို သူတို့က ဆွေးနေပြီလို့ထင်နေတာ...ဒီမှာကြည့်"

ဆီလျှော ခြေဖြင့်နင်းပြလိုက်သည်။

"တွေ့တယ်မဟုတ်လား...ရဲရဲသာနင်းပြီးတက် ဘာမှမဖြစ်ဘူး"

ဆီလျှော ရှေ့မှတက်ခဲ့သလို...နောက်မှလိုက်ပြီး တက်ခဲ့ကြရင်း...အိမ်ကြီး၏နောက်ဘက်ခြမ်းသို့ ရောက်ခဲ့လေသည်။

"ဟိုမှာ...ရဟတ်ယာဉ်တစ်စီး"

"ရှာလောလျှံမာရဲ့ ကိုယ်ပိုင်ရဟတ်ယာဉ်ဖြစ်မယ်"

အရိပ်အခြည်ကိုကြည့်ပြီး...ခြံဝန်းကြီးထဲသို့ဝင်လိုက်သည်နှင့်...

"ဝေါင်း...ဝေါင်း..."

"နေရိုင်း...ရှေ့မှာ"

ကြောက်စရာကောင်းလှသော ခွေးနက်ကြီးနှစ်ကောင် ပြေးပြီးဝင်လာသောကြောင့်...





"ဒိုင်း...ဒိုင်း...ဒိုင်း"

နေရိုင်းတို့၏သေနတ်သံတွေက ဆူညံပွက်လောရိုက်သွားပြီး ပြေးလာသောခွေးနက်ကြီး(၂)ကောင်မှာ သေနတ်ထိမှန်လဲကျသွားသည်။

"ပစ်ကြစမ်း..."

"ဒက်...ဒက်...ဒိုင်း...ဒိုင်း...ဒိုင်း"

သေနတ်ကျည်တွေက မိုးရွာကျသလိုနေရိုင်းတို့ဆီကို ရောက်ရှိလာလေသည်။

အမိန့်ပေးနေသူက ရှာလောလျှံမာ...ရုပ်ရည်နှင့်မမျှအောင် ကြောက်မက်ဖွယ်ကောင်းသော သူမ၏အမိန့်သံနှင့်အတူ သေနတ်ကျည်ဆံတွေက ပျံ့ဝဲလျက်...

"နေရိုင်းရေ...ဒီအတိုင်းဆိုမလွယ်လှဘူး"

"ဟုတ်တယ်...ဘယ်လိုမှ ခေါင်းဖော်လို့တောင် မရဘူး..."

"သေချင်တဲ့မသာတွေ အကုန်လုံးသတ်မယ်..."

သူမ ကြိမ်းဝါးသံကြီးက ထွက်ပေါ်လျက်...

"ဟိုလူကိုခေါ်ခဲ့...ဒင်းကြောင့် ငါ့စခန်းကို သိသွားတာ သူ့ပါရှင်းပစ်မယ်"

"မ...မ...လုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဆီက စိန်တုံးကြီး ရှင်ကိုယ်တိုင်သွားပြီးယူဖို့ ပြင်တော့...ပစ်ထားကြစမ်း"

ရှာလောလျှံမှာ . . .ဦးစိန်ဘွားကို သေနတ်သမား(၂)ယောက်နှင့် ခေါ်ထုတ်ပြီးအပြင်သို့ ထွက်သွားကြသည်။ သူတို့သွားသောနေရာမှာ ရဟတ်ယာဉ်ကြီးဆီ . . .

နေရိုင်း...ကျည်ဆံတွေကြားမှာ စွန့်စားရတော့သည်။

"နေရိုင်း..."

"ဒိုင်း...ချွင်"

BURMESE CLASSIC .com

ကျည်ဆံတွေကြားမှာ ပွတ်ကာသီကာလေး နေရိုင်းပြေးသွားတော့ ရဟတ်ယာဉ်နှင့်အနီးဆုံးနေရာတွင် . . . ရှာလောလျှံမာ၏ ပစ်ခတ်ခြင်းကို ခံရပြန်သည်။

"ဒတ်...ဒတ်...ဒတ်"

"ဂူး..."

သက်ဆိုင်ရာ ရဲတပ်ဖွဲ့ပိုင် ရဟတ်ယာဉ်တွေနှင့် ရဲကားတွေက တောင်ပေါ်လမ်းဆီသို့ မောင်းဝင်လာနေလေပြီ . . .

"မြန်မြန်ခေါ်ခဲ့..."

ဦးစိန်ဘွားကို ရဟတ်ယာဉ်ပေါ်အတင်းဆွဲတင်ချိန်တွင် နေရိုင်းသေနတ်နှင့် လှမ်းပြီးပစ်လိုက်ပေမယ့် ထိရောက်မှုမရှိ။

"ဟာ..."





ရဟတ်ယာဉ်ကြီးမှာ ပျံသန်းဖို့အတွက် ပန်ကာဒလက်များ စတင်ပြီးလည်နေပြီဖြစ်သည်။ နေရိုင်းအနားသို့ ကပ်၍မရနိုင်အောင် ရဟတ်ယဉ်ပေါ်မှပစ်ခတ်နေသည်။

"ဟင်..."

နေရိုင်း သေနတ်မှန်ပြီးသေဆုံးနေသော ရွှေရောင်ပန်းအဖွဲ့ဝင်တစ်ယောက်၏ လောင်ချာကိုကောက်ယူလိုက်ပြီး ရဟတ်ယာဉ်ကြီး၏ အမြီးပိုင်းကို ချိန်ရွယ်ပြီးပစ်ချလိုက်သည်။

"ဗို...ဝုန်း"

ရဟတ်ယာဉ်ကြီးမှာ တစ်ဖက်သို့တိမ်းစောင်းသွားပြီး မီးများလောင်ကျွမ်းနေလေပြီ...နေရိုင်းသတိနှင့် ရဟတ်ယာဉ်ကြီးနားသို့ကပ်သွားပြီး ကြည့်လိုက်သည်။ ရှာလောလျှံမာမှာ ရဟတ်ယာဉ်ကြီးတစ်ဖက်တွင် ပြုတ်ကျပြီး ပိနေသည် . . . ဦးစိန်ဘွားကတော့ သတိမေ့လျက်၊ ကျန်သည့်လူတွေလည်း ဒဏ်ရာကိုယ်စီနှင့် ရဟတ်ယာဉ်ကြီးထဲက ထွက်၍မရကြပေ။ အရင်ဆုံးဦးစိန်ဘွားကို အပြင်သို့ဆွဲထုတ်ပြီး၊ ရဟတ်ယာဉ်ကြီးနှင့် ခပ်ဝေးဝေးတွင်ထားကာ . . .ကျန်သည့်လူများကို ကယ်ချင်ပေမယ့်၊ အဓိကကျသော ရှာလောလျှံမာကလွဲပြီး . . . ကျန်သည့်လူများကို နေရိုင်း . . .ရဟတ်ယာဉ်ကြီးထဲမှ ဆွဲထုတ်ခွင့်မရလိုက်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း..."

ရဟတ်ယာဉ်ကြီးမှာ ပေါက်ကွဲသွားပြီဖြစ်သည်။ တောင်ပေါ်က အိမ်ကြီးတစ်အိမ်လုံးကို သက်ဆိုင်ရာအဖွဲ့တွေမှ သိမ်းပိုက်လိုက်ပြီဖြစ်သည်။

"ချောက်...ချောက်..."

နေရိုင်းမှာ ဦးစိန်ဘွားနှင့်အတူ ရှာလောလျှံမာကို တွဲပြီး လက်ထိတ်ခတ်လိုက်သည်။

"လေးစားပါတယ် ..ဗိုလ်ကြီးဇင်သော်နဲ့ဆရာနေရိုင်း"

"လေးစားပါတယ်..."

ထောက်လှမ်းရေးအရာရှိကြီးမှ နေရိုင်းတို့နှစ်ဦးကို လက်ဆွဲနှုတ်ဆက်လေသည်။

"ခုလို ကျုပ်တို့နယ်ဘက်မှာ စွန့်စွန့်စားစားနဲ့တရားခံကိုလာပြီးဖမ်းခဲ့တဲ့ ခင်ဗျားတို့(၂)ယောက်ရဲ့သတ္တိတွေကို မချီးကျူးဘဲ..မနေနိုင်ပါဘူး"

"ကျုပ်တို့တင်မဟုတ်ပါဘူး...ဟောဒီက ရဲအရာရှိကျန်ကျိုနဲ့ ရဲအရာရှိဟောင်း ဆီလျှောတို့ရဲ့ ကြိုးစားမှုတွေလည်းပါ, ပါတယ်"

"သူတို့အတွက် နိုင်ငံတော်က ထိုက်သင့်တဲ့ဂုဏ်ထူးဆောင်ဘွဲ့တွေပေးမှာပါ . . .ရွှေရောင်ပန်းအဖွဲ့ကြီးကို ခုလို





ဖော်ထုတ်ပေးနိုင်ခြင်းဟာ အရမ်းကိုတန်ဖိုးကြီးတဲ့ ကိစ္စပါပဲ၊ ခုဆို ဝူတာန်ပြည်နယ်တင်မကဘူး...တရုပ်ပြည်မကြီးနဲ့ နယ်စပ်တွေမှာရှိတဲ့ ရွှေရောင်ပန်းအဖွဲ့သားတွေနဲ့ ခေါင်းဆောင်တွေကို ဖမ်းဆီးနိုင်ခဲ့ပါပြီ...ဦးစိန်ဘွားကိုလည်း ခင်ဗျားတို့ဆီကို လွှဲပြောင်းပေးဖို့ အမြန်ဆုံးစီစဉ်မှာပါ . . .ကဲ သွားကြမယ်၊ သူတို့ကို ခေါ်ခဲ့ကြပေ့"

ရှာလောလျှံမာ...နေရိုင်းနားသို့ ရောက်လာပြီး...

"ရှင်...သိပ်တော်တဲ့ စုံထောက်တစ်ဦးပါ"

"ကျေးဇူးတင်ပါတယ်...ရှာလောလျှံမာ မင်းဟာလည်း တကယ်ကြောက်ဖို့ကောင်းတဲ့ ပဉ္စလက်ပန်းတစ်ပွင့်ပါ..."

"တကယ်လို့များ...ကျွန်မ အပြစ်ဒဏ်တွေကင်းစင်တဲ့တစ်နေ့ ရှင်တို့မြန်မာပြည်ကို လာခဲ့ပါဦးမယ်...အဲဒီအခါ ရှင့်ကိုတွေ့ချင်ပါသေးတယ်"

"မြန်မာပြည်မှာ ကျုပ်ရှိနေမှာပါ..."

ရှာလောလျှံမာနှင့် ဦးစိန်ဘွားကို ရဟတ်ယာဉ်တစ်စီးပေါ်သို့တင်ပေးလိုက်ပြီး...နေရိုင်းနှင့် ဗိုလ်ကြီးဇင်သော်တို့က ရဟတ်ယာဉ်တစ်စီးဖြင့် လိုက်ပါလာခဲ့တော့သည်။

"နေရိုင်း..."

"အမိန့်ရှိပါ ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး...ခုမှ သက်ပြင်းချနိုင်တော့တယ်"

"သက်ပြင်းမချနဲ့ဦး ဗိုလ်ကြီး...ပွဲကမပြီးသေးဘူး"

"ဟင်...ဘာကျန်သေးလို့လဲ"

"စိန်တုံးကြီးကို သွားပြီးသယ်ရဦးမယ်လေ..."

"ဒီစိန်တုံးကြီးနဲ့ စခဲ့တဲ့ဇာတ်လမ်း...စိန်တုံးကြီးနဲ့ပဲ အဆုံးသတ်ရတော့မှာပေါ့ကွာ...ဟား...ဟား...ဟား"

ရယ်မောသံလေးတွေက ဝေဟင်ထက်မှာ လွင့်ပျံ့လျှက်...။

နိုင်းမဟာ

ပရိသတ်အားပေးမှုကို အစဉ်လေးစားလျက်



BURMESE CLASSIC .com

www.burmeseclassic.com